ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်


* စာတည်းအဖွဲ့အစီရင်ခံစာ ......... ......... ၁
* ထုတ်ပြန်ချက်များ/သဝဏ်လွှာများ ......... ......... ၂
* ပြည်သူ့အင်အားစည်းရုံးရေးကို ဘယ်လိုလုပ်ကြမလဲ ......... ......... ၉
* ရှစ်လေးလုံးစိတ်ဓာတ်အငွေ့ရှည်ပါစေ ......... ......... ၁၅
* ကဗျာဆရာမ မာယာအင်ဂျလို ......... ......... ၁၆
* လူသန်းချီတဲ့ ချီတက်ပွဲ ......... ......... ၁၇
* နာဂစ်လွန်နိုင်ငံရေး ......... ......... ၁၉
* ညို့မှိုင်းတောင်တန်းများမှသည် ......... ......... ၂၂
* ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ်တယ် ......... ......... ၃၃
* စစ်အုပ်စုသံသရာ ......... ......... ၃၆
* သတင်းနဲ့မှတ်ချက် ......... ......... ၃၉
* ပြည်တွင်းသတင်းသုံးသပ်ချက် ......... ......... ၄၄



အမှတ် ( ၃၀)

ဩဂုတ်၊ ၂၀၀၈ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

အမှတ် ( ၃၀)

ဩဂုတ်၊ ၂၀၀၈ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်

# စာတည်းအဖွဲ့အစီရင်ခံစာ

အမှတ် (၃၀) ဩဂုတ်၊ ၂၀၀၈

(၁) ဒီတပတ်မှာ ပြည်တွင်းရေးကိုပဲ ဦးစားပေးထားပါတယ်။ နိုင်ငံတကာ့ရေးရာတွေကို ရေးနေရင် မတူတာတွေကို ရေးရတော့မယ်။ ရေးရင် ထိမိ၊ ခတ်မိ၊ ပွတ်မိ၊ ရှမိ ဖြစ်တော့မယ်။ ဒါကြောင့် တမင်ရှောင်ထားပါတယ်။ NLD နဲ့ စစ်အာဏာရှင်စနစ်တို့ရဲ့ နောက်ဆုံးတိုက်ပွဲ၊ (၁၉၈၈) က စခဲ့တဲ့ လူထုနဲ့ စစ်အုပ်စုတို့ရဲ့ အဆုံးအဖြတ်တိုက်ပွဲ တိုက်ရတော့မယ့်အချိန်မှာ စည်းလုံးညီညွတ်နိုင်သမျှ အင်အားစု အားလုံးနဲ့ ညီညွတ်ချင်လို့ ဖြစ်ပါတယ်။ အချင်းချင်းငြင်းနေခုံနေကြရမယ့်အချိန် မဟုတ်ပါဘူး။ တိုက်ပွဲဝင်ဖို့ အသင့်ပြင်ရမယ့်အချိန် ဖြစ်လို့ပါပဲ။

(၂) ကန့်ကွက်မဲပေးကြဖို့ မိမိတို့ လုပ်ခဲ့ကြပါတယ်။ နအဖ က ညစ်နည်းပေါင်းစုံသုံးပြီး အတည်ဖြစ်အောင် လုပ်သွားပါတယ်။ နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ နအဖ ရဲ့ ညစ်ပတ်မှုကို ဖွင့်ချလိုက်နိုင်ပါတယ်။ အဲဒါဟာ အမြတ်ပါ။ အဲဒီအမြတ်ကို တိုးချဲ့ကြဖို့ "ပြည်သူ့အင်အား (People Power) စည်းရုံးရေး" အဆိုပြုချက်ကို တင်ပြထားပါတယ်။ ဘယ်လိုလုပ်ကြမလဲဆိုတာကိုလည်း တင်ပြထားပါတယ်။ ပိုပြီးပြည့်စုံသွားအောင် ဝိုင်းဝန်းကြံဆကြစေချင်ပါတယ်။ စာနဲ့ 'အတွင်းပိုင်းညှိနှိုင်းကြရင်' အကျိုးရှိမှာပါ။ စာနဲ့ပဲ ပြန်လည်ဆွေးနွေးပါမယ်။

(၃) လက်နက်ကိုင်မြေအောက်တပ်ဖွဲ့ (A U/G) ကိစ္စဟာ ဗကပ ရဲ့ ကြံဆချက် ဖြစ်ပါတယ်။ 'ကြံဆချက်' နဲ့ ပတ်သက်ပြီး ရှင်းလင်းအောင် ဆောင်းပါးသတ်သတ်ရေးပြီး တင်ပြပါတယ်။ သဘောတူသူရှိသလို မတူသူလည်း ရှိမှာပါ။ ဒီကိစ္စကိုတော့ 'မတူတာခွဲလုပ်' ဖို့ဆိုတဲ့ (မူ) အရပဲ လုပ်ရမယ်လို့ ထင်ပါတယ်။ မရှင်းလို့ ထပ်မေးရင် ရှင်းလင်းပါမယ်။ အားလုံးတူရမယ်လို့ သဘောမထားပါ။

(၄) ၁၉၈၈ – ၁၉၉၀ ကာလများတုန်းက မိမိတို့မှာ အဖွဲ့အစည်း မများပါ။ 'ရရင်ရ မရရင်ချ' အတွေးအခေါ်ပေါ်မှာ ညီညွတ်ခဲ့ကြပါတယ်။ အခု အဲဒီလို မဟုတ်တော့ပါ။ အဖွဲ့အစည်းများသလို အတွေးအခေါ်လည်း များပါတယ်။ အတွေးအခေါ်ကိစ္စမှာ ပြတ်ပြတ်သားသားရှိကြဖို့ လိုအပ်လို့ ပြတ်သားထင်ရှားအောင် ရေးပါတယ်။ အခုကာလဟာ 'အရှုံးပေးရေးဝါဒ' ကို ဆန့်ကျင်ရမယ့် ကာလလို့ သတ်မှတ်ပါတယ်။ စစ်နဲ့တော်လှန်ရေးကို ဖြတ်သန်းခဲ့ကြရတဲ့ (ဝါရင့်ကြီးများ) ရဲ့ ကောင်းမွေမှန်သမျှကို ဆက်ခံပြီး မျိုးဆက်သစ်များက ချီတက်ကြရမှာ ဖြစ်ပါတယ်။ အိုမင်းမစွမ်းဖြစ်နေကြသူများကို ကြံ့ခိုင်တဲ့ ရပ်တည်ချက်အမွေပေးခဲ့ကြလို့ ဂုဏ်ပြုလေးစားပါတယ်။ မျိုးဆက်သစ်တွေရဲ့ခေတ်မှာ အောင်ပွဲရအောင် ချီတက်ကြဖို့ သန္နိဋ္ဌာန်ပြင်းပြပါတယ်။ ဝိုင်းဝန်းလုပ်ကြရင် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ အခြေအနေနဲ့ အချက်အလက်တွေက ကိုယ့်ဘက်မှာ ရှိနေပါတယ်။ စစ်အာဏာရှင်စနစ် မုချကျဆုံးရမယ်။

## ဖွတ်မြီးနဲ့ဖွတ်ကို ချည်ကြဖို့
## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်
## အမှတ် (၁/၂၀၀၈)
## (၂၈ – ၂ – ၂၀၀၈)

(၁) "ဆန္ဒခံယူပွဲ" ကို သန်းရွှေစစ်အုပ်စုက မတတ်သာလို့ လုပ်ရတာ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်မလွှတ်ပါစေနဲ့။ စစ်အာဏာရှင်စနစ်သက်တမ်း (၄၆) နှစ်မှာ ဒီအခွင့်အရေးမျိုး (၂) ခါပဲ ရခဲ့တာ ဖြစ်ပါတယ်။ ပထမတခါတုန်းက နေဝင်းစစ်အုပ်စုကို ကျွန်တော်တို့ အလဲထိုးနိုင်တဲ့အခြေအနေ မရှိခဲ့ဘူး။ အခု သန်းရွှေစစ်အုပ်စုကို အလဲထိုးနိုင်တဲ့ အခြေအနေ ရှိနေပါပြီ။

(၂) နအဖ လုပ်နေပုံတွေ မတရားပါဘူး။ အတိုက်အခံတွေကို ဖမ်းထားတယ်။ '၅/၉၆ တင်းဘုတ်' နဲ့ ထုဖို့ ပြင်နေတယ်။ ပြည်တွင်းပြည်ပက ဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာခွင့် မရှိဘူး။ 'ဆန္ဒခံယူပွဲ' လုပ်မယ့်ရက် မကြေညာဘဲထားပြီး သူတို့ တကောင်တည်း ပြေးနေတယ်။ လူထုကို ချည်ပြီးတုပ်ပြီး ပါးစပ်ပိတ် နားပိတ်ပြီး အနိုင်ယူဖို့ လုပ်နေတယ်။

ဒါပေမဲ့ 'ဖွတ်ကို ဖွတ်မြီးနဲ့ ချည်တဲ့နည်း' ကျွန်တော်တို့ လူထုကြီးက လုပ်ရပါမယ်။

သူ့ဥပဒေမှာက 'ဆန္ဒခံယူပွဲ' ပျက်ပြားအောင်လုပ်ရင် ထောင် (၃) နှစ် ချမယ်ပဲ ပြောဝံ့တယ်။ 'ကန့်ကွက်မဲ' ပေးရင် အရေးယူမယ်လို့ မပြောဝံ့ဘူး။

ဒါကြောင့် – မဲရုံကိုသွား ကန့်ကွက်မဲပေးကြ။

– DASSK လွှတ်စေချင်သလား၊ မင်းကိုနိုင်လွှတ်စေချင်သလား၊ မဲရုံကိုသွားကန့်ကွက်မဲပေးကြ။
– ၁၉၉၀ လွှတ်တော်ခေါ်စေချင်သလား။
NLD အမတ်တွေ လွှတ်စေချင်သလား။
ပြည်ပရောက်တွေ ရင်ကော့ ပြန်လာစေချင်သလား။
မဲရုံကိုသွားကြ။ ကန့်ကွက်မဲပေးကြ။

# ကိုယ်ကြမ္မာကိုယ်ဖန်တီးဖို့ ကန့်ကွက်မဲပေးကြစို့
# ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက် အမှတ် (၂/၂၀၀၈)
# (၂၆ – ၄ – ၂၀၀၈)

(၁) NLD ၏ "အထူးကြေညာချက်အမှတ် ၇/၀၄/၀၈" ကို ကျွန်တော်တို့ ပြတ်ပြတ်သားသားထောက်ခံပါတယ်။ အချိန်မှီတယ် လို့လည်း ယူဆပါတယ်။

(၂) 'အခြေခံဥပဒေ မရှိတာထက် ရှိတာက ကောင်းတယ်' လို့ စစ်အစိုးရကရော၊ သူ့နောက်လိုက်နောက်ပါများကပါ ပြောဟော ရေးသားနေကြတာ တွေ့ရပါတယ်။ ဒါဟာ သူတို့ရေးဆွဲထားတဲ့ 'အခြေခံဥပဒေ' မှာ ချို့ယွင်း အားနည်းချက်တွေ အများကြီး ရှိနေကြောင်းကို တဖက်လှည့်နဲ့ ဝန်ခံနေတာ ဖြစ်ပါတယ်။ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' မှာ ပြည်သူလူထုက ကန့်ကွက်မဲတွေပေးပြီး ပယ်ချမှာကို အစိုးရိမ်ကြီး စိုးရိမ်နေကြောင်းကိုလည်း ပြသတာ ဖြစ်ပါတယ်။

သူတို့ရေးဆွဲထားတဲ့ 'အခြေခံဥပဒေ' မှာဖြင့်ရင် ဘယ်အချက်တွေ ဘယ်အချက်တွေကတော့ ကောင်းကွက်တွေရှိပါတယ် ဆိုတာကို ရှင်းမပြနိုင်ဘဲ 'မရှိတာထက် ရှိတာက ကောင်းတယ်' လို့သာ ပြောနေရတာ ဖြစ်ပါတယ်။

အဲဒီလောဂျစ် (ယုတ္တိဗေဒ) မှားပါတယ်။ 'ဆေးမသောက်ဘဲနေတာထက် ဆေးသောက်တာ ကောင်းတယ်' ဆိုပြီး အဆိပ်ဆေးကို ဇွတ်တိုက်နေတဲ့လောဂျစ်ပဲ ဖြစ်ပါတယ်။

(၃) ပြည်သူလူထုမှာ အားလုံးထောက်ခံနိုင်တဲ့ 'အခြေခံဥပဒေ' ရှိပါတယ်။ အဲဒါက '၁၉၄၇ အခြေခံဥပဒေ' ဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေးအခြေခံနဲ့ ရေးထားတာ ဖြစ်ပါတယ်။ ခေတ်နဲ့အညီပြုပြင် (update) လုပ်ဖို့ပဲ လိုကောင်းလိုပါလိမ့်မယ်။

# ကပ်ဘေးကိုကျော်လွှန်ဖို့ ကန့်ကွက်မဲပေးကြစို့
# ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက် အမှတ် (၃/၂၀၀၈)
# (၁၀ – ၅ – ၂၀၀၈)

(၁) ပထမဆုံးအနေနဲ့ နာဂစ်မုန်တိုင်းဒဏ်ခံပြည်သူများနည်းတူ ဗမာပြည်ကွန်မြူနစ်ပါတီက လိုက်လှဲဝမ်းနည်းရပါကြောင်း ဖော်ပြလိုတယ်။

(၂) ဒီအချိန်ဟာ တမျိုးသားလုံးအတွက် အမင်္ဂလာအချိန် အမင်္ဂလာကာလ ဖြစ်တယ်။ ကပ်ဘေးဒဏ်သင့် ပြည်သူတွေ ကယ်ဆယ်ကူညီရေးလုပ်ငန်းကို ဦးစားပေးဖောက်ချလုပ်ရမယ့်အချိန်လည်း ဖြစ်တယ်။ ဒါပေမဲ့ ဒါတွေကို လျစ်လျူရှုပြီး ဒီနေ့မှာပဲ နအဖ က သူ့စစ်အာဏာ တရားဝင်ဖြစ်ရေး တခုတည်းကိုသာ ရည်စူးပြီး ဆန္ဒခံယူပွဲ လုပ်လိုက်တယ်။ အနာဂတ်ကာလတခုလုံး အမှောင်ဖုံးအောင် လုပ်လိုက်ခြင်းပါပဲ။ မဲဆန္ဒရှင် ပြည်သူတွေဟာ နည်းမျိုးစုံ အကွက်ချ ညစ်ပတ်တာ ခံနေကြရတယ်။ ဘာပဲဖြစ်ဖြစ် ဘဝနဲ့ရင်းပြီး ပြည်သူတွေ ဆန္ဒမဲပေးနေကြပါပြီ။

(၃) စစ်အစိုးရရှိနေသမျှ ဒုက္ခမျိုးစုံ ဆက်ခံစားနေကြရဦးမယ်ဆိုတာ ပြည်သူတွေ သိကြပါတယ်။

နောက် ၂ ပတ် အကြာမှာ ထပ်ပြီး ကပ်ဘေးသင့်ပြည်သူတွေ မဲပေးကြရပါဦးမယ်။ လူမှုဒုက္ခတွေက ကင်းဝေးဖို့ဆိုရင်တော့ သွန်အောပြီး ကန့်ကွက်မဲပဲ ပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

# “နအဖ အခြေခံဥပဒေ” အတည်ပြုခြင်းနှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက် အမှတ် (၄/၂၀၀၈)
(၃၀ – ၅ – ၂၀၀၈)

နအဖ ဟာ သူတို့ရဲ့ဆန္ဒခံယူပွဲမှာ ထောက်ခံမဲ ၉၂.၄၈ ရတယ်လို့ မရှက်မကြောက်ကြေညာသွားပါပြီ။ ဒီဂဏန်းဟာ သူတို့ဆန္ဒခံယူပွဲလုပ်မယ်လို့ မကြေညာမီကတည်းက ဆုံးဖြတ်သတ်မှတ်ထားပြီးဖြစ်တဲ့ အရေအတွက်ဖြစ်ပါတယ်။ ဒီအရေအတွက်ကို ညစ်လို့တဖုံ၊ ခြိမ်းခြောက်လို့တနည်း၊ အောက်လမ်းနည်းမျိုးပေါင်းစုံနဲ့ သေနတ်ထောက်ကာ အရယူခဲ့တာဖြစ်ပါတယ်။ သူတို့လိုချင်တာကို မြစ်ဝကျွန်းပေါ်က ပေါလောပေါ်နေတဲ့ အလောင်းတွေ၊ တော်ပြတ်နေ၊ ရောဂါဘယတွေကျရောက်နေတဲ့ ဒုက္ခသည်တွေကို စတေးပြီးရယူလိုက်တာ ဖြစ်ပါတယ်။

နအဖ က ဆန္ဒခံယူပွဲကို ကျင်းပတာဟာ ရှေ့ဆက်ပြီး သူတို့လုပ်ချင်တာတွေ လုပ်လို့ရအောင် ကုန်းပေါင်ထိုးလိုက်တာသာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ဟာ မျိုးဆက်အဆက်ဆက် ဆက်ခံကြမယ့် သူတို့အာဏာကို တရားဝင်အတည်ဖြစ်အောင်၊ ခိုင်ခံ့အောင်လုပ်တာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဖို့အတွက် ဒီအဆင့်ကို ကျော်လွှားနိုင်သွားပြီမို့ ကျန်တာတွေကို ဘယ်လောက်တရားမဲ့မဲ့ ဇွတ်ရောအမြဲပါ တွန်းလုပ်ပါတော့မယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျယ်ချုပ်သက်တမ်းကို တနှစ်တိုး လိုက်တာဟာ အထင်ရှားဆုံးသာဓက ဖြစ်ပါတယ်။ ဒါဟာ ဆန္ဒခံယူပွဲအလွန် ဗမာပြည်နိုင်ငံရေးကို ကိုယ်စားပြုမယ့် ပထမဦးဆုံး စံကျတဲ့ ထိပ်တိုက်တိုးမှုဖြစ်ပါတယ်။ နအဖ ဟာ ပြည်သူလူထုနဲ့ နိုင်ငံတကာအာဘော်ပိုင်းကို ထိပ်တိုက်တိုး၊ မိုက်မိုက်ရိုင်းရိုင်း ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်ထားပါပြီ။

ဒီလိုအခြေအနေမှာ ပြည်သူတွေ၊ အတိုက်အခံအင်အားစုတွေအနေနဲ့လည်း ထိထိရောက်ရောက်ပြင်ဆင်ကြရပါတော့မယ်။ ပြင်ဆင်မှုရှိစွာ လုပ်တာနဲ့ ပြင်ဆင်မှုမရှိဘဲ လုပ်တာတို့မှာ ကွာခြားမှုရှိပါတယ်။ ကိုယ့်ထက် အင်အားအဆမတန်ကြီးတဲ့ စစ်အစိုးရနဲ့ရင်ဆိုင်ရာမှာ တပွဲတိုး၊ တပွဲပြတ် စဉ်းစားလုပ်လို့ မဖြစ်ပါဘူး။ လူတန်းစား လူ့အလွှာအသီးသီးက သဏ္ဌာန်အမျိုးမျိုးသော တိုက်ပွဲအဆင့်ဆင့်ကို ဆင်နွှဲဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။

၁။ ဒီအတွက် ပြည်သူတွေဘက်က ပြည်သူ့အင်အား (People’s Power) ကို စည်းရုံးရပါတော့မယ်။ တခြားနည်းလမ်း ရွေးချယ်စရာမရှိပါဘူး။ စစ်အုပ်စုကို သူတို့နားလည်တဲ့စကားနဲ့ပဲပြောမှ ဖြစ်တော့မှာပါ။ စစ်အုပ်စုနားလည်တဲ့စကားဆိုတာဟာ လက်နက်နဲ့အန်တုတာရယ်၊ ပြည်သူ့အင်အားနဲ့ အကျပ်ကိုင်တာရယ် နှစ်မျိုးပဲရှိပါတယ်။ ဒီနှစ်နည်းကို တပြိုင်နက်တည်းဆင်နွှဲလို့လည်းရတယ်၊ တခုချင်းဆင်နွှဲလို့လည်း ရပါတယ်။ ဒါပေမဲ့ ဒီနေ့အခြေအနေမှာ ဘယ်နည်းကိုပဲလုပ်လုပ် မြေအောက် (ယူဂျီ) လှုပ်ရှားမှုကတော့ အရေးပါတဲ့အခန်းက ပါနေရမှာဖြစ်ပါတယ်။

၂။ ‘ပြည်သူ့အင်အား’ (လူထုလှုပ်ရှားမှုကြီး) ဖြစ်နေမှ အစားထိုးစရာ ရှာနေရလို့ရှိရင် (၁၉၈၈) တုန်းကလိုပဲ ထိပ်ပိုင်းမှာငြင်းခုံပြီး ကျားစားခံ လိုက်ရတာ ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် အခုကတည်းက (ချက်ချင်း) အစားထိုးစရာပြင်ဆင်ထားရမယ်။ ဗကပ ကတော့ ‘၁၉၄၇ အခြေခံဥပဒေ’ နဲ့ “NLD-CRPP” ကို အစားထိုးစရာအဖြစ် သဘောထားနိုင်ပါတယ်။ ဒီနေရာမှာ ဘာကြောင့် ဒီနှစ်ခုကို ရွေးတယ်ဆိုတာကို နည်းနည်းရှင်းပြဖို့လိုမယ် ထင်ပါတယ်။ “NLD-CRPP” ကို ရွေးတာ ကတော့ သိပ်ရှင်းဖို့မလိုဘူး ထင်ပါတယ်။ “NLD-CRPP” နှစ်ဖွဲ့စလုံးမှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက လူထုက သူတို့ကို အာဏာကုန်လွှဲပေးထားပြီးလို့ ဖြစ်ပါတယ်။ ‘၁၉၄၇ အခြေခံဥပဒေ’ ကို တင်ပြတာကတော့ ကိုယ့်ဘက်က အနိုင်ရရင် တက်လာတဲ့အဖွဲ့ – ဥပမာ ယာယီအစိုးရတရပ် – ဟာ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီး လုပ်မှာလဲ

ဆိုတဲ့ လက်တွေ့ပြဿနာနဲ့ ရင်ဆိုင်ရပါမယ်။ ဒီတော့မှ မိမိတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဘူး၊ အခြေခံဥပဒေ မရှိသေးဘဲနဲ့ ယာယီအစိုးရ လုပ်ပါမယ်ဆိုတာမျိုးပြောလို့ မဖြစ်ပါဘူး။ ဗကပ အနေနဲ့ '၁၉၄၇ အခြေခံဥပဒေ' ဟာ ပြီးပြည့်စုံတယ်လို့ မယူဆပါဘူး။ ဒါပေမဲ့ ဒီအခြေခံဥပဒေဟာ ဗမာပြည်သမိုင်းမှာ တခုတည်းသော ပြည်သူလူထုရဲ့ အာဏာပေးအပ်မှု (mandate) နဲ့ ရေးဆွဲခဲ့တဲ့ ဥပဒေ ဖြစ်ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲရဲ့ အရှိန်အဟုန်၊ တိုက်ပွဲဝင်ခဲ့သူတွေရဲ့ စဉ်းစားဆုံးဖြတ်မှုနဲ့ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီး လတ်တလောအနေအထားမှာ ပြည်သူလူထုအကြား၊ ကိုယ့်ဘက်က အင်အားစုတွေအကြားမှာ ပြဿနာကြီးကြီးမားမား မဖြစ်ပေါ်အောင် ထိန်းထားနိုင်စွမ်းရှိမယ်လို့ ဗကပ က ယုံကြည်လို့ တင်ပြတာ ဖြစ်ပါတယ်။ ကိုယ့်ဘက်က အနည်ကျသွားရင် ဒီဥပဒေကို ပြုပြင်တာ၊ တိုးချဲ့တာ၊ အသစ်ရေးဆွဲတာတွေ လုပ်သွားလို့ရပါတယ်။

၃။ နောက်အရေးကြီးတဲ့ အချက်ကတော့ 'အမျိုးသားညီညွတ်ရေး' တည်ဆောက်ရာမှာလည်း တပ်မတော်ကို ချန်ထားလို့ မရဘူး ဆိုတာပါပဲ။ ၁၉၄၄ ခုနှစ်တုန်းကလိုပဲ ဖြစ်သင့်တယ်။ ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ တပ်မတော်ထဲမှာ ဒီနေ့လက်ရှိ ဖြစ်ပျက်နေတာတွေကို မကြိုက်မနှစ်မြို့သူတွေ၊ အပြောင်းအလဲတခုခုတော့ ဖြစ်မှလို့သဘောပေါက်နေတဲ့သူတွေ မနည်းဘဲရှိတယ်ဆိုတာ အားလုံးပဲ သိပါတယ်။ ရှစ်လေးလုံးတုန်းက ဦးမောင်မောင်ပြောတဲ့ "နှုတ်ဆိတ်နေတဲ့အများစုကြီး" ဆိုတဲ့ အသုံးအနှုန်းဟာ ဒီတပ်မတော်သားတွေနဲ့မှ ထိုက်သင့်တာပါ။ သူတို့ကို ပြောလာအောင်၊ ဘက်ပြောင်းလာအောင် လုပ်ရပါမယ်။ နောက်ပြီး ထိပ်ပိုင်းထဲကနေ တချိန်မှာမှ ဘက်ပြောင်းဖို့ ဆုံးဖြတ်သူတွေကိုလည်း စာနာနားလည်ရပါမယ်။

ကျွန်တော်တို့ရဲ့ရှေ့မှာ လက်တွေ့မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းရပ်ကြီး တည်ရှိနေပါပြီ။ ဒါကို ပြည်သူလူထုအားလုံး၊ အတိုက်အခံ အင်အားစုအားလုံး သေသေချာချာစဉ်းစားပြီး ညီညွတ်မှုကို ဦးတင်ကာ စတင်ပြင်ဆင် အကောင်အထည်ဖော်သွားကြပါစို့။

•••••••••••••••••••••••••••

# အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ)၏ ၁၉ ကြိမ်မြောက်ပါတီကွန်ဂရက်သို့ ပေးပို့သော သဝဏ်လွှာ

သို့

သဘာပတိအဖွဲ့
အိန္ဒိယပြည်ကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒီ)

မှ

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

နေ့စွဲ– ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၀ရက်။
အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။
ချစ်ခင်လေးစားသောရဲဘော်များခင်ဗျား–

ဒီနေ့လို ကမ္ဘာ့တဦးတည်းသော အင်အားလွန်နိုင်ငံကြီးက သူ့လက်တံတွေကို တကမ္ဘာလုံးနေရာအနှံ့ဆန့်တန်းနေချိန်နှင့် မာ့က်စ်ဝါဒက အရှိန်အဟုန်နှင့် ပြန်လည်ထကြွဖို့ ပြင်ဆင်နေချိန်မှာ ကျင်းပသည့် ရဲဘော်တို့၏ ဂုဏ်ရောင်ပြောင်သော တဆယ့်ကိုးကြိမ်မြောက် ပါတီကွန်ဂရက်အား လှိုက်လှဲစွာဂုဏ်ပြုအပ်ပါကြောင်း ဖော်ပြခွင့်ပြုစေလိုပါသည်။ ကျွန်တော်တို့သည် အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ)နှင့် သမိုင်းတလျှောက်အတူလက်တွဲလျှောက်လှမ်းခဲ့ကြပြီး နောင်တွင်လည်း တက်လှမ်းသွားကြမည်ဟု ဤကွန်ဂရက်တွင် ဂုဏ်ယူစွာပြောကြားလိုပါသည်။

နယ်ချဲ့သမားများ၏ အာရှတိုက်နှင့် ကမ္ဘာအနှံ့တွင် အရွယ်အစားအမျိုးမျိုးသော စစ်ပွဲများ ဖန်တီးရန် တိုး၍တိုး၍ ကြိုးပမ်းလာမှုများကို တွန်းလှန်ရန်အတွက် အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ အခန်းကဏ္ဍတို့မှာ အရေးပါသည်ဟု ကျွန်တော်တို့ယူဆပါသည်။ နိုင်ငံများအကြားတွင် အမေရိကန်က ခြေထိုး၊ သွေးထိုးလုပ်နေသည်ဆိုသောအချက်မှာ အားလုံးသိနေကြသော အချက်ဖြစ်ပြီး အိန္ဒိယနှင့်တရုတ်တို့အကြားမှာလည်း အလားတူပင်လုပ်နေပါသည်။ ဝါရှင်တန်မှ နီယိုကွန်များသည် ဗမာပြည်အရေးကို ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုအကြားတွင် ခလောက်ဆန်စရာကိစ္စအဖြစ် အသုံးချနေကာ မနည်းသော ဗမာ့အတိုက်အခံအင်အားစုများလည်း ဤဝဲထဲတွင် ပါမိနေကြပါသည်။

ဗမာနိုင်ငံတွင် စစ်အစိုးရ အနှစ်နှစ်ဆယ်နီးပါး တည်ရှိနေခြင်းမှာ ယင်းတို့အားရှိ၍ မဟုတ်ပါ။ အတိုက်အခံများ၏ အားနည်းချက်ကြောင့်သာ ဖြစ်ပါသည်။

ဆယ်စုနှစ်လေးခုမက တည်မြဲနေသော စစ်အာဏာရှင်စနစ်ကို ဖြိုချဖို့ဆိုလျှင် အတိုက်အခံအင်အားစုတွေအတွက် လမ်းညွှန်ဖြစ်မည့် ဘုံလုပ်ငန်းစဉ်တရပ် လိုအပ်သည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ စစ်အာဏာရှင်စနစ်ကို အာဏာတက်ကတည်းက ဖျက်သိမ်းနိုင်ရေးအတွက် စွန့်လွှတ်မှုအမျိုးမျိုး ပြုလုပ်ခဲ့တဲ့ပါတီတရပ်အနေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အတိုက်အခံအင်အားစုတွေအကြားမှာ ဒီအယူအဆကို ပျံ့နှံ့အောင် လုံးပမ်းနေပါသည်။ မိမိတို့အနေဖြင့် ဘုံလုပ်ငန်းစဉ်တရပ်မရှိဘဲ ကိုယ့်လမ်းကိုယ်လျှောက်နေကြလျှင် စစ်အစိုးရ၏လမ်းပြမြေပုံ အကောင်အထည်ပေါ်သွားပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဗမာပြည်ကွန်မြူနစ်ပါတီသည် နအဖ၏ လမ်းပြမြေပုံ အကောင်အထည်ပေါ်သည်ဖြစ်စေ၊ မပေါ်သည်ဖြစ်စေ ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ပြီး စစ်အုပ်စု၊ စစ်အစိုးရနှင့် စစ် အာဏာရှင်စနစ်တို့ကို ဆက်လက်တိုက်ပွဲဝင်သွားမည်သာ ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ဗမာပြည်ပြည်သူများ၏ ဒီမိုကရေစီရရှိရေးတိုက်ပွဲအတွက် ရဲဘော်တို့ထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။

– အိန္ဒိယပြည်ကွန်မြူနစ်ပါတီ(မာက်စ်ဝါဒီ)၏ ဂုဏ်ပြောင်သော တဆယ့်ကိုးကြိမ်မြောက်ကွန်ဂရက် အောင်မြင်ပါစေ။
– အိန္ဒိယပြည်ကွန်မြူနစ်ပါတီ(မာက်စ်ဝါဒီ) အဓွန့်ရှည်ပါစေ။
– အိန္ဒိယပြည်ကွန်မြူနစ်ပါတီ(မာက်စ်ဝါဒီ)နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ အစဉ်းသပ်ခံပြီးဖြစ်သောဆက်ဆံရေး အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

# အိန္ဒိယပြည်ကွန်မြူနစ်ပါတီ၏ အကြိမ် ၂၀ မြောက်ကွန်ဂရက်သို့ ပေးပို့သောသဝဏ်လွှာ

သို့

သဘာပတိအဖွဲ့

အိန္ဒိယကွန်မြူနစ်ပါတီ၊ အကြိမ် ၂၀ မြောက် ကွန်ဂရက်

မှ

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

၂၀၀၈ခုနှစ်၊ မတ်လ ၂၃။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်ခင်လေးစားအပ်သော ရဲဘော်များခင်ဗျား–

ကျွန်တော်တို့ပါတီ စတင်ထူထောင်ကတည်းက လက်တွဲချီတက်ခဲ့သော လူတန်းစားညီအစ်ကိုများ၏ ကွန်ဂရက်ကို အလှိုက်လှဲဆုံး နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော်တို့အား ယခုကဲ့သို့ ကွန်ဂရက်တက်ရောက်ရန်နှင့် သဝဏ်လွှာပေးပို့ရန် တောင်းခံဖိတ်ကြားခြင်း ခံရသည့်အတွက် လွန်စွာမှ ဂုဏ်ယူမိပါသည်။ ဤကွန်ဂရက် အောင်မြင်၍ ရှေ့လာမည့်နှစ်များအတွက် မှန်ကန်သော လမ်းကြောင်းတရပ်ကို ချမှတ်နိုင်မည်ဟု ကျွန်တော်တို့ ခိုင်မာစွာယုံကြည်ပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အခန်းမှာ လွန်စွာမှ အရေးပါသည်ဟု ကျွန်တော်တို့ ယူဆပါသည်။ နယ်ချဲ့သမားများသည် ဤနိုင်ငံကြီးနှစ်ခုအကြား သပ်လျှိုပြီး ရေနောက်ငါးဖမ်းလုပ်ရန် နည်းမျိုးပေါင်းစုံကို ရှာကြံကြပါလိမ့်မည်။ ယင်းတို့သည် ငြိမ်းချမ်းပြီးသဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တိုင်းတွင် မုန်းပင်စိုက်ကာ အကွဲအပြဲများဖန်တီးပါလိမ့်မည်။ ဤသို့သော အခြေအနေအောက် တွင် အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြားတွင် ညပ်နေသောဗမာနိုင်ငံမှာ ကမ္ဘာ့အဝန်းအဝိုင်း အလယ်တွင် အထီးကျန်ဖြစ်နေသည်ကို တွေ့ရပါသည်။ ထို့ပြင် "အာဏာရှင်များ၏အခြေခံစခန်း"၊ "၂၁ ရာစု၏ဖက်ဆစ်နိုင်ငံ" စသည့်ဂုဏ်ပုဒ်များ ဆက်တိုက်ရရှိနေပါသည်။ ဗမာနိုင်ငံ၏ သေနင်္ဂဗျူဟာအရ အရေးပါသော ပထဝီအနေအထားကြောင့် ဗမာနိုင်ငံ၏ အရေးမှာ အမေရိကန်အုပ်စိုးသူလူတန်းစားအဖို့ နိုင်ငံတကာ အရေးများကိုကိုင်တွယ်ရာမှာလည်းကောင်း၊ သမ္မတရွေးကောက်ပွဲ အတွက်လည်းကောင်း အသုံးတည့်လှသည့် ဝါဒဖြန့်ချိစရာတခု ဖြစ်နေပါသည်။ ဤသည်အားလုံးမှာ ကိုယ်ကျိုးမှတပါး မည်သည့် အရာကိုမှ ခေါင်းတွင်းတွင်မထားသော စစ်အာဏာရှင်များကြောင့် ဖြစ်ပျက်နေခြင်းဖြစ်ပြီး ဗမာပြည်သူများ၏ဆန္ဒနှင့် လုံးဝဆန့်ကျင်ဖီလာဖြစ်ပါသည်။

ဗမာပြည်တွင် စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ဂုဏ်သိက္ခာပြည့်စုံသော၊ ကြွယ်ဝချမ်းသာသော၊ သွေးစည်းညီညွတ်သော၊ ဒီမိုကရေစီရှိသော နိုင်ငံတော်တရပ်ကို ထူထောင်ရန်မှာ ကျွန်တော်တို့၏မွန်မြတ်သောတာဝန်ဟု ယူမှတ်ထားပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့နိုင်ငံသည် စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပြီးနောက်တွင် ဒေသငြိမ်းချမ်းရေးနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို ပိုမိုထိရောက်စွာ အကျိုးပြုနိုင်ပါလိမ့်မည်။

ဤသဝဏ်လွှာပို့ခြင်းကို အခွင့်ကောင်းယူကာ ရဲဘော်တို့၏ပါတီ၊ ပါတီဝင်များနှင့် အိန္ဒိယနိုင်ငံပြည်သူများအား ဗမာပြည် ပြည်သူများ၏ ဒီမိုကရေစီအရေးတော်ပုံအတွက် အထောက်အကူပြုခဲ့သည်များကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်ဆက်ဆံရေး အဓွန့်ရှည်ပါစေ။

**ဗဟိုစည်းရုံးရေးကော်မတီ**

**ဗမာပြည်ကွန်မြူနစ်ပါတီ**

ဗမာပြည်ကွန်မြူနစ်ပါတီ၏
တင်ပြအဆိုပြုချက်

# ပြည်သူ့အင်အား (People Power) စည်းရုံးရေးကို ဘယ်လိုလုပ်ကြမလဲ

**အပိုင်း (က)**

(၁) NLD နဲ့ "သန်းရွှေစစ်အုပ်စု" ရဲ့ "နောက်ဆုံးတိုက်ပွဲ" စနေပြီ။ သန်းရွှေ ပျဉ်းမနား ပြောင်းတာဟာ အဲဒီ "နောက်ဆုံးတိုက်ပွဲ" အတွက်ပြင်တာ ဖြစ်သည်။ သူက နေဝင်းလို မီးသေတာ မဟုတ်လို့ သူ့တပ်ကို သူစုစည်းတာ ဖြစ်သည်။ "နိုင်ငံရေးမြို့တော်" ရန်ကုန်မှာနေလျှင် သူ့ဩဇာ ထူထောင်ဖို့ ခက်သည်။ သူ့အမိန့်အာဏာကို ဖီဆန်နေတဲ့ စစ်အုပ်စုဝင်ထိပ်သီးတွေကို ကိုင်ဖို့ မလွယ်။ ရန်ကုန်မှာက စစ်အုပ်စုဝင်အဟောင်း 'အငြိမ်းစား' များလည်း ရှိသည်။ မဆလ ထိပ်သီး (ဟောင်း) များ ရှိသလို နဝတ ထိပ်သီး (ဟောင်း) များလည်း ရှိသည်။ ဗိုလ်ခင်ညွန့်အင်အားစုများလည်း ရှိသည်။ NLD ခေါင်းဆောင်ကြီးများဆိုတာကလည်း 'ဝါရင့် စစ်အုပ်စုဝင် (ဟောင်း)' များ ဖြစ်နေသည်။ အဲဒီပုဂ္ဂိုလ်တွေ စုစည်းမိသွားလျှင် သူ့အတွက် အန္တရာယ်ရှိသည်။ ဒါကြောင့် ပျဉ်းမနား ပြောင်းသွားတာ ဖြစ်သည်။

နောက်တခုကလည်း ရန်ကုန်သည် နိုင်ငံရေးမြို့တော် ဖြစ်သည်။ လူထုအုံကြွမှုများ၏ ဗဟိုချက် ဖြစ်သည်။ လူထုအုံကြွမှုက ဘယ်မှာပဲ စသည်ဖြစ်စေ ရန်ကုန်တွင် (နောက်ဆုံးတော့) စုစည်းလေ့ ရှိသည်။ '၁၃၀၀ ပြည့် အရေးတော်ပုံ' ကစပြီး ယခု ၂၀၀၇ မှာ ဖြစ်သွားတဲ့ "သံဃာ့အရေးတော်ပုံ" အထိ အဲဒီအတိုင်း ဖြစ်ခဲ့သည်။ ရန်ကုန်သည် ဘယ်တော့မဆို 'နိုင်ငံရေးမြို့တော်' ဖြစ်နေလိမ့်မည်။ ဒါကြောင့် ရန်ကုန်မှာ မနေရဲလို့ ပျဉ်းမနားပြောင်းပြေးတာ ဖြစ်သည်။

နောက်အကြောင်းတခုက လမ်းပြမြေပုံ (RM) ၏ အရေးအကြီးဆုံးအဆင့်များလုပ်ရန် ဖြစ်သည်။ အဆင့် (၄) (ဆန္ဒခံယူပွဲ) နှင့် အဆင့် (၅) (ရွေးကောက်ပွဲသစ်) လုပ်လျှင် ပျဉ်းမနားကနေ တည်တည်ငြိမ်ငြိမ်ကွပ်ကဲနိုင်ဖို့ ဖြစ်သည်။ ကပ်ဘေးကြီး ဆိုက်နေတာတောင် သူတို့က အဆင့် (၄) ပြီးအောင်ပဲ လုပ်ခဲ့တာကိုကြည့်လျှင် ရှင်းပါသည်။ 'ဆန္ဒခံယူပွဲ' မှာ စိတ်ကြိုက်ရလဒ် ထွက်လာမှ (အတည်ဖြစ်ပြီး ကြေညာပြီးကာမှ) သန်းရွှေ ပျဉ်းမနားက ထွက်လာပြီး ကပ်ဘေးသင့်

ဒေသမှာ ခဏထွက်ပြီး မျက်နှာပြသည်။ နောက်အဆင့် (၅) (ရွေးကောက်ပွဲသစ်) အတွက် ပျဉ်းမနားပြန်ပြီး တပ်တွင်းပြောင်းလဲနေရာချထားရေးတွေကို လုပ်နေသည်။ ဒီလုပ်နည်းက နေဝင်းလုပ်နည်း ဖြစ်သည်။ နေဝင်းလို မီးမသေလို့ သန်းရွှေက (၂) နှစ် အချိန်ယူပြီး လုပ်နေရခြင်း ဖြစ်သည်။ နေဝင်းကတော့ 'ဆန္ဒခံယူပွဲ' ပြီးပြီးချင်း 'ရွေးကောက်ပွဲ' လုပ်ဝံ့သည်။ သန်းရွှေ မလုပ်ရဲ၊ အချိန်ယူရသည်။ နေဝင်းကတော့ ဝါနဲ့အတူ 'မဆလ' ထဲက ဘယ်သူတွေ တပ်ကထွက်ခဲ့၊ ဘယ်သူတွေနေရစ်ခဲ့ ဆိုတာကို ပိုင်ပိုင်နိုင်နိုင် လုပ်ဝံ့သည်။ နောက် နေဝင်းလုပ်ဝံ့တာက သူ့ 'အခြေခံဥပဒေ' က မဆလ တပါတီတည်းရှိတဲ့ 'အခြေခံဥပဒေ' ကြောင့် ဖြစ်သည်။ 'အခြေခံဥပဒေ' က အတိုက်အခံပါတီ မထားပါ။ သန်းရွှေရဲ့ 'အခြေခံဥပဒေ' ကတော့ တမျိုးဖြစ်သည်။ 'စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်' လုပ်နေရသည်။ ယိုပေါက်ဟာပေါက် မရှိအောင် ဟိုပိတ်ဒီဆို့လုပ်ထားရသည်။ နေဝင်းက ဖဆပလ ဂိုဏ်းကွဲ (၂) ခုစလုံးရော၊ 'ပမညတ' ကိုပါ တည်ရှိခွင့်မပေးဘဲ ဖျက်သိမ်းထားပြီး ဖြစ်သည်။ သန်းရွှေကတော့ NLD ကို ကျုံးသွင်းရဦးမည်။ တက်ကြွတဲ့ NLD ကို ချုပ်နှောင် ဖမ်းဆီးကာ ပျော့ညံ့တဲ့ NLD ကို စည်းရုံးရဦးမည်။ ဒါတွေကြောင့် (၂) နှစ် အချိန်ယူတာ ဖြစ်သည်။

(၂) NLD ကို ၁၉၄၈ ခုနှစ်တုန်းက ဖဆပလ ဆိုရှယ်လစ်တွေက CPB ကို လုပ်ခဲ့သလို သန်းရွှေက NLD အပေါ် လုပ်ချင်နေပုံရသည်။ ၁၉၄၈ တုန်းက မတ်လ (၁၂) ရက်မှာ လူအုပ်နဲ့ ရမ်းကား (ခြိမ်းခြောက်) ခဲ့သလို သန်းရွှေ ကလည်း NLD ကို ခြိမ်းခြောက်နေသည်။ ဟိုတုန်းက လူအုပ်က CPB (ဗဟို) အနားကို မသီဝံ့ပါ။ အခုတော့ စွမ်းအားရှင်လူအုပ်က NLD (ဗဟို) အနားကိုလာပြီး ရမ်းကားခဲ့ပြီ။ နောက်တဆင့်တက်လျှင် ၁၉၄၈ မတ်လ (၂၈) ကလို လုပ်ဖို့ပဲ ကျန်တော့သည်။ ဟိုတုန်းက CPB ကို ဗဟိုရောနယ်ပါ သိမ်းကျုံး ပြီး ဖမ်းသည်။ အခု NLD ကို အဲဒီလိုလုပ်မယ် မထင်ပါ။ NLD ဗဟို ခေါင်းဆောင်ကြီးများ (ဝါရင့်ကြီးများ) ကို ချန်ထားပြီး တက်ကြွတဲ့အင်အားစုအားလုံးကိုဖမ်းတာ လုပ်နိုင်သည်။ အခုကတည်းက ကွက်ကျားကွက်ကျား လုပ်နေပြီ။ ဗဟိုက အထူးကြေညာချက်တွေ ထုတ်တာကို ဥပက္ခာပြုထားသည်။ တက်ကြွသူတွေက အဲဒီထုတ်ပြန်ချက်ကို လူထုထဲဖြန့်ဖို့ မပြောနဲ့ လက်ဝယ်ထားလျှင်ပင် ဖမ်းနေသည်။ NLD များရဲ့ လုပ်ကွက်က ကျဉ်းလှသည်။

(၃) NLD က မူတွေပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေတာကို အားရပါသည်။ ချီးကျူးဂုဏ်ပြုပါသည်။ မူပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြနေတာထက်လည်း ပိုလုပ်နိုင်မည် မထင်ပါ။ ဥပဒေကြောင်းအရ သန်းရွှေတို့ကို ရင်ဆိုင်မည်ဆိုတာကတော့ 'ဖွင့်ချသည့်' တန်ဖိုးပဲ ရှိပါလိမ့်မည်။ မာရယ်လောခေတ်တွင် သန်းရွှေ ပါးစပ်က ဥပဒေထွက်နေတာ ဖြစ်ပါသည်။

**အပိုင်း (ခ)**

(၁) NLD ကို ကာကွယ်ချင်လျှင် ပြည်သူ့အင်အား (PP) စည်းရုံးရပါမည်။ ပြည်တွင်း NLD က "(PP) စည်းရုံးရေး" ကို လူထုထဲ ဆင်းပြီး (ပြောင်) လုပ်နိုင်မှာ မဟုတ်ပါ။ ပြည်တွင်းနဲ့ပြည်ပက ဒီမိုကရေစီအင်အားစုများကပဲ လုပ်နိုင်ပါသည်။

ပြည်တွင်းအလုပ်နဲ့ပြည်ပအလုပ်၊ O/G အလုပ်နဲ့ U/G အလုပ်ကို ခွဲထားရပါမည်။ ရောထွေးထားလို့ မဖြစ်ပါ။ တခုပဲ နားလည်မှု ယူထားချင်ပါသည်။ တဦးကိုတဦး အတွေးအခေါ်အရ ချေဖျက်တာ မလုပ်ကြဖို့ ဖြစ်ပါသည်။ (၂) နှစ်တော့ အောင့်ထားစေချင်ပါသည်။ ဗကပ က အောင့်ထားပါမည်။ ကွန်မြူနစ်ဝါဒနဲ့ လစ်ဘရယ်ဝါဒက ရည်တည်ချက် – အမြင် – နည်းနာ အစစအရာရာ ကွဲပြားပါသည်။ မတူနိုင်တာကို တူအောင်ညှိနေလျှင် အချိန်ကုန်ရုံမက ရန်ဖြစ်တတ်ပါသည်။ (၂) နှစ်ဆိုတဲ့ အချိန်က ဘာမှမကြာပါ။ အချင်းချင်း ငြင်းခုံထိုးနှက်နေပါလျှင် သန်းရွှေ စစ်အုပ်စုက 'ရွေးကောက်ပွဲသစ်' ကို အေးအေးဆေးဆေး လုပ်သွားပါလိမ့်မည်။ 'ရွေးကောက်ပွဲသစ်' ပြီးလို့ 'လွှတ်တော်' ခေါ်လျှင် "၂၀၀၈ အခြေခံဥပဒေ" အာဏာတည်တော့မည်။ အာဏာတည်ပြီဆိုလျှင် NLD (ဥပဒေတွင်း) ရပ်တည်ဖို့ မဖြစ်နိုင်တော့ပါ။ အညှခံအရှုံးပေးပြီး 'ဥပဒေတွင်းရပ်တည်မှု' ယူလျှင်ကား ရပါလိမ့်မည်။ NLD ခေါင်းဆောင်ကြီးများ လုပ်မည်မထင်ပါ။ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကြပါလိမ့်မည်။ ထိုသို့ရပ်တည်လျှင် ပုဒ်မ ၄၀၄၊ ၄၀၅၊ ၄၀၆၊ ၄၀၇၊ ၄၀၈ တို့ဖြင့် အကျပ်ကိုင်လိမ့်မည်။ ဒါနဲ့ မလုံလောက်လျှင် ပုဒ်မ ၄၀၉ အရ ဥပဒေသစ်ပြဋ္ဌာန်းပြီး NLD ကို အပြတ်ကိုင်လိမ့်မည်။

(၂) လာမည့်တိုက်ပွဲသည် NLD နဲ့ SPDC ၏ နောက်ဆုံးတိုက်ပွဲ ဖြစ်သလို ၁၉၈၈ က စခဲ့သော လူထုအုံကြွမှု၏ အရှုံးအနိုင် ယတိပြတ်ဆုံးဖြတ်ချက်ကျမည့် တိုက်ပွဲလည်း ဖြစ်သည်။ ဒါကြောင့် ဤတိုက်ပွဲအတွက် ကျွန်တော်တို့ ပြင်ရပါမည်။

ဗကပ တပါတီတည်းလုပ်လို့ မအောင်မြင်နိုင်ပါ။ ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် တဖွဲ့တည်းလုပ်လို့ မအောင်မြင်နိုင်ပါ။ အားလုံးဝိုင်းပြီး လုပ်ကြမှ အောင်မြင်မှာ ဖြစ်ပါသည်။ ခွဲခြမ်းခွဲခြမ်း လုပ်နေ

ကြလို့ မဖြစ်ပါ။ မတူတာကို ခဏ (ယာယီ) ဘေးဖယ်ထားသင့်ပါသည်။

## အပိုင်း (၈)
## လက်တွေ့လုပ်ငန်းများ တင်ပြချက်

(၁) ရှေ့တွင် (ပြည်တွင်းမှာ) လူထုထဲ လုပ်နိုင်တာက မြေအောက်အလုပ် (U/G အလုပ်) တခုပဲ ရှိတော့မှာပါ။ U/G လုပ်ငန်းမှာ စုပြုံပြီး လုပ်ကြလျှင် လိုင်းချင်းမပူးမိဖို့ သိပ်အရေးကြီးပါသည်။
– ဗမာပြည်က နယ်မြေခပ်ကျဉ်းကျဉ်းပဲ ဖြစ်ပါသည်။ U/G လုပ်ကြလျှင် တဦးနဲ့တဦး ထိတွေ့မိကြမှာ မုချဖြစ်ပါသည်။ ထိတွေ့မိကြလျှင် အမြန်ခွာကြဖို့ လိုပါသည်။ အပြိုင်အဆိုင် အလုအယက် မလုပ်ကြဖို့ လိုပါသည်။
– နှစ်ပေါင်းများစွာ အစိုးရအဆက်ဆက်က နိုင်ငံရေး အသွေးအရောင်ရှိသူများရဲ့ စာရင်းကို မှတ်တမ်းတင်ပြုစုထားတာ ရှိပါသည်။ ဒါ့ကြောင့် လူဟောင်း (ဝါရင့်) နဲ့ လူသစ် (မျိုးဆက်သစ်) များကို ရောထွေးပြီး (ယူဂျီကလာပ်စည်း) (လုံးဝ) မဖွဲ့သင့်ပါ။ [အရေးတော်ပုံဒီရေမြင့်လာလျှင် အလိုအလျောက် ပူးပေါင်းမိသွားမှာပါ။ ၁၉၈၈ ဩဂုတ်လတုန်းကလို ၁၃၀၀ ပြည့် အရေးတော်ပုံ တပ်သားဟောင်းတွေနဲ့ ၈၈ မျိုးဆက်တွေ တပူးတပေါင်းတည်း ဖြစ်သွားမှာပါ။ လောဖို့မလိုပါ။]
– လူထုကြီး ကြောက်နေတာ မဟုတ်ပါ။ ထွက်ရပ်လမ်း မမြင်လို့ တုံ့ဆိုင်းနေတာ ဖြစ်ပါသည်။ ဒီလိုပဲ ဖြစ်လေ့ရှိကြောင်း သမိုင်းက အကြိမ်ကြိမ်ပြခဲ့ပူးပါပြီ။
– အတွေးအခေါ်အမှားကိုပေးပြီး 'ထွက်ရပ်လမ်းပြ' နေကြလို့လည်း မဖြစ်ပါ။ အတွေးအခေါ်များဆိုတာက ''စစ်အုပ်စုလုပ်သမျှ ငုံ့ခံ – သူတို့ပေးသမျှတင်းတိမ်'' ဆိုတဲ့ အတွေးအခေါ်က အဓိက အမှားပါ။ အခုခေတ်မှာလောက် အတွေးအခေါ် လူထုထဲပြန့်လွယ်တာ ဘယ်တုန်းကမှ မရှိဖူးပါ။ အသံလွှင့်မီဒီယာတွေက အတွေးအခေါ် အမှန်ဖြစ်စေ၊ အမှားဖြစ်စေ ဖြန့်ဖြူးပေးနေတာ ဖြစ်ပါသည်။ အတွေးအခေါ်အမှန်ကို များများ (ပြောနိုင်သူများက) ပြောစေချင်ပါသည်။
– 'ဖိရင်ကြွမယ်၊ ထိရင်ချမယ်' အတွေးအခေါ် စိုက်ထူကြဖို့ လိုပါသည်။ 'ဖိရင် (ပြား) မယ်၊ ထိရင် (ဝပ်) မယ်' အတွေးအခေါ်ကို ဆန့်ကျင်ရပါမည်။

(၂) မကြောက်သူတွေ အများကြီးရှိပါသည်။ 'ဝါရင့်ကြီးများ' မကြောက်ပါ။ '၈၈ မျိုးဆက်များ' မကြောက်ပါ။ NLD ရဲ့ တက်ကြွသူများ မကြောက်ပါ။ တခြားမကြောက်သူတွေလည်း ရှိပါသည်။

လူထုထဲဆင်းပြီး လှုပ်ရှားနိုင်သူများကို အမြုတေများအဖြစ် မွေးမြူရပါမည်။ U/G ၏ ဆောင်ပုဒ်မှာ 'အမြုတေကေဒါ မွေးမြူ – ရေရှည်မြှုပ်နှံ – အခါအခွင့်ကောင်းကိုစောင့်' ဖြစ်သင့်ပါသည်။ 'အမြုတေကေဒါ' များကို နိုင်ငံရေးလမ်းစဉ်ဖြင့် မွေးမြူရပါမည်။ U/G စည်းကမ်းကို လိုက်နာစေရပါမည်။ လက်တွေ့ U/G လုပ်ငန်းများဖြင့် စမ်းသပ်ရပါမည်။ U/G ၏ သဘောမှာ A/S (လက်နက်ကိုင်တိုက်ပွဲ) နဲ့ မတူပါ။ (မြေပေါ်လုပ်ငန်း) နဲ့လည်း မတူပါ။ မထင်ပေါ်လေကောင်းလေ ရန်သူ့ကို လှည့်ဖြားနိုင်လေကောင်းလေ ဖြစ်ပါသည်။

> ***'ဖိရင်ကြွမယ်၊ ထိရင်ချမယ်' အတွေးအခေါ် စိုက်ထူကြဖို့ လိုပါသည်။***
> ***'ဖိရင် (ပြား) မယ်၊ ထိရင် (ဝပ်) မယ်' အတွေးအခေါ်ကို ဆန့်ကျင်ရပါမည်***

ဗမာပြည်မှာ အင်္ဂလိပ်ကိုလိုနီလက်ထက်ကတည်းက ဗဟိုရဲ့ဗျူရိုကရေစီယန္တရား ကောင်းကောင်းလည်ပတ်ခဲ့တာ ဖြစ်ပါသည်။ ဗဟို၏အာဏာကို နယ်စွန်နယ်ဖျားအထိ ဖြန့်ကြက်ထားနိုင်ခဲ့ပါသည်။

၁၉၈၉ ဗကပ ပြိုကွဲချိန်ကစပြီး စစ်အာဏာရှင်စနစ်ရဲ့ အာဏာသည် ကျေးလက်တောရွာ နယ်စွန်နယ်ဖျားအထိ ဖြန့်ကြက်ထားနိုင်ခဲ့ပါသည်။ ရွာသိမ်ရွာငယ်အထိ ဗဟို၏အာဏာ စူးရပါသည်။ အကြီးဆုံးစစ်တပ်ကို ထူထောင်ပြီး နိုင်ငံအနှံ့ ဖြန့်ကြက်ထားနိုင်နေပါသည်။ သူ့အတိုင်းအတာအရ ခေတ်မီဆက်သွယ်ရေးကိရိယာများကို (စစ်တပ်တွင်) တပ်ဆင်ထားနိုင်သဖြင့် အချိန်နှင့် တပြေးညီ သတင်းစုံကို ဗဟိုက ရနေပါသည်။

အကြမ်းဖက်ဖို့လည်း အမြဲတမ်းလေ့ကျင့် ဇာတ်တိုက်ထားပါသည်။ ထို့ကြောင့် မိမိတို့ U/G လုပ်ငန်းက ကျစ်လျစ်နေမှ 'ရေရှည်မြှုပ်နှံ' နိုင်မှာ ဖြစ်ပါသည်။

U/G ၏ အသက်သည် လျှို့ဝှက်ရေး ဖြစ်ပါသည်။ လျှို့ဝှက်ရေးကို အမြုတေကေဒါတွေသာ ထိန်းသိမ်းမှာ ဖြစ်ပါသည်။ အခုခေတ်လောက် မိမိတို့အထဲမှာ ဟာကွက်ပျော့ကွက် ရှိတာကို

(ဗကပ အနေဖြင့်) မကြုံခဲ့ဖူးပါ။ ရန်သူက မိမိအတွင်း ထိုးဖောက်ပြီး သတင်းယူဖို့ အလွန်လွယ်နေပါသည်။ မိမိတို့အတွင်း 'သတင်းပေး' မြှုပ်နှံရန်လည်း ရန်သူ့အတွက် အခွင့်သာနေပါသည်။ ဒါ့ကြောင့် မိမိ၏ U/G လုပ်ငန်းကို 'သံမဏိစည်းကမ်း' ဖြင့် ထိန်းသိမ်းဖို့ အရေးကြီးပါသည်။ 'အပျော်တမ်းဆန်တာ' လစ်ဘရယ်ကျတာ (ကိုယ်နဲ့မဆိုင်တာကိုစပ်စု၊ သိသမျှကို အကုန်လျှောက်ပြောနေတာကို ဆိုလိုသည်) ကို ပြတ်ပြတ်ဆန့်ကျင်ရပါမည်။

## (၃) U/G ကို တပ်ပေါင်းစုဖြင့်လုပ်မရ။

ပါတီအဖွဲ့အစည်းတခုတည်းမှာပင် အလုပ်ကို လိုင်း

> **အထူးလုပ်ငန်း Armed U/G ကို ဖွဲ့ထားမှ ဖြစ်ပါမည်။ ဒါမှ "ထိရင်ချ" လို့ ဖြစ်ပါလိမ့်မည်။**

ပေါင်းစုံ ခွဲထားရပါသည်။ လိုင်းပူးလျှင် နာတတ်ပါသည်။ ဗကပ၏ ယူ/ဂျီ သမိုင်းတွင် ကြုံခဲ့ရသည်မှာ လိုင်းတွေပူးနေလို့ ခံခဲ့ရတာချည်း ဖြစ်ပါသည်။ လိုင်းတလိုင်းတည်းမှာ သစ္စာဖောက်တယောက်ပေါ်လျှင် အားလုံးထိကုန်တတ်ပါသည်။ လိုင်းတွေပူးပြီး ရှုပ်နေတော့ တနွယ်ငင်တစင်ပါ လိုင်းအားလုံးထိကုန်ပါသည်။

ပါတီတခုတည်း လုပ်တာမှာတောင် လိုင်းပူးမှာ ကြောက်ရလျှင် တပ်ပေါင်းစုနဲ့ U/G လုပ်ပါက လိုင်းတွေ ဘယ်လိုပူးပြီး ဘယ်မှာ သစ္စာဖောက်ပေါ်မလဲဆိုတာကို ရင်တထိတ်ထိတ်နဲ့ နေရပါလိမ့်မည်။

ဗကပ မှာ အသံလွှင့်ရုံရှိတုန်းက U/G အလုပ်နဲ့ အသံလွှင့် လုပ်ငန်းကို ပြတ်ပြတ်စည်းခြားထားပါသည်။ U/G လုပ်ငန်းနဲ့ အသံလွှင့်လုပ်ငန်းကို တာဝန်ခံတဦးတည်းက ကိုင်ထားစေပါသည်။ U/G လုပ်ငန်းက ရတဲ့သတင်းတိုင်းကို အသံလွှင့်ရုံက မလွှင့်ပါ။ မြို့တွေပေါ်မှာ ဖြစ်တဲ့သတင်းကို ရန်သူရဲ့ စာနယ်ဇင်းတွေမှာ ပါလာမှ အသံလွှင့်ပါသည်။ U/G က ရတဲ့ သတင်းကို လွှင့်မိပါက ရန်သူ့ထောက်လှမ်းရေးက သတင်းဇာစ်မြစ်ကို မီးခိုးကြွက်လျှောက် လိုက်တတ်ပါသည်။ ရန်သူထောက်လှမ်းရေးတွေ အနေနဲ့ အသံလွှင့်သမျှကို မပျက်မကွက်နားထောင်ဖို့ တာဝန်ပေးထား ခြင်းခံရလေ့ ရှိပါသည်။ မိမိတို့ရဲဘော်တွေက အသံလွှင့်တာတိုင်းကို (အမြဲတမ်း) နားထောင်တာ လုပ်လေ့မရှိပေမယ့် သူတို့က အမြဲတမ်း နားထောင်ပါသည်။ ပြီးတော့ ခွဲခြမ်းစိတ်ဖြာကာ သတင်းရေသောက်မြစ်လိုက်လေ့ ရှိပါသည်။ လိုက်လျှင်ပေါ်လေ့ရှိပါသည်။ အထက်မှာ တင်ပြခဲ့သလို တိုင်းပြည်ကကျဉ်း – ဗဟိုအာဏာက တပြည်လုံးအနှံ့ဖြစ်နေတော့ မိမိရဲ့ U/G ပေါ်သွားတတ်ပါသည်။

အခုခေတ်မှာက နိုင်ငံကြီးတွေတိုင်းက ဗမာလို အသံလွှင့်ပါသည်။ တချို့က ကြိုရာလူဝင်ပြောဖို့တောင် အခန်းဖွင့်ထားပါသည်။ မီဒီယာဆိုတာကလည်း သတင်းများဖို့၊ မှန်ဖို့၊ မြန်ဖို့ပဲ ဦးစားပေးကြတာဆိုတော့ ရသမျှသတင်း လွှင့်တတ်ပါသည်။ မိမိတို့က သတိအများကြီးရှိမှ တော်ကာကျပါလိမ့်မည်။

## (၄) လျှို့ဝှက်ဆက်သွယ်ရေးစနစ်နဲ့ ဝှက်စာစနစ် ကောင်းမွန်ရမည်။

လျှို့ဝှက်ဆက်သွယ်ရေးစနစ်ကောင်းတွေ (မိမိမှာကော နိုင်ငံတကာမှာပါ) ရှိပါသည်။ မိမိတို့အတွင်းမှ နိုင်ငံရေး ရပ်တည်မှုကောင်းပြီး ထက်မြက်သူတွေကို ရွေးချယ်ထားပြီး သူတို့ကို 'ဝှက်စာစနစ်' ကောင်းကောင်းတီထွင်စေရပါမည်။

လေထဲကို လွှင့်ထုတ်လိုက်ရတဲ့ ကိစ္စတိုင်းမှာ 'ဝှက်စာစနစ်ကောင်း' ရှိမှ ဖြစ်ပါမည်။ 'အတိုဝှက်' စနစ်ကောင်း ရှိရမည်။ တခါတရံ အထာနဲ့ ပြောဆိုဖို့လည်း 'အထာသဘော' သုံးဖို့ တီထွင်ထားရပါမည်။

# အပိုင်း (ဃ)

## (၁) အခါအခွင့်ကောင်း မုချပေါ်မည်။

နိုင်ငံတကာ့အခြေအနေ ကောင်းပါသည်။ စစ်အုပ်စုရဲ့ ဇာတိရုပ်နဲ့ အကြံတုံးဉာဏ်တုံးသဘာဝက ပွင့်ကျနေပါသည်။ နာဂစ်မုန်တိုင်းရဲ့ ဆိုးကျိုးတွေက ရေရှည်အစွမ်းပြနေတော့မှာ ဖြစ်ပါသည်။

၁၉၈၈ တုန်းက နိုင်ငံရေးခေါင်းဆောင်တွေ မရှင်းနိုင်ခဲ့တဲ့ ကိစ္စကြီးကို လူထုက (၁၉၉၀) မှာ ရှင်းပေးခဲ့ပြီးပြီ။ NLD ကို အခွင့်အာဏာအပ်ခဲ့ပြီးပြီ။ '၁၉၉၀ ရွေးကောက်ပွဲ' ကလည်း သန်းရွှေတို့ လုပ်ပေးခဲ့တာပဲ။ '၁၉၉၀ ရွေးကောက်ပွဲရလဒ်' ဟာ သန်းရွှေတို့ရင်ဝမှာ စိုက်ဝင်နေတဲ့ ဓားတချောင်းပဲ။ အခုတော့ သူတို့က သွေးရူးသွေးတမ်း ဆွဲနုတ်ဖို့ ကြိုးစားနေတာ ဖြစ်သည်။

မိမိတို့က အဲဒီဓားကို စိုက်မြဲစိုက်နေစေရမည်။

(၂) အကြောင်းအမျိုးမျိုးကြောင့် လူထုအုံကြွမှုတွေ ပေါ်နိုင်ပါသည်။ မိမိတို့က U/G လုပ်ငန်းကိုတိုးချဲ့လုပ်နေကြရမည်။ အမြုတေကေဒါများ မွေးမြူနေရမည်။ ဗမာတပြည်လုံးမှာ ဒေါင်လိုက်ရော၊ ပြားလိုက်ပါ မွေးမြူနေရမည်။ အချက်အချာမြို့တိုင်းမှာ၊ စက်ရုံတိုင်းမှာ၊ ဒေသတိုင်းမှာ အမြုတေများ ရှိနေအောင် လုပ်ရလိမ့်မည်။ ဒါကို 'ပြင်ဆင်ချိန်' ဟု ဗကပ က သုံးပါသည်။ ပြင်ဆင်ချိန် (အခြေခံအားဖြင့်) ပြည့်စုံပြီဆိုလျှင် လူထုအုံကြွမှုကို တပြည်လုံးအထွေထွေအုံကြွမှုကြီးအဖြစ် တဟုန်ထိုး ပြောင်းပစ်နိုင်ပါပြီ။ ရန်ကုန်မှာပဲ ဒေသတခုမှာပဲ (အချိန်ဆွဲ) အုံကြွနေလို့ မဖြစ်ပါ။ မုချချေမှုန်းခံလိုက်ရလိမ့်မည်။ ပြင်ဆင်ချိန်မှာ ကောင်းကောင်းပြင်ဆင်ထားလျှင်ကား အုံကြွမှုမီးတောက်များကို တပြည်လုံးပြန့်နှံ့အောင် လုပ်နိုင်မည်။ 'ပြည်လုံးကျွတ်အထွေထွေအုံကြွမှု' ပေါ်လာလျှင် (အမြန်ဆုံး) အရှုံးအနိုင်ပြတ်အောင် တိုက်ရမည်။

(ဖိလစ်ပိုင် PP နဲ့ နီပေါ PP တို့ကို လေ့လာရမည်)

ရက်ပိုင်းအတွင်း အရှုံးအနိုင်ပြတ်မှ ဖြစ်မည်။ ဒါကို A/S ကာလက ကျွန်တော်တို့က လေး (၄) မြန် တစ် (၁) နှေး ဟု အတိုကောက်ခေါ်သည်။ ပြင်ဆင်တာမှာ နှေးချင်နှေးပါစေ။ တိုက်ပွဲဝင်ပြီဆိုလျှင်တော့ မြန်မြန်ပြတ်စေရမည် ဆိုတာကို ဆောင်ပုဒ်လုပ်ထားတာဖြစ်သည်။ မြန်ရမည့်လေး (၄) ချက်က မြန်မြန်တိုက်ပါ၊ မြန်မြန်နိုင်ပါစေ၊ အောင်သီးအောင်ပွင့် မြန်မြန်ရအောင်ယူပါ၊ မြန်မြန်တိုက်ပွဲကို အဆုံးသတ်ပါ စတာတွေ ဖြစ်သည်။ နိုင်ငံရေးတိုက်ပွဲမှာတော့ အချက် (၄) ချက် မလိုဘူးထင်ပါသည်။ "ဒေါ်စုအောင်ပြင်ဆင် – မြန်မြန်အနိုင်ယူလိုက်ပါ" ဆိုတာပဲ ဖြစ်လိမ့်မည်ထင်ပါသည်။ မားကို့စ်ကို မြန်မြန်ပဲ အနိုင်ရလိုက်တာမှာ အမေရိကန်က သူ့ကို ဟာဝိုင်ရီသို့ ခေါ်ထုတ်သွားလို့လည်း ဖြစ်သည်။ နီပေါက ဘုရင်ကတော့ နန်းတော်ထဲက 'အရှုံးပေး' လိုက်တာ ဖြစ်သည်။ (အခုတော့ နန်းကခွာခဲ့ရပြီ။)

၁၉၈၈ သြဂုတ်လက ကျွန်တော်တို့က နေဝင်းကို မြန်မြန်အရှုံးပေးအောင် မလုပ်နိုင်ခဲ့ပါ။ ယာယီ (ကြားဖြတ်) အစိုးရဖွဲ့ပြီး အာဏာကို မသိမ်းပိုက်နိုင်ခဲ့ပါ။ ဒေါက်တာမောင်မောင် အချိန်ဆွဲနေတာကို ကျွန်တော်တို့က ပိုတွက်မိသည်။ ဒါကြောင့် နေဝင်းက အရှုံးမပေးရုံမက (နဝတ) ကို အာဏာသိမ်းခိုင်း – (တစည) ကို ပါတီဖွဲ့ခိုင်းပြီး အေးအေးသက်သာဆင်းသွားတာဖြစ်သည်။

ဒီတခါ အဲဒီလို မဖြစ်စေရပါ။ NLD-CRPP ရှိနေပြီ။ ၁၉၉၀ လွှတ်တော်ကို အမြန်ခေါ်ရမည်။ ပြည်ပရောက်ရော၊ ပြည်တွင်းရှိရော အားလုံးပါစေရမည်ဟု ဗကပ က မြင်ပါသည်။

အခြေခံဥပဒေမရှိသေးလို့ အသစ်ရေးဆွဲရဦးမည် ဆိုပြီး အချိန်ဆွဲမနေရအောင် ဗိုလ်ချုပ်အောင်ဆန်း ရေးဆွဲခဲ့တဲ့ '၄၇ အခြေခံဥပဒေ' ကို (ယာယီ) ယူသုံးရမည် ထင်ပါသည်။

အာဏာပြဿနာမှာ အပြတ်ဖြေရှင်းပြီးလျှင် နီပေါမှာလို 'တိုင်းပြုပြည်ပြုလွှတ်တော်' ခေါ်ဖို့ ပြင်ရမည်။ အားလုံးကို (အားလုံးကို) ညှိနှိုင်းကာ ဒီမိုကရေစီဖွင့်ပေးတာ လုပ်ရပါမည်။

အာဏာမရှိဘဲ အခြေခံဥပဒေရေးဆွဲနေလျှင် စာရွက်ပေါ်က 'အခြေခံဥပဒေ' ပဲ ဖြစ်နေလိမ့်မည်။

စစ်အုပ်စုကို လျှော့မတွက်သင့်ပါ။ သူတို့က 'တန်ပြန်တော်လှန်ရေး' လုပ်နိုင်သည်။ လုပ်လာလျှင် အပြတ်နှိမ်နင်းချေမှုန်းပစ်နိုင်ရမည်။

စစ်အုပ်စုကို တပ်မတော် (နိုင်ငံတော်စစ်တပ်) နဲ့ ခွဲခြားပြီး ထားနိုင်ရမည်။ သန်းရွှေစစ်အုပ်စုနဲ့ စေ့စပ်ဆွေးနွေးဖို့ မဖြစ်နိုင်ပေမယ့် တပ်မတော် (ပြည်ချစ်မျိုးချစ်) များနဲ့ စေ့စပ်ဆွေးနွေးရလိမ့်မည်။

စစ်အုပ်စုက နိုင်ငံတော်စစ်တပ် (တပ်မတော်) ကို အမိန့်ပေးနေတာကို ဆုံးခန်းတိုင်စေရမည်။

ဤကား အကြမ်းဖျင်းကြံဆချက် ဖြစ်ပါသည်။

(၃) U/G လုပ်ငန်းကို အထွေထွေလုပ်ငန်းနဲ့ အထူးလုပ်ငန်းဆိုပြီး ခွဲခြားစည်းရုံးရပါမည်။

– အထွေထွေလုပ်ငန်းက ပြည်သူလူထုအင်အား (PP) ကို စည်းရုံးတာ ဖြစ်ပါသည်။

– အထူးလုပ်ငန်းက လက်နက်ကိုင် ယူ/ဂျီ လက်ရွေးစင်တပ်ဖွဲ့ ဖွဲ့ဖို့ဖြစ်ပါသည်။

အထူးလုပ်ငန်း Armed U/G ကို ဖွဲ့ထားမှ ဖြစ်ပါမည်။ ဒါမှ "ထိရင်ချ" လို့ ဖြစ်ပါလိမ့်မည်။ စွမ်းအားရှင်တို့၊ ကြံ့ဖွံ့တို့ထဲက ခေါင်းမာထိပ်သီးကို လက်စားချေရလိမ့်မည်။

'ဒီပဲယင်း' ပြီးကတည်းက လက်နက်ကိုင် ယူ/ဂျီ ဖွဲ့ထားမှ ဖြစ်တော့မည်ဟု ဗကပ က အတွင်းပိုင်းမှာ ပြင်ဆင်ခဲ့ပါသည်။ NLD ၏ 'အကြမ်းမဖက်ရေး' နဲ့လည်း ထိပ်တိုက်မတိုးချင်လို့ (ကြိတ်ပြီးပဲ) ပြင်ဆင်ပါသည်။ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကို အရန်ရွေးလမ်းအဖြစ် ထားပါသည်လောက်ပဲ ကျွန်တော်တို့ ပြောခဲ့ပါသည်။

အခုတော့ မပြောမပြီးလို့ ပြောရပါသည်။ A U/G ကို ပြင်လျှင် လုပ်ရမယ့်အလုပ်တွေ များပါသည်။ "စစ်စိတ်စစ်သွေးတက်ကြွတဲ့ လူငယ်မျိုးဆက်" များနဲ့ပဲ လုပ်ရမှာ ဖြစ်ပါသည်။ လက်နက်က ပြဿနာမဟုတ်ပါ။ လူရွေးမှန်ဖို့က အရေးကြီးပါသည်။ ကိုယ်ကချည်းပဲ ခံနေရလျှင်၊ စွမ်းအားရှင်လုပ်သမျှကို ငုံ့ခံနေရလျှင် ဘယ်သူပဲဖြစ်ဖြစ် ထွက်လမ်းပိတ်သလို ခံစားကြ

ရမှာ ဖြစ်ပါသည်။ ဒီတော့ ကယ်တင်ရှင်မျှော်တဲ့အတွေးအခေါ်ဝင်မှာ ဖြစ်သည်။

လက်တွေ့နိုင်ငံရေးမှာက ကယ်တင်ရှင်မရှိပါ။ ကိုယ့်ကိုယ်ကိုယ် ကယ်ရမှာ ဖြစ်ပါသည်။

(၄) A U/G လုပ်လို့ သွေးချောင်းစီးမှာ မဟုတ်ပါ။ မလုပ်ဘဲနေမှ (ထာဝရ) တစိမ့်စိမ့်သွေးချောင်းစီးနေမှာ ဖြစ်ပါသည်။ နဝတ – နအဖ ခေတ်မှာ သွေးတစိမ့်စိမ့်စီးနေတာ နည်းရော့လား။ အာဏာသိမ်းစက စီးခဲ့သည်။ ဒီပဲယင်းမှာ စီးခဲ့သည်။ နောက်ဆုံး ၂၀၀၇ သံဃာ့အရေးတော်ပုံအထိ သွေးတစိမ့်စိမ့်စီးထွက်နေပါသည်။ နောင်မှာလည်း စီးပါလိမ့်ဦးမည်။

(၅) အကြမ်းမဖက်ဘဲ လိုရာပန်းတိုင်ရောက်မည်ဆိုလျှင် ကျွန်တော်တို့ ထောက်ခံပါသည်။ သို့သော် ဗမာပြည်ရဲ့သမိုင်းက အဲဒီလိုဖြစ်ဖို့ အခြေအနေမပေးခဲ့ပါ။ ကိုယ်က မစီးစေချင်ပေမယ့် အုပ်စိုးသူက စီးစေချင်လျှင် စီးနေမှာပါ။

အတွင်းဝန်ရုံးမှာ သွေးချောင်းစီးခဲ့လို့ပဲ ဗမာပြည်လွတ်လပ်ရေးသမိုင်းမှာ ပြည်တွင်းစစ်ဖြစ်ပြီး သွေးချောင်းစီးခဲ့ရတာ ဖြစ်တယ်ဆိုတာ မမေ့သင့်ပါ။

ပြည်တွင်းစစ်လည်းမဖြစ်၊ အရှည်တည်တံ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးလည်းမရ ဖြစ်နေတဲ့ လက်ရှိအခြေအနေက ရေရှည်တည်ရှိနေမှာ မဟုတ်ပါ။

သန်းရွှေစစ်အုပ်စုကလည်း မြစ်ဝကျွန်းပေါ်ပြန်လည်ထူထောင်ရေးကို လုပ်နိုင်မှာမဟုတ်။ သွေးစုပ်မှုနဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေ များရင် သူပုန်ထတတ်ပါသည်။

သန်းရွှေကိုယ်တိုင်လည်း နေဝင်းရဲ့ကံကြမ္မာမျိုး မတိုးဘူးလို့ မပြောနိုင်ပါ။ နေဝင်းမှာ ဗိုလ်အုန်းကျော်မြင့် ရှိခဲ့သလို သန်းရွှေမှာ ပိုပြီးရှိပါလိမ့်မည်။ စစ်တပ်ကို အမိန့်ပေးနိုင်တဲ့ အာဏာ မဲ့သွားလျှင် နေဝင်းထက် သန်းရွှေက ပိုခံရပါလိမ့်မည်။

(၆) **နောက်ဆုံးတင်ပြချင်တာ။**

(၁၉၈၈) က ဒီတခါတော့ ဒီမိုကရေစီရစေရမယ်ဆိုပြီး လူထုက ပုံအောခဲ့ပါသည်။ ကျဆုံးဒဏ်ရာရ ထောင်တန်းအကျခံရတာတွေ မနည်းပါ။ သို့သော် ခေါင်းဆောင်မှုတာဝန် မကျေခဲ့ပါ။ ခေါင်းဆောင်အားလုံးမှာ တာဝန်ရှိပါသည်။

၁၉၉၀ ကျတော့လည်း ဒီမိုကရေစီမုချရရမယ်ဆိုပြီး ပုံအောခဲ့ပြန်ပါသည်။ ဒီတခါလည်း ခေါင်းဆောင်တွေ တာဝန်မကျေခဲ့ပါ။

နောက်တော့ လူထုက ထွက်ရပ်လမ်းပိတ်သလိုဖြစ်ပြီး မတက်မကြွဖြစ်သွားပါသည်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ နယ်လှည့်ပြီး စိတ်ဓာတ်တင်ပေးပါသည်။ ဒီတခါတော့ သန်းရွှေက 'ဒီပဲယင်းနည်း' လုပ်လိုက်ပါသည်။ NLD ကို အတောင်အလက် ချိုးသလို လုပ်လိုက်ပါသည်။ 'သံဃာ့အရေးတော်ပုံ' ဖြစ်တော့ 'ဒီပဲယင်းနည်း' က ရန်ကုန်ရောက်လာပါသည်။ 'ဒီပဲယင်းနည်း' ကို အန်တုဖို့ အခု (PP) စည်းရုံးရေးလမ်းစဉ်ကို တင်ပြတာ ဖြစ်ပါသည်။ ဗကပ ၏ ကြံဆချက်သာ ဖြစ်ပါသည်။ အားလုံးနဲ့ ညှိနှိုင်းလိုပါသည်။

တိုးတိုးတိတ်တိတ် ကြိတ်ပြီးညှိနှိုင်းဖို့ ဖြစ်ပါသည်။ ကွန်မြူနစ်နဲ့ လက်တွဲတာကို ဖြောင်လုပ်လို့ မရမှန်းသိပါသည်။

ခေါင်းဆောင်မှု လုနေတာ မဟုတ်ပါ။ ဒါကြောင့်ပဲ '၁၉၉၀' က လူထုရဲ့ အာဏာအပ်နှင်းခြင်းခံရတဲ့ NLD-CRPP ကို ရှေ့တန်းတင်နေခြင်း ဖြစ်သည်။ အခြေခံဥပဒေမှာကျတော့ ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်က ချမှတ်ထားတဲ့ '၄၇ အခြေခံဥပဒေ' ကို ယာယီအသုံးပြုရန် တင်ပြနေတာ ဖြစ်ပါသည်။

လစ်ဘရယ်ဒီမိုကရေစီအောင်မြင်ရင်လည်း ဗကပ က တရားဝင်ခွင့်ရတာလောက်ပဲ ဖြစ်နိုင်မှန်း သိပါသည်။ 'စစ်အာဏာရှင်စနစ်' ပြုတ်ကျလျှင်ရပြီဆိုပြီး ဤကြံဆချက်များကို တင်ပြနေတာ ဖြစ်ပါသည်။

တကယ်လို့ '၂၀၁၀' ခုနှစ်မှာ စစ်အာဏာရှင်စနစ်ကို အစတုန်းတိုက်ဖျက် မပစ်နိုင်လျှင်လည်း ဗကပ က စစ်အာဏာရှင်စနစ်ကို အကုန်အစင်ခြွင်းချက်မရှိ ဖျက်သိမ်းနိုင်သည်အထိ အလံမလှဲစတမ်းတိုက်ပွဲဝင်သွားမှာ ဖြစ်ပါသည်။

# ရှစ်လေးလုံးစိတ်ဓာတ်အဓွန့်ရှည်ပါစေ

ရှစ်လေးလုံးအရေးတော်ပုံကြီး အနှစ်နှစ်ဆယ်မြောက်သည့် အခါသမယတွင် ဤအရေးတော်ပုံကြီး ပေါ်ပေါက်လာရေးအတွက် ကြိုးစားရာမှာနှင့် သယ်ဆောင်အကောင်အထည်ဖော်ရာတွင် ကျဆုံးသွားကြသော အာဇာနည်အပေါင်းတို့အား ဦးညွှတ်အလေးပြုလိုက်ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးသည် မဆလ စစ်အာဏာရှင်များအား နန်းပေါ်ကဆင်းသွားစေခြင်း၊ နိုင်ငံရေး ပါတီများ ပေါ်ပေါက်လာခြင်း၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေခြင်းစသည့် အကောင်အထည်ရှိသော အောင်ပွဲရလဒ်များကိုသာမက ပြည်သူလူထုအနေဖြင့် စစ်အာဏာရှင်များအား ဆန့်ကျင်တိုက်ပွဲဝင်ရန် မိမိကိုယ်မိမိယုံကြည်ချက်၊ ရဲစွမ်းသတ္တိနှင့် လုပ်နည်းလုပ်ဟန်ပေါင်းစုံတို့ကိုလည်း ရရှိစေခဲ့ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ပြည်သူများအား တန်ဖိုးမဖြတ်နိုင်သော အသိတွေအပြင် သင်ခန်းစာများလည်း ပေးအပ်ခဲ့သလို စစ်အာဏာရှင်များကိုလည်း တသက်မမေ့အောင် ပြင်းပြင်းထန်ထန် သတိပေးခဲ့သည်။ ၎င်းတို့ကို ယနေ့တိုင် သွေးလေခြောက်ခြားနေအောင် တုန်လှုပ်စေခဲ့သည်။

အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ယနေ့ဗမာပြည်နိုင်ငံရေးသည် ရှစ်လေးလုံး၏အဆက်ဟု ဆိုမြဲဆိုနိုင်သည်။ အာဏာကို ယူထားသော စစ်အာဏာရှင်များသည်လည်းကောင်း၊ စစ်အာဏာရှင်များကို ဖယ်ရှားလိုသူများသည်လည်းကောင်း ရှစ်လေးလုံးအရေးတော်ပုံက ချန်ထားခဲ့သောပြဿနာများကို အဓိကထား ဖြေရှင်းနေကြရသည်။

နအဖ အဖို့ ရှစ်လေးလုံးအမွေအနှစ်များအားလုံးကို ဖျောက်ဖျက်ပစ်ရေးမှာ အဓိကလုပ်ငန်းကြီး ဖြစ်သလို အတိုက်အခံများအနေဖြင့် ရှစ်လေးလုံးအသီးအပွင့်များနှင့် အစဉ်အလာများကို ထိန်းသိမ်းကာကွယ်ရေးမှာ အဓိကလုပ်ငန်းကြီး ဖြစ်နေပေသည်။

နှစ်ဘက်စလုံးတွင် ရှစ်လေးလုံးကာလက ခေါင်းဆောင်မျိုးဆက်များ လျော့နည်းသထက်လျော့သွားပြီ။ သို့သော် ရှစ်လေးလုံး မတိုင်မီကတည်ရှိခဲ့သော ပြဿနာများကတော့ နည်းနည်းမှ လျော့မသွား။ ဗမာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အဘက်ဘက် တိုးတက်ရေးအတွက် ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ အပြီးမသတ်နိုင်ခဲ့တဲ့ တိုက်ပွဲတွေကို အောင်ပွဲရတဲ့အထိ ဆက်တိုက်ဖို့လိုတယ်ဆိုတာကို ဗမာနိုင်ငံသားတိုင်း သိနေကြပါသည်။

သို့သော် ရှစ်လေးလုံးအရေးတော်ပုံကြီးက ပေးခဲ့သော အသိပညာ၊ သင်ခန်းစာများကို မှန်မှန်ကန်ကန် ပေါင်းချုပ်သုံးသပ်ပြီး ရှစ်လေးလုံးအရေးတော်ပုံကြီးတုန်းကထက် မလျော့နည်းသော ဇွဲလုံ့လနှင့် စွန့်လွှတ်မှုများကို ပြုလုပ်နိုင်မှသာ အောင်ပွဲရနိုင်တယ်ဆိုတာကို ပြီးခဲ့တဲ့အနှစ်နှစ်ဆယ်သမိုင်းက အထင်အရှားပြသနေပေသည်။



# ကဗျာဆရာမ မာယာအင်ဂျလို

မာယာအင်ဂျလို (Maya Angelou) ကို ၁၉၂၈ ခုနှစ်၊ ဧပြီ ၄ ရက်နေ့က၊ အမေရိကန်နိုင်ငံ၊ မစ်စူရီပြည်နယ်၊ စိန့်လူးဝစ္စမှာ မွေးဖွားခဲ့ပါတယ်။ ငယ်နာမည်က မာဂရက် ဂျွန်ဆင် (Marguerite Johnson) ဖြစ်ပါတယ်။ သူသုံးနှစ်သမီးအရွယ်မှာပဲ အဖေနဲ့အမေ ကွဲသွားပြီး သူတို့မောင်နှမနှစ်ယောက်ဟာ မြို့ငယ်လေးတခုရှိ အဖွားဆီမှာ သွားနေရပါတယ်။ ဒီအချိန်မှာပဲ အဲဒီတုန်းက အမေရိကန်ဥပဒေက ခွင့်ပြုထားတဲ့ အသား အရောင်ခွဲခြားမှုဒဏ်ကို ခံရပါတော့တယ်။

သူဟာ ၁၆ နှစ် သမီးအရွယ်ကစပြီး ပင်ပင်ပန်းပန်းနဲ့ ကိုယ့်ဝမ်းကိုယ်ကြောင်းခဲ့ပေမယ့် အဆိုအက၊ သီချင်းရေး၊ ကဗျာရေး၊ ပြဇာတ်ရေး စတာတွေကို အလွန်ဝါသနာပါခဲ့ပါတယ်။ လေ့လာလိုက်စားလုပ်ကိုင်ခဲ့လို့ ၅၀ စုနှစ်ပိုင်းကစပြီး နာမည်ရလာခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာ သူဟာ အီဂျစ်၊ ဂါနာစတဲ့ အာဖရိကတိုက်က နိုင်ငံတွေမှာသွားနေပြီး တဖက်က သူများကို သင်ပေး၊ တဖက်မှာတော့ သူကိုယ်တိုင်ကလည်း အာဖရိကယဉ်ကျေးမှုကို လေ့လာ လိုက်စားခဲ့ပါတယ်။ သူဂါနာမှာနေတုန်း အမေရိကန်လူမည်းလှုပ်ရှားမှု ခေါင်းဆောင် မယ်လ်ကွန်အိတ်က်စ် (Malcolm X) နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ်။ အဲဒီနောက် သူတို့အကြား အပြန်အလှန်စာတွေရေးသား အမြင်ဖလှယ်ရင်း မာယာဟာ ရင့်ကျက်လာခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာ မာယာ အမေရိကန်ကို ပြန်လာခဲ့ပါတယ်။ ရည်ရွယ်ချက်က မယ်လ်ကွန်အိတ်က်စ်ရဲ့ အာဖရိက – အမေရိကသွေးစည်းရေးအဖွဲ့ (Organization of African American Unity) တည်ထောင်မှုမှာ ကူညီဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူပြန် ရောက်ပြီး ဘာမှမကြာလိုက်ဘူး၊ မယ်လ်ကွန်အိတ်က်စ်အသတ်ခံရပြီး သူ့အဖွဲ့အစည်း သစ်လည်း မဖွဲ့ဖြစ်တော့ပါဘူး။ ဒီနောက်မှာ မာယာဟာ မာတင်လူသာကင်းနဲ့တွဲပြီး လုပ်ကိုင်ခဲ့ပါတယ်။

# Million Man March
## Maya Anjelou

The night has been long,
The wound has been deep,
The pit has been dark,
And the walls have been steep.

Under a dead blue sky on a distant beach,
I was dragged by my braids just beyond your reach.
Your hands were tied, your mouth was bound,
You couldn’t even call out my name.
You were helpless and so was I,
But unfortunately throughout history
You’ve worn a badge of shame.

I say, the night has been long,
The wound has been deep,
The pit has been dark
And the walls have been steep.

But today, voices of old spirit sound
Speak to us in words profound,
Across the years, across the centuries,
Across the oceans, and across the seas.
They say, draw near to one another,
Save your race.
You have been paid for in a distant place,
The old ones remind us that slavery’s chains
Have paid for our freedom again and again.

The night has been long,
The pit has been deep,
The night has been dark,
And the walls have been steep.

# လူသန်းချီတဲ့ ချီတက်ပွဲ
## မာယာအင်ဂျလို

ညတာကလည်းရှည်
ဒဏ်ရာကလည်းနက်
ကျင်းကလည်းမှောင်
နံရံတွေကလည်းမတ်ပါဘိ။

ဝေးကွာတဲ့သောင်ကမ်းပေါ်၊
သေနေတဲ့အပြာရောင်ကောင်းကင်အောက်မှာ
ငါ့ဆံကျစ်တွေကိုဆွဲပြီး မင်းနဲ့မလှမ်းတဲ့ဆီကိုခေါ်သွားတယ်
မင်းလက်တွေကိုတုပ်နှောင်၊ ပစပ်ကိုပိတ်ဆို့
မင်းဟာငါ့ကို ခေါ်တောင်မခေါ်နိုင်ဘူး။
မင်းဘာမှမတတ်နိုင်၊ ငါလည်းဘာမှမတတ်နိုင်
ကံဆိုးချင်တော့သမိုင်းမှာ
မင်းဟာ အရှက်ဆိုတဲ့ဆုတံဆိပ်ကိုရခဲ့တယ်။

ငါပြောတယ် – ညတာကလည်းရှည်
ဒဏ်ရာကလည်းနက်
ကျင်းကလည်းမှောင်
နံရံတွေကလည်း မတ်ပါဘိ။

ဒါပေမဲ့ အခု၊ အတိတ်ဝိညာဉ်တွေက
နှစ်ပေါင်းများစွာ၊ ရာစုနှစ်ပေါင်းများစွာ
သမုဒ္ဒရာတွေဖြတ်၊ ပင်လယ်တွေဖြတ်ပြီး
ငါတို့ကိုအလေးအနက်ပြောပြနေတယ်။
သူတို့က– စည်းလုံးကြတဲ့၊
ကိုယ့်လူမျိုးကိုယ်ကာကွယ်ကြ
မင်းတို့အတွက် ဟိုအဝေးကြီးမှာပေးဆပ်နေကြတယ်
ကျေးကျွန်စနစ်ရဲ့နှောင်ကြိုးတွေဟာ
ငါတို့လွတ်လပ်ရေးအတွက်အကြိမ်ကြိမ်ပေးဆပ်နေကြရတယ်
လို့ ဘိုးဘေးတွေက သတိပေးခဲ့တယ်။

ညတာကလည်းရှည်
ဒဏ်ရာကလည်းနက်
ကျင်းကလည်းမှောင်
နံရံတွေကလည်းမတ်ပါဘိ။

The hells we have lived through and live through still,
Have sharpened our senses and toughened our will.
The night has been long.
This morning I look through your anguish
Right down to your soul.
I know that with each other we can make ourselves whole.
I look through the posture and past your disguise,
And see your love for family in your big brown eyes.

ငါတို့တွေဖြတ်သန်းခဲ့တဲ့၊ ဖြတ်သန်းနေတဲ့ ငရဲဘဝတွေဟာ
ငါတို့ရဲ့အာရုံတွေကို ထက်မြက်စေ
ငါတို့ရဲ့ပိုင်းဖြတ်ချက်ကို ခိုင်မာစေခဲ့တယ်။
ညတာကလည်းရှည်
ဒီမနက်တော့ မင်းရဲ့နာကျည်းမှုကိုဖြတ်သန်းပြီး
မင်းရဲ့နှလုံးသားအထိ ငါကြည့်မိတယ်။
ငါတို့နှစ်ယောက် အတူရှိနေခြင်းအားဖြင့်
ငါတို့ဟာ အပြည့်တခုဖြစ်နိုင်တယ်။
မင်းရဲ့ကိုယ်ဟန်အနေအထားနဲ့
မင်းဟန်ဆောင်ထားတာကိုဖြတ်သန်းပြီး
မင်းရဲ့အညိုရောင်မျက်လုံးကြီးတွေထဲက
မင်းရဲ့ ကိုယ့်မိသားစုအပေါ်ထားရှိတဲ့မေတ္တာကိုမြင်မိတယ်။

I say, clap hands and let's come together in this meeting ground,
I say, clap hands and let's deal with each other with love,
I say, clap hands and let us get from the low road of indifference,
Clap hands, let us come together and reveal our hearts,
Let us come together and revise our spirits,
Let us come together and cleanse our souls,
Clap hands, let's leave the preening
And stop impostering our own history.
Clap hands, call the spirits back from the ledge,
Clap hands, let us invite joy into our conversation,
Courtesy into our bedrooms,
Gentleness into our kitchen,
Care into our nursery.

ငါပြောမယ် – လက်ခုပ်တီးပါ၊ ဒီနေရာမှာ အတူစုစည်း
ရအောင်
ငါပြောမယ် – လက်ခုပ်တီးပါ။ တဦးနဲ့တဦးမေတ္တာနဲ့ဆက်ဆံ
ရအောင်
ငါပြောမယ် – လက်ခုပ်တီးပါ။ မသိကျိုးကျွံလုပ်တယ်ဆိုတဲ့
အောက်တန်းကျမှုကနေ လမ်းခွဲရအောင်
လက်ခုပ်တီးပါ။ ငါတို့အတူထွက်လို့ရင်ထဲမှာရှိတာတွေကို
ဖော်ထုတ်ရအောင်
ငါတို့အတူတွဲပြီး ကိုယ့်ဝိညာဉ်ကိုယ်ပြန်ဆန်းစစ်ရအောင်
ငါတို့အတူတွဲပြီး ကိုယ့်ဝိညာဉ်ကိုယ်သန့်စင်ကြရအောင်
လက်ခုပ်တီးပါ။ ကိုယ်လက်သန့်စင်တာကနေခွာလိုက်ပါ
ကိုယ့်သမိုင်းကိုယ် ဖုံးကွယ်နေတာကိုရပ်လိုက်ပါ
လက်ခုပ်တီးပါ။
ဝိညာဉ်တွေကို ကြွက်လျှောက်ပေါ်ကနေပြန်ခေါ်ပါ
လက်ခုပ်တီးပါ။ တို့စကားဝိုင်းထဲကို ပျော်ရွှင်မှု
အိပ်ခန်းထဲကို မွန်ရည်မှု
မီးဖိုချောင်ထဲကို ကြင်နာမှု
ကလေးတွေဆီကို ဂရုစိုက်မှုတွေ ဖိတ်ခေါ်လိုက်ပါ။

The ancestors remind us, despite the history of pain
We are a going-on people who will rise again.

And still we rise.

နာကျင်ခါးသီးတဲ့သမိုင်းထဲမှာပဲ ဘိုးဘေးတွေက
တို့ကို သတိပေးတယ်
တို့ဟာပြန်ထလာမယ့် ရှေ့ကိုချီတက်နေသူတွေဖြစ်တယ်တဲ့။

ငါတို့ပြန်ထမြဲ ထလာတယ်။

• • • • • • • • • • • •

# နာဂစ်လွန်

# ပြင်ဆင်ရေး

သမိုင်းမှာ မကြုံဖူးတဲ့ အရေးကိစ္စတွေ ပေါ်ပေါက်ပြီးရင် သုံးသပ်၊ နိဂုံးချုပ်လုပ်ရလေ့ ရှိပါတယ်။ ဒါကို သိပ္ပံပညာရှင်တွေ အတတ်ပညာသည်တွေ၊ လူမှုရေးပညာရှင်တွေ၊ အုပ်ချုပ်သူတွေသာမက မီဒီယာတွေ၊ လူမှုရေးလုပ်ငန်းလုပ်သူတွေပါ ပါဝင်လုပ်ဆောင်သင့်ပါတယ်။ ဒ့ါအပြင် သာမန်ပြည်သူတွေလည်း ကိုယ့်ရှုထောင့်ကနေ သုံးသပ်တာ လုပ်သင့်ပါတယ်။ ဒီလို သုံးသပ်ရာမှာ ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းရော ဖြစ်ပေါ်လာတဲ့အခါမှာ ရင်ဆိုင်နည်း၊ ဖြစ်ပြီးနောက်မှာ ကူညီကယ်တင်နည်း စတာတွေကိုလည်း သုံးသပ် နိဂုံးချုပ်သင့်ပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းလို့ခေါ်ကြတဲ့ တကမ္ဘာလုံးကို သြဇာသက်ရောက်တဲ့ စီးပွားရေးစနစ်ကြီးပေါ်လာတဲ့နောက်မှာ ကမ္ဘာအနှံ့ သဘာဝကပ်ဘေးတွေ အမျိုးမျိုးတိုးများလာတာကို သတိပြုမိကြတယ်။ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ တောမီးဘေးစတာတွေ ဖြစ်ပွားမှုဟာ ပိုစိပ်လာရုံမက အင်တင်ဘေးတွေလည်း ဆက်လက်တည်ရှိနေတာ တွေ့ရပါတယ်။ နောက်ပြီး တခါဖြစ်ပြီးတဲ့ နေရာတွေမှာ ထပ်ပြီးဖြစ်တာမျိုးလည်းတွေ့နေရပါတယ်။ ဗမာပြည်သားတွေအနေနဲ့ ပြီးခဲ့တဲ့နာဂစ်မုန်တိုင်းကြီးနဲ့ပတ်သက်ပြီး ဘယ်လို နိဂုံးချုပ် သင်ခန်းစာယူတယ်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

ဗမာပြည်ရဲ့သမိုင်းမှတ်တမ်းတွေမှာ မတွေ့ရဖူးတဲ့ အတိုင်းအတာရှိတဲ့ နာဂစ်မုန်တိုင်းကြီးဟာ ကမ္ဘာကြီးပူနွေးလာမှု၊ မြစ်ဝကျွန်းပေါ် ဒေသရှိ ဒီရေဝင်လမုတောတွေကို စစ်အစိုးရနဲ့အပေါင်းပါတွေက ပျောက်ကွယ်သွားလုနီးပါး အရမ်းခုတ်ယူမှု စတာတွေကြောင့် ပေါ်လာတာ၊ ဖြစ်ပွားလာတာလို့ ပညာရှင်တွေက ဆိုကြပါတယ်။ အဲဒီတော့ ဒီအကြောင်းရင်းနှစ်ခုမှာ ဘယ်ဟာကို ဘယ်လို ကာကွယ်ရမယ်ဆိုတာ စဉ်းစားကြံဆကြရပါမယ်။

လေဘေးကြီးအပြီး လုပ်ငန်းတွေနဲ့ပတ်သက်လို့ ပြည်သူတွေဘက်က နိဂုံးချုပ်မိတာကတော့ ပြည်သူပြည်သားချင်း ရိုင်းပင်းကူညီကြရမယ်။ ရိုင်းပင်းကူညီခွင့် ရရှိစေရမယ်။ နိုင်ငံတကာအကူအညီကို အရှေ့အနောက် ဘယ်ကဖြစ်ဖြစ် အစောဆုံး၊ အမြန်ဆုံး ရယူရမယ်၊ နောက်ပြီး အုပ်စိုးသူအစိုးရက တကိုယ်ကောင်းဆန်လွန်းရင် အစိုးရလုပ်သမျှဟာ ဒီလုပ်ငန်းတွေအတွက် အတားအဆီး ဖြစ်လာနိုင်တယ် စတာတွေ ဖြစ်ပါတယ်။

နအဖ စစ်အုပ်စုကတော့ ဒီလိုမသုံးသပ်ပါဘူး။ သူတို့သုံးသပ်တာဟာ ဒီလိုကပ်ဘေးကြီးတွေဖြစ်ပေါ်လာရင် သူတို့အာဏာကို ခြိမ်းခြောက်တဲ့ လုပ်ရပ်တွေ၊ လှုပ်ရှားမှုတွေပေါ်ပေါက်လာနိုင်တယ်။ နိုင်ငံတကာအစိုးရတွေနဲ့ အဖွဲ့အစည်းတွေ ဝင်ရောက်လာနိုင်တယ်၊ သူတို့နဲ့ထိပ်တိုက်တွေ့ရတတ်တယ်၊ ဒါကြောင့် ပြည်တွင်းမှာ ဦးဆုံးငြိမ်ဝပ်ပိပြားအောင် လုပ်ထားရမယ်။ ဒီလိုအချိန်မှာ အာဏာစက်ကို ပိုမိုတင်းကျပ်ရမယ် စသဖြင့် ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့အခါမှာ နာဂစ်မုန်တိုင်းအကြောင်းပြုပြီး အဖမ်းခံရသူတွေ၊ အခြိမ်းခြောက်ခံရသူတွေ၊ သွားလာမှုကန့်သတ်တာ၊ နယ်နှင်တာတွေ တောက်လျှောက်တွေ့နေရပါတယ်။ သူတို့ရဲ့စစ်တပ်၊ ရဲ၊ မီးသတ် စတာတွေဟာ ဒီလိုကာလကြီးမှာ လေဘေး ကူညီရေးအလုပ်အစား စစ်အုပ်စုအာဏာထိန်းသိမ်းကာကွယ်ရေးကို သဲသဲမဲမဲလုပ်နေကြပါတယ်။ သူတို့နဲ့တပါတည်း ကြံ့ဖွံ့၊ စွမ်းအားရှင်တွေကလည်း ငြိမ်ဝပ်ပိပြားရေးအတွက် တက်တက်ကြွကြွလှုပ်ရှားနေကြပါတယ်။ ဗမာပြည်မှာ ဒါလောက်ဆိုးဝါးလှတဲ့ နာဂစ်မုန်တိုင်းကြီး မဖြစ်စီမီနဲ့ ဖြစ်ပြီးနောက် နအဖ ရဲ့လုပ်ငန်းတွေမှာ ဘာများအပြောင်း အလဲ ရှိခဲ့သလဲ။ သူတို့လုပ်လက်စအာဏာ တည်မြဲရေးလုပ်ငန်းတွေကို နည်းနည်းလေးမှ အထစ်အငေ့ါမရှိ အရှိန်မပျက် လုပ်နေတာပဲ မဟုတ်ပါလား။

တကယ်တော့ ဒီနာဂစ်လေဘေးကြီးဟာ ဗမာပြည်သမိုင်းမှာ သာမန် သဘာဝဘေး မှတ်တိုင်ကြီးတခုသာမက နအဖ ရဲ့ ယုတ်မာမှုမှတ်တိုင်ကြီးလည်း ဖြစ်ပါတယ်။

စစ်တပ်တခုကို နိုင်ငံရေးအပေါ် အခြေမခံဘဲ ကြေးစားသဖွယ် အခွင့်အရေးတွေနဲ့ သိမ်းသွင်းတည်ဆောက်ခဲ့တဲ့ စစ်အုပ်စုခေါင်း ဆောင်တွေဟာ သူတို့ရဲ့နောက်လိုက်တွေ မွေးရာမှာလည်း လေဘေးဒုက္ခသည်တွေဆီက လုယူစားသုံးရေးကအစ အခွင့်အရေးမျိုးစုံပေးပြီး သူတို့အပေါ် သစ္စာရှိအောင် လုပ်ထားပါတယ်။ ဒီလိုနဲ့ သူခိုးကြီးတော့ဓားပြဆိုတာလို ဒီတိုင်းပြည်မှာ မြစ်မချမ်းသာဖြစ်လာရတာပါပဲ။ အခုဆိုရင် နေရာအများအပြားမှာ သူတို့ခြေ သူတို့လက်ချည်းဆိုလို့ရရုံမက သူတို့ စားကွက်၊ ဝါးကွက်ချည့်လို့လည်း ပြောလို့ရလာပါပြီ။ ဒ့ါအပြင် သူတို့ဟာ ဒေသဆိုင်ရာရဲ့ ရယက စတာတွေနဲ့ ပခုံးချင်းယှဉ်တာ၊ သူတို့က တမူးသာ လုပ်တာတွေလည်း မြင်လာနေရပါတယ်။ တနယ်တမင်းကနေ တမြို့တမင်းဖြစ်လာနေပါပြီ။ ၁၉၆၈ခုနှစ် ရခိုင်လေဘေးဖြစ်ပွားပြီးတော့ ဦးနုဟာ ရန်ကုန်မှာ အလှူခံထွက်ပါတယ်။ ဗိုလ်နေဝင်းက ဘာမှမပြောပါဘူး။ အခု အဲဒါမျိုးကို ဦးအောင်ရွှေလုပ်လို့ မရပါဘူး။ ကြံ့ဖွတ် – စွမ်းအားရှင်နဲ့တွေ့သွားမှာ သေချာပါတယ်။

ဒီကြံ့ဖွတ်၊ စွမ်းအားရှင် စတာတွေ ပေါ်ပေါက်လာတဲ့ သမိုင်းကို ကြည့်လိုက်ရင် သူတို့ပေါ်ပေါက်လာတာကိုက ပြည်သူလူထုကို ဖိနှိပ်ဖို့သက်သက် ဖြစ်တယ်ဆိုတာ တွေ့နေရတယ်။ နအဖ အစိုးရဟာ စစ်တပ်၊ ရဲ၊ ရယကစတဲ့ သူတို့ လက်ထဲမှာရှိနေတဲ့ ဖိနှိပ်ရေး ယန္တရားတွေနဲ့ ဖိနှိပ်တာအပြင် တခြားနည်းနာတွေနဲ့ ဖိနှိပ်ဖို့၊ အကြမ်းဖက်ဖို့အတွက် ဒီအဖွဲ့တွေကို မွေးထုတ်လိုက်တာလို့ပြောရင် မမှားပါဘူး။ သူတို့အရင် စစ်အုပ်စုတွေတောင် မကြံ့ရဲတဲ့အကြံကို အကောင်အထည်ဖော်လိုက်တာ ဖြစ်ပါတယ်။သူတို့အတွင်း ကွဲလွဲမှုတွေ ဖြစ်ချင်လည်းဖြစ်စေတော့ ဆိုပြီး အခုတော့ ဘီလူးကြီးကို ပုလင်းလေးထဲ ပြန်ထည့်လို့ မရတော့တာ တွေ့နေရပါတယ်။

ဒီလိုနဲ့ ပြည်တွင်းပြည်ပမှာ ဒီသရဲကို ဘယ်သူကအသက်သွင်း၊ ဘယ်သူက မွေးထားတာလဲ ဆိုတာတွေ ပြောဆိုငြင်းခုံရတဲ့ အခြေအနေကို ရောက်လာပါပြီ။ ရွေးကောက်ပွဲမှာ နအဖ ကို ကိုယ်စားပြုမယ့် လူတွေလို့ အားလုံးကတွက်ပြီး စောင့်ကြည့်ရတဲ့ အနေအထားကိုလည်း ရောက်လာနေပါတယ်။ ဒီနေရာမှာ တခုပဲ သတိပေးချင်ပါတယ်။ အဲဒါက မဆလ ပါတီ ဗဟိုကော်မတီတွေ ဖြစ်ခဲ့တဲ့ ဗိုလ်နေဝင်းကအစ ဗိုလ်သန်းရွှေအထိဖြစ်တဲ့စစ်အုပ်စု ခေါင်းဆောင်တွေဟာ သူတို့လိုတုန်းကတော့ မဆလ သဘောတရားနဲ့ မဆလပါတီကို မိုးထိအောင်မြှောက်ပင့်ပြောဆိုခဲ့ပြီး မလိုတော့လည်း ဘာသံမှမပြုပဲ ဘယ်တုန်းကမှ မတည်ရှိခဲ့ဖူးလေဟန်နဲ့ အမှိုက်ပုံထဲကို တိတ်တိတ်စွန့်ပစ်ခဲ့ကြတယ်။ ဒီစစ်အုပ်စုရဲ့ လုပ်ဟန်ကို လက်ရှိကြံ့ဖွတ် – စွမ်းအားရှင် ဆိုသူတွေ သင်ခန်းစာ ယူနိုင်ကြရင် အကျသက်သာမှာပါ။

ဖဆပလ ဘုန်းကြီးနေတုန်းက အတိုက်အခံတွေနဲ့ ဆရာကြီးသခင် ကိုယ်တော်မှိုင်းအပါ သူတို့မနှစ်သက်သူတွေကို တိုက်ခိုက်ဖို့ အတွက်ပြူစောထီးတွေ ဖွဲ့ခဲ့ရမ်းခဲ့တာ ဘယ်နှနှစ်မှ မကြာဘူး ဖဆပလ ကွဲရာမှာ ပြူစောထီးကိစ္စဟာလည်း အရေးပါတဲ့အကြောင်း တရပ်အဖြစ် ပေါ်လာတယ်ဆိုတာ မမေ့သင့်ပါဘူး။ ဗိုလ်ခင်ညွန့်နဲ့ ကွဲရာမှာ ကြံ့ဖွတ်တွေရဲ့ကိစ္စ ကင်းမှကင်းရဲ့လားဆိုတာ စဉ်းစားစရာတွေ ရှိနေပါတယ်။

သေချာတာတခုကတော့ အခုလို တရားမဲ့၊ ဓားမဲ့ လူတွင်ကျယ်လုပ် အနိုင်ကျင့် ရမ်းကားတာတွေကို မခံနိုင်သူက ဖြစ်တဲ့ နည်းနဲ့ လက်တုံ့ပြန်တာ၊ လက်စားချေတာတွေ တဖြည်းဖြည်းပေါ်လာနေတာပါပဲ။ ဖိရင်ပြားတယ်ဆိုတာဟာ နေရာတကာမှာ မမှန်ပါဘူး။ ဖိရင်ကြွတယ်၊ ထိရင်ချတယ် ဆိုတာကို မေ့လို့မဖြစ်ပါဘူး။ တချို့က ဆိုရင် လက်နက်ရှာမှဖြစ်မယ်၊ လက်နက်နဲ့ ပြန်ချမှဖြစ်မယ်ဆိုတဲ့ အထိတောင် ဒေါသတွေ ထွက်နေကြပါတယ်။

ဒီတခါ နာဂစ်မုန်တိုင်းဟာ နအဖ စစ်အစိုးရကို လူထုဘက် ပြန်လှည့်လာအောင်၊ လူထုရဲ့မေတ္တာပြန်ယူလို့ ရအောင် အခွင့်အရေးတွေ ပေးခဲ့ပေမယ့် လူထုကို ကြောက်ရွံ့မုန်းတီးတဲ့ နအဖ အာဏာပိုင်တွေဟာ လူထုနဲ့ပိုပြီးဝေးတဲ့ နေရာကိုသာ ဖဲကျဉ်ထွက်သွားခဲ့တယ်။ သူတို့ရဲ့ရပ်တည်ချက်၊ အခြေခံ သဘောထားတွေကို ပိုရှင်းသွားစေခဲ့တယ်။ နောင်ဆိုရင် နာဂစ်လွန်နိုင်ငံရေးရယ်လို့တောင် တကဏ္ဍသီးသန့်ရေးလာရနိုင်စရာရှိပါတယ်။ ဗိုလ်သန်းရွှေတို့လူစု လူထုဆီကို ပြန် မလာစတမ်း ကျောခိုင်းသွားတဲ့ အချိန်လို့ ပြောရင် ရမယ်ထင်ပါတယ်။ ဒီကာလဟာ နအဖ အနေနဲ့ ဖွဲ့စည်းပုံ ကိစ္စပြီးလို့ ရွေးကောက်ပွဲအတွက် အချိန်လု လုံးပန်းတဲ့ ကာလ ဖြစ်ပါတယ်။ ဒါကြောင့် တတိုင်း တပြည်လုံး ပူဆွေးဝမ်းနည်းနေချိန်မှာ စစ် အာဏာရှင်တွေက ဖမ်းစရာဆီးစရာ၊ နှိပ်ကွပ်စရာတွေနဲ့ ပတ်သက်လာရင် အရင်အတိုင်း တမိနစ် မဆိုင်း အကောင်အထည်ဖော်ဆဲ။ ကြံ့ဖွတ် – စွမ်းအားရှင်တွေကလည်း သခင်အားရ ကျွန်ပါးဝ၊ အသားကုန် အစွမ်းပြနေဆဲ၊ ဘာမှ မပြောင်းလဲ၊ နာဂစ်မုန်တိုင်းကြီး ပေါ်ခဲ့လို့လည်း စစ်အာဏာရှင်တွေရဲ့ စိတ်တွေ ပျော့ပျောင်းမသွားဘူးဆိုတာ ထင်ရှားနေပါတယ်။ နအဖ စစ်ဗိုလ်တွေဟာ မုန်တိုင်း ဒုက္ခသည်တွေကို စာနာမှု၊ ကြင်နာမှု မဖော်ပြဘဲ ဒါဟာ ကံမကောင်းလို့ ဖြစ်တယ်လို့ပြောခဲ့ပါတယ်။ ဒါဟာ မင်းတို့ ကံပဲလို့ တိုက်ရိုက်မပြောရုံပါ။

အခုလည်း နအဖ ဟာ ဒုက္ခသည်တွေကို ပေယျာလကန်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိတ်လုံးပန်းနေပါတယ်။ ကြိတ်လုံးပန်းတယ်လို့ ပြောရတာက နအဖ ဟာ တတိုင်းတပြည်လုံးကို ပါတီတွေ ဖွဲ့ကြပါ၊ ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြပါလို့ မပြောဘဲ သူတို့လိုလားတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့သာ လက်ကုတ်လုပ်ကိုင်နေလို့ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ကျင်းပမယ် ဆိုတုန်းက ဒီလိုမဟုတ်ပါဘူး။ အဲဒီတုန်းက နိုင်ငံရေးသမားတွေကို အကျဉ်းထောင်ထဲ၊ အိမ်ချုပ်ထဲလည်း မထားခဲ့ပါဘူး။

ဒ့ါအပြင် အဲဒီတုန်းက အခြေအနေနဲ့ အခုအခြေအနေတို့အကြား ကွဲပြားတာတွေ အတော်များနေပါပြီ။ ဟိုတုန်းက ၈၈ လူထုအုံကြွမှုကြီးရဲ့ အရှိန်အဝါ မြင့်မြင့်မားမားရှိနေဆဲ ဖြစ်ပါ တယ်။ လူထုဟာ မိမိတို့တိုက်ပွဲရဲ့ အသီးအပွင့်ဖြစ်တဲ့ ရွေးကောက်ပွဲကြီးမှာ ၈၈ စိတ်ဓာတ်ကို အပြတ်ဖော်ပြလိုက်မယ်လို့ အားခဲထားကြချိန် ဖြစ်ပါတယ်။ နောက်ပြီး ဖွဲ့စည်းကြတဲ့ အတိုက်အခံပါတီများမှာလည်း အောင်ပွဲခံစိတ်ဓာတ်တွေ ပြည့်လျှမ်း နေပါတယ်။ မဝေးလိုက်တဲ့ အတိတ်ကို ပြန်ကြည့်လိုက်ရင်လည်း စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ ကူးပြောင်းခဲ့တဲ့ “၁၉၆၀ ခုနှစ် အစဉ်အလာ” ကိုလည်း အထင်အရှား မြင်နေရတယ် မဟုတ်ပါလား။

အခုတော့ အခြေအနေတွေက အဲဒီလို မဟုတ်ပါဘူး။ တရားဝင်အတိုက်အခံ ပါတီဆိုတာ လက်ချိုးရေလို့ရတဲ့ အရေအတွက်ပါ။ နောက်ပြီး သူတို့ဟာ မသေမရှင်နဲ့ နာမည်ခံ နိုင်ငံရေးပါတီလောက် ဖြစ်နေရပါတယ်။ သူတို့ရဲ့ခေါင်းဆောင် အမြောက်အမြားဟာ နှစ်ပေါင်းများစွာ အကျယ်ချုပ်ခံရ အထိန်းသိမ်းခံရနဲ့ အဖွဲ့အစည်းဟာလည်း ဘာမှ လွတ်လွတ်လပ်လပ် မလုပ်နိုင်ပါဘူး။

ဒီလို ဘာမှအားတက်စရာ မကောင်းတဲ့ နိုင်ငံရေးဇာတ်ခုံမှာ လူထုအခန်းကိုလည်း ထွန်းကားလို့ မရဘူး ဖြစ်နေပါတယ်။ ဒါကြောင့်မို့ လူထုဟာ ဘေးက ပွဲကြည့်ပရိသတ်လိုဖြစ်နေရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲဟာ နအဖ ရဲ့ ဖွဲ့စည်း ပုံအောက်မှာ သူတို့ အာဏာတည်မြဲမှုကိုသာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ဘာအပြောင်းအလဲမှ မဖြစ်စေနိုင်ဘူးဆိုတာ လူတိုင်းသိနေကြပါတယ်။ ဒါကြောင့် လူထုကြီးရဲ့ တက်တက်ကြွကြွ ပါဝင်မှုကို မျှော်လင့်လို့ မရပါဘူး။

ဒါတွေနဲ့ပြောင်းပြန် အခုအခါမှာ ဒီမိုကရေစီအားလုံးကို တဦးတည်း မောင်ပိုင်စီးထားတဲ့ နအဖ ဟာ သူတို့ လုပ်ချင်တာကို မိုက်မိုက်ရိုင်းရိုင်း ဇွတ်တိုးပြီး လုပ်ပါတော့မယ်။ ပြန်ပြင်ဖို့၊ နောက်ဆုတ်ဖို့မပြောနဲ့ ခဏဆိုင်းပြီးစဉ်းစားမယ့် လက္ခဏာတောင် မတွေ့ရပါဘူး။

ဒီလိုအခြေအနေမှာ မိမိတို့ ဘာလုပ်ကြမလဲ၊ ဘာလုပ်နိုင်သလဲဆိုတာကို စဉ်းစားကြရမှာပါ။ စိတ်ကူးယဉ်နေလို့ မဖြစ်ပါဘူး။ နာဂစ်အလွန် နိုင်ငံရေးဟာ ဗမာပြည်နိုင်ငံရေးရဲ့ သမိုင်းအချိုးအကွေ့ကာလကြီး ဖြစ်လာပါလိမ့်မယ်။ အကောင်းဘက်ကို ပြောင်းလဲအောင် ဝိုင်းဝန်းစဉ်းစားပြီး ဝိုင်းဝန်းလုပ်ဆောင်ကြရမယ့်အချိန် ဖြစ်ပါတယ်။ ‘သဘာဝနာဂစ်’ထက် ‘စစ်အုပ်စု လုပ်မယ့် နာဂစ်’က ပိုပြီးအဝန်းအဝိုင်း ကျယ်ပါလိမ့်မယ်။ ‘သဘာဝနာဂစ်’လို မြန်မြန်လာ မြန်မြန်ပျောက်သွားတာ မဟုတ်ဘဲ တပြည်လုံးမှာ ရေရှည်တိုက်နေမယ့် ‘ဖောက်ပြန်ရေးမုန်တိုင်း’ ဖြစ်ပါတယ်။

**‘သဘာဝနာဂစ်’ထက်**
**‘စစ်အုပ်စုလုပ်မယ့် နာဂစ်’က**
**ပိုပြီးအဝန်းအဝိုင်း ကျယ်ပါလိမ့်မယ်**

# ညိုမှိုင်းတောင်တန်းများမှသည် လွှတ်တော်ခန်းမဆီသို့

## ထွက်တော်မူနန်းကခွာပြီ

နီပေါနိုင်ငံရဲ့ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ်ဧပြီလ ၁၀ ရက်နေ့က ကျင်းပခဲ့ပါတယ်။ ဒီဥပဒေပြုလွှတ်တော်ဟာ သက်တမ်း ၂ နှစ်ရှိမှာဖြစ်ပြီး အဲဒီသက်တမ်းအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရမှာ ဖြစ်ပါတယ်။




ကိုယ်စားလှယ် စုစုပေါင်း ၆၀၁ ဦး ရှိမှာဖြစ်ပြီး ၅၇၅ ဦးကို ပြည်သူတွေက ရွေးခြယ်တင်မြှောက်တယ်။ ကျန် ၂၆ ဦးကိုတော့ ဝန်ကြီးချုပ်က ခန့်အပ်မှာဖြစ်ပါတယ်။

နီပေါဥပဒေပြုလွှတ်တော်ရဲ့ ပထမအကြိမ်အစည်းအဝေးမှာ နီပေါနိုင်ငံကို သမ္မတနိုင်ငံအဖြစ် ကြေညာခဲ့တယ်။ နီပေါဘုရင် ဂျာနင်ဒရာကို နန်းတော်က ထွက်ခွာဖို့ လွှတ်တော်က ဆုံးဖြတ်ခဲ့တယ်။ အဲဒီအမိန့်ကို ဘုရင်ကလည်း လက်ခံခဲ့တယ်။ နန်းတော်ကခွာပြီး သာမန်အရပ်သားအဖြစ်ပဲ နီပေါနိုင်ငံမှာ ဆက်နေထိုင်သွားမှာ ဖြစ်တယ်။ အဲဒီနန်းတော်ကိုတော့ ပြတိုက်အဖြစ်ထားရှိမှာဖြစ်ပါတယ်။ ရာစုနှစ်နဲ့ချီပြီး နီပေါနိုင်ငံကို အုပ်စိုးလာတဲ့ သက်ဦးဆံပိုင်ဘုရင်စနစ် အဆုံးသတ်သွားခဲ့ပါပြီ။

## နီပေါနယ်မြေ၊ ပြည်သူနဲ့ စီးပွားရေး

နီပေါနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ လေးထောင့်စပ်စပ်ပုံရှိပြီး စတုရန်းကီလိုမီတာ ၁၄၇,၀၀၀ ကျယ်ဝန်းတယ်။ နယ်မြေရဲ့ ၇၅%ဟာ တောင်တန်းတွေ ဖြစ်တယ်။ အနားသုံးဘက်ဟာ အိန္ဒိယနိုင်ငံနဲ့ နယ်မြေချင်းဆက်စပ်နေတယ်။ နယ်စပ်အရှည် ၁,၇၄၆ ကီလိုမီတာရှိတယ်။ တောင်ထူထပ်တဲ့ မြောက်ဘက်မှာတော့ တရုတ်ပြည်တိဗက်ဒေသနဲ့ နယ်မြေချင်းဆက်စပ်နေတယ်။ ကီလိုမီတာ ၁,၁၀၀ ရှိတယ်။

၂၀၀၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ စုစုပေါင်း ၂၃ သန်းကျော်ရှိတယ်။ အခု ၂၀၀၈ ခုနှစ်မှာတော့ ၂၉ သန်း ပတ်ဝန်းကျင်ရှိမယ်လို့ ခန့်မှန်းကြတယ်။ အများစုက ကျေးလက်မှာ နေထိုင်ကြတယ်။ မြို့ပြမှာ နေထိုင်သူက ၁၅% မျှသာ ရှိတယ်။ အများစုပြည်သူတွေဟာ လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးကြတယ်။

နီပေါကို အလျားလိုက်သုံးပိုင်းပိုင်း ပြောလေ့ရှိတယ်။ အိန္ဒိယနိုင်ငံနဲ့ နယ်မြေချင်းကပ်နေတဲ့ တောင်ဘက်ဆုံး အပိုင်းက မြေဆီဩဇာကောင်းပြီး တရိုင်း (သို့မဟုတ်) လွင်ပြင်ဒေသလို့ ခေါ်တယ်။ နီပေါလူဦးရေ စုစုပေါင်းရဲ့ ၄၈% ဟာ အဲဒီဒေသမှာ နေထိုင်တယ်။ အများစုဟာ မဒေဆီ (Madhesi) တွေ ဖြစ်ပါတယ်။ အလယ်ပိုင်းတောင်ကုန်းဒေသကတော့ တောင်တွေထူထပ်တယ်။ အမြင့် မီတာ ၆၀၀ ကနေ ၄,၀၀၀ ပတ်ဝန်းကျင်ရှိတဲ့ တောင်တွေ ဖြစ်တယ်။ ဒီအလယ်ပိုင်းမှာ မြို့တော်ခတ္တမန်ဒူရှိပြီး နီပေါနိုင်ငံရဲ့ နိုင်ငံရေးကို လွှမ်းမိုးထားတာ ဒီအလယ်ပိုင်းပဲ ဖြစ်ပါတယ်။ မြောက်ဘက်ဆုံးအပိုင်းကတော့ ဧဝရက်အပါအဝင် အမြင့်ဆုံးတောင်တွေ တည်ရှိပြီး တရုတ်ပြည်တိဗက်ဒေသနဲ့ ထိစပ်နေတယ်။ နီပေါနိုင်ငံရဲ့ အနောက်ဘက်ဟာ တောင်ထူထပ်ပြီး တိုင်းပြည်ရဲ့အဆင်းရဲဆုံး ဒေသတွေလည်း ဖြစ်တယ်။ ကွန်မြူနစ်တွေကို အခိုင်မာဆုံး ထောက်ခံနေတဲ့ဒေသတွေလည်း ဖြစ်တယ်။

နီပေါနိုင်ငံရဲ့ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) ဟာ ၂၀၀၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၉ ဘီလျံ ရှိတယ်။ အဲဒီအထဲမှာ လယ်ယာက ၄၀%၊ ဝန်ဆောင်မှုက ၄၀% နဲ့ စက်မှုလက်မှုက ၂၀% အသီးသီး ဖြစ်ကြတယ်။ နီပေါနိုင်ငံမှာ အလုပ်လက်မဲ့ များတယ်။ အလုပ်အကိုင်လည်း ရှားပါးတယ်။ ဒါကြောင့် နီပေါနိုင်ငံသားအများအပြားဟာ အိန္ဒိယနိုင်ငံဘက်သွားပြီး အလုပ်လုပ်ကြတယ်။ အခု နောက်ပိုင်းမှာတော့ မလေးရှားနဲ့ ပင်လယ်ကွေ့နိုင်ငံတွေအထိ ထွက်ပြီး အလုပ်လုပ်ကြတယ်။ မလေးရှားနဲ့ ပင်လယ်ကွေ့နိုင်ငံတွေမှာ အလုပ်လုပ်နေတဲ့ နီပေါနိုင်ငံသား စုစုပေါင်းဟာ ၇၀၀,၀၀၀ လောက် ရှိတယ်။ အိန္ဒိယစစ်တပ်နဲ့ ဗြိတိသျှစစ်တပ်တွေမှာ သွားအမှုထမ်းနေတဲ့ ဂေါ်ရခါးစစ်သားတွေလည်း ရှိတယ်။ နီပေါနိုင်ငံဟာ အဲဒီ စစ်မှုထမ်းတွေဆီက တနှစ်ဒေါ်လာ သန်း ၅၀ ဝင်ငွေရရှိတယ်။ မလေးရှားနဲ့ပင်လယ်ကွေ့နိုင်ငံတွေမှာ သွားအလုပ်လုပ်နေတဲ့ လူတွေ ပြန်ပို့တဲ့ငွေပါပေါင်းရင် ဒေါ်လာ ၁ ဘီလျံလောက် ရှိတယ်။

တဦးချင်းဝင်ငွေဟာ ဒေါ်လာ ၃၀၀ အောက် ဖြစ်တယ်။ ဆင်းရဲချမ်းသာ ကွာဟမှုကြီးတယ်။ နီပေါအိမ်ထောင်စု စုစုပေါင်းရဲ့ ၁၀% ရှိတဲ့ အချမ်းသာဆုံး မိသားစုတွေက စုစုပေါင်းနိုင်ငံ့ခနေဥစ္စာရဲ့ ၃၉.၁% ကို ထိန်းချုပ်ထားတယ်။ နီပေါ အိမ်ထောင်စု စုစုပေါင်းရဲ့ ၁၀% ရှိတဲ့ အဆင်းရဲဆုံးမိသားစုဝင်တွေ ပိုင်ဆိုင်တာက စုစုပေါင်းနိုင်ငံ့ခနေဥစ္စာရဲ့ ၂.၆% ပဲ ရှိတယ်။

နီပေါနိုင်ငံမှာ ဆင်းရဲချမ်းသာ ကွာဟမှုကြီးတဲ့အပြင် လူမျိုးခွဲခြားမှု၊ ဇာတ်ခွဲခြားမှုတွေလည်း ကြီးတယ်။ နီပေါနိုင်ငံ အုပ်စိုးသူလူတန်းစားတွေဟာ အနွယ်သုံးစုက လာကြတယ်။ တောင်ပေါ်ဒေသခံ အခွင့်ထူးခံတွေဖြစ်တဲ့ နီဝါ (Newars) [နီပေါလူဦးရေစုစုပေါင်းရဲ့ ၅% ရှိပြီး အဓိကအားဖြင့်ခတ္တမန်ဒူမှာ အခြေပြုတယ်]နဲ့ ဇာတ်မြင့်တွေဖြစ်တဲ့ ဗဟန်း (ဗြဟ္မဏ) [လူဦးရေရဲ့ ၁၂%] နဲ့ ခတ္တိယ (လူဦးရေစုစုပေါင်းရဲ့ ၁၉%) တို့ ဖြစ်တယ်။ အလယ်လွှာမှာ ဂျာနာဂျတီ (၃၇%) ရှိပြီး အောက်ဆုံးမှာတော့ ဇာတ်နိမ့်တလစ် (၁၃%) ရှိတယ်။ ၁၉၉၉ ရွေးကောက်ပွဲအပြီးမှာ ဗဟန်း၊ ခတ္တိယ၊ နီဝါ အနွယ်တွေက အစိုးရရာထူး စုစုပေါင်းရဲ့ ၇၅% နဲ့ လွှတ်တော်နေရာစုစုပေါင်းရဲ့ ၆၁% ကို ရယူခဲ့တယ်။

တရိုင်းဒေသမှာနေထိုင်ကြတဲ့ မဒေဆီတွေဟာ မူလဇာစ်မြစ်အရ အိန္ဒိယနွယ်ဖွားတွေဖြစ်တယ်။ နယ်စပ်တဖက်မှာရှိတဲ့ ဆွေမျိုးသားချင်းတွေနဲ့ နီးနီးကပ်ကပ် ဆက်ဆံမှုတွေရှိတယ်။ မြေယာပိုင်ဆိုင်မှုအရနဲ့ ပဒေသရာဇ်မြေရှင်စနစ် ဆက်ဆံရေးတွေ နက်ရှိုင်းမှုကြောင့် မဒေဆီတွေ အတွင်းမှာ လူတန်းစားပဋိပက္ခပြင်းထန်တယ်။ ဒါပေမဲ့ ကျန်နီပေါဒေသခံ တောင်ပေါ်သားတွေဖြစ်တဲ့ ဗဟန်း၊ ခတ္တိယ၊ နီဝါနဲ့ ဂျာနာဂျာတစ်တို့က သူတို့အပေါ် ယဉ်ကျေးမှုအရ၊ လူမှုရေးအရ ခွဲခြားနှိမ်ချဆက်ဆံမှုကြောင့် အဲဒီလူတန်းစား ပဋိပက္ခတွေဟာ မှေးမှိန်သွားရတယ်။ သူတို့ကို နီပေါနိုင်ငံသားလို့ သဘောမထားဘဲ အိန္ဒိယနိုင်ငံသားတွေလို့ သဘောထားကြတာ ဖြစ်တယ်။

## နီပေါရှေးဦးသမိုင်းနဲ့ အိန္ဒိယ – နီပေါ ချစ်ကြည်ရေးစာချုပ်

၁၇၆၈ ခုနှစ်မှာ ဂေါ်ရခါးဒေသ (မျက်မှောက်ခေတ်နီပေါအနောက်ခြမ်း) အုပ်ချုပ်သူ နာရာယန်ရှားဟာ ခတ္တမန်ဒူမြို့တော်ကို သိမ်းပိုက်နိုင်ခဲ့တယ်။ ကျန်အစပ်ပြိုင်ဘက်နယ်မြေတွေကိုပါ အောင်နိုင်လိုက်တယ်။ ဒီလိုနဲ့ ဒီနေ့ခေတ်ရဲ့ နီပေါနိုင်ငံတော် စတင်မွေးဖွားလာခဲ့တယ်။ လက်ရှိတော်ဝင်မိသားစုတွေဟာလည်း အဲဒီဘုရင်က ဆင်းသက်လာတာပဲ ဖြစ်တယ်။ အစောပိုင်း နီပေါနိုင်ငံတော်ဟာ ကက်ရှ်မီးယားနဲ့ဘူတန်တို့အထိ ကျယ်ပြောတယ်။ ဒါပေမဲ့ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီနဲ့ ဖြစ်ပွားတဲ့ ၁၈၁၄ – ၁၆ စစ်ပွဲအပြီးမှာ နီပေါဟာ အခုလက်ရှိနယ်မြေ အကျယ်အဝန်းအဖြစ် လျော့ကျသွားခဲ့တယ်။ ၁၈၄၆ ခုနှစ်မှာ ဗြိတိသျှလိုလားသူ ဂျန်းဗဟာဒူးက နန်းတွင်းအစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး ပြုလုပ်ပြီး ရာနာမင်းဆက်ကို ထူထောင်ခဲ့တယ်။ ပြင်ပကမ္ဘာနဲ့ နိုင်ငံရေးအရစီးပွားရေးအရ အဆက်ဖြတ်ထားတဲ့ပေါ်လစီကို ကျင့်သုံးခဲ့တယ်။ နယ်ချဲ့စစ်ပွဲအတွက် သစ္စာရှိ ဂေါ်ရခါး

စစ်သားတွေ ရရှိလာတဲ့ ဗြိတိသျှကလည်း ဒါကို သဘောကျခွင့်ပြု ထားခဲ့တယ်။

၁၉၄၇ ခုနှစ် အိန္ဒိယပြည် လွတ်လပ်ရေးရပြီးနောက်မှာမှ ရာနာမင်းဆက်ဟာ ပြုတ်ကျသွားခဲ့တယ်။ ရာနာအစိုးရကို ပြည်ပမှာဖွဲ့စည်းခဲ့တဲ့ နီပေါကွန်ဂရက်ပါတီက ဘုရင်တြိဘုဝဏ်ရဲ့ထောက်ခံမှုနဲ့ လက်နက်ကိုင်ပုန်ကန်ခဲ့တယ်။ ဒါကို ဒေလီက ထောက်ခံအားပေးခဲ့တယ်။ ဒီလိုနဲ့ ရာနာအစိုးရလည်း ပြုတ်ကျသွားခဲ့တယ်။ ၁၉၅၁ ခုနှစ်မှာ ဒေလီရဲ့စေ့စပ်ပေးမှုနဲ့ ဘုရင်နဲ့ကွန်ဂရက်ပါတီတို့ဟာ ကြားဖြတ်အစိုးရဖွဲ့စည်းခဲ့တယ်။ အာဏာခွဲဝေယူခဲ့ကြတယ်။ ဒီနောက်မှာ အိန္ဒိယနိုင်ငံဟာ နီပေါနိုင်ငံအပေါ် တောက်လျှောက်ဆိုသလို နှစ်ခွပေါ်လစီကျင့်သုံးလာခဲ့တယ်။ တဖက်မှာ ဘုရင်စနစ်ကို ထိန်းသိမ်းထားလိုပြီး တဖက်မှာလည်း ပါတီစုံဒီမိုကရေစီကို အားပေးတဲ့ လှေနံနှစ်ဘက် နင်းတဲ့ပေါ်လစီ ဖြစ်တယ်။

၁၉၄၉ တရုတ်ပြည်မှာ ကွန်မြူနစ်ပါတီ အာဏာရလာတယ်။ နောက်မကြာခင် တိဗက်အရေးပေါ်ပေါက်လာတယ်။ ဒီအခါမှာ အိန္ဒိယနဲ့နီပေါတို့ဟာ လုံခြုံရေးအရစိုးရိမ်မှုတွေ ဖြစ်လာခဲ့တယ်။ နီပေါက သူ့ပြည်တွင်းက ကွန်မြူနစ်တွေကို တရုတ်ပြည်က အားပေးကူညီမှာကို စိုးရိမ်လာတယ်။ အိန္ဒိယကလည်း နီပေါနိုင်ငံမှာ တရုတ်ဩဇာလွှမ်းလာမှာကို မလိုလားဘူး။ ဒါကြောင့် ၁၉၅၀ ခုနှစ်မှာ နှစ်နိုင်ငံငြိမ်းချမ်းရေးနဲ့ချစ်ကြည်ရေးစာချုပ်ကို ချုပ်ဆိုလိုက်တယ်။ ဒီစာချုပ်မှာ နယ်မြေတစည်းတလုံးတည်းရှိရေးနဲ့ လွတ်လပ်ရေးကို နှစ်နိုင်ငံစလုံးက အပြန်အလှန်အသိအမှတ်ပြုလေးစားရေး၊ နှစ်နိုင်ငံပြည်သူနဲ့ကုန်စည်တွေ အကန့်အသတ်မရှိ နှစ်နိုင်ငံအတွင်း အပြန်အလှန်ကူးသန်းသွားလာမှုကို ခွင့်ပြုရေး၊ ဒေသတွင်း လုံခြုံရေးအတွက် နှစ်နိုင်ငံ အပြန်အလှန် တိုင်ပင်ညှိနှိုင်းရေး၊ နီပေါနိုင်ငံတော် ကာကွယ်ရေးနဲ့ တပ်မတော်ကို အိန္ဒိယက အကူအညီပေးရေးနဲ့ တနိုင်ငံရဲ့လုံခြုံရေးကို ထိပါးခြိမ်းခြောက်မှုရှိလာရင် ကျန်တနိုင်ငံက လက်ခံမှာမဟုတ်ဘူးစတာတွေ ပါရှိတယ်။

၁၉၅၀ ခုနှစ်နှောင်းပိုင်းတွေနဲ့ ၁၉၆၀ ခုနှစ်တွေမှာတော့ နီပေါနဲ့တရုတ်ပြည်တို့ရဲ့ ဆက်ဆံရေးတွေ တိုးတက်ကောင်းမွန်လာတယ်။ တဖက်မှာတော့ အိန္ဒိယနဲ့ဆက်ဆံရေးဟာ ဆုတ်ယုတ်ကျဆင်းလာတယ်။ အိန္ဒိယရဲ့ဒေသတွင်း ဩဇာကြီးထွားလာမှုကို နီပေါက မနှစ်မြို့ဖြစ်လာတယ်။ ၁၉၇၅ မှာ ဆစ်ကင်းကို အိန္ဒိယနိုင်ငံတွင်း သိမ်းသွင်းလိုက်တဲ့အခါ နီပေါက ပြောင်ဆန့်ကျင်ကန့်ကွက်ခဲ့တယ်။ နီပေါနိုင်ငံအတွင်း အိန္ဒိယကုန်သွယ်ရေးနဲ့စီးပွားရေး လွှမ်းမိုးလာတာကိုလည်း မကျေမနပ်ဖြစ်လာခဲ့တယ်။ ဒီနောက်မှာတော့ နီပေါက နှစ်နိုင်ငံ ငြိမ်းချမ်းရေးနဲ့ချစ်ကြည်ရေးစာချုပ်ကို ပြန်လည်ပြင်ဆင်ဖို့ ပြောင်တောင်းဆိုလာခဲ့တာ အခုအချိန်အထိ ဖြစ်တယ်။

## နီပေါကွန်မြူနစ်ပါတီများ

နီပေါပြည်ကွန်မြူနစ်ပါတီကို ၁၉၄၉ ခုနှစ်မှာ စတင်ထူထောင်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အစိတ်စိတ်အမွှာမွှာ ပြိုကွဲခဲ့တယ်။ ၁၉၈၀ ခုနှစ်တွေမှာဆိုရင် ကွန်မြူနစ်ပါတီပေါင်း ၁၅ ခုအထိ ရှိတယ်။ ၁၉၉၀ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပထမအကြိမ်ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံကြီး (နီပေါမှာ First Jan Andolan လို့ခေါ်တယ်) အပြီးမှာတော့ ကွန်မြူနစ်ပါတီတွေအတွင်းမှာ အရေးကြီးတဲ့ ပေါင်းစည်းမှုနှစ်ခု ဖြစ်ခဲ့တယ်။ တပါတီကတော့ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သောဗဟို CPN -Unity Centre) ဖြစ်တယ်။ နောက်တပါတီကတော့ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သောမာ့က်စ် လီနင်) [CPN-UML] ဖြစ်တယ်။

CPN(UC) ကတော့ အယူအဆရေးရာမှာ ပိုပြီးပြင်းထန်တယ်။ ပြည်သူ့ဒီမိုကရေစီသစ်တော်လှန်ရေးကို အဆုံးတိုင်ဆင်နွှဲဖို့ ရည်မှန်းချက်ထားရှိတယ်။ CPN-UML ကတော့ အလယ်အလတ်ကျတယ်။ နောက်ပိုင်း ၁၉၉၅ ခုနှစ်မှာ CPN (UC) ထဲကနေပြီး အစုတစုက နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) [CPN (Maoist)] ကို ထူထောင်ခဲ့တယ်။

## ပထမအကြိမ်ပြည်သူ့လှုပ်ရှားမှုအရေးတော်ပုံ (Jan Andolan I)

၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလမှာ လူထုလှုပ်ရှားမှုအရေးတော်ပုံကြီးတရပ် ပေါ်ပေါက်ခဲ့တယ်။ ဒါကို ပထမအကြိမ်ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံလို့ခေါ်ကြတယ်။ ဒီအရေးတော်ပုံ ပေါ်ပေါက်စေတဲ့အကြောင်းအချက်တွေကတော့ – တရုတ်လက်နက်တွေကို နီပေါက တင်သွင်းတဲ့အတွက်နဲ့ နီပေါ – အိန္ဒိယ နှစ်နိုင်ငံအကြားမှောင်ခိုကုန်ကူးတာတွေကို မနှိမ်နိုင်လို့ဆိုပြီး ရာဂျစ်ဂန္ဒီအစိုးရက နီပေါအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုကို လုပ်တယ်။ ဒါကြောင့် နီပေါမှာ စီးပွားရေးကျပ်တည်းမှုတွေ ဖြစ်လာတယ်။ နယ်စပ်ပိတ်ထားတာ ပြန်ဖွင့်လာအောင် ဒေလီနဲ့ ပြေလည်အောင် မဖြေရှင်းနိုင်တဲ့အတွက်ကြောင့်ရော နီပေါ သက်ဦးဆံပိုင်ဘုရင်စနစ် တခုလုံးအပေါ်မှာပါ လူထုဟာ မကျေနပ်မှုတွေ တိုးပွားလာတယ်။ ဒါ့အပြင် ၁၉၈၀ နှောင်းပိုင်းတွေမှာ နိုင်ငံတကာမှာပေါ်ပေါက်ခဲ့တဲ့ ဒီမိုကရေစီလှုပ်ရှားမှုတွေက နီပေါမြို့ပြ ပညာတတ်များနဲ့ တက်ကြွလှုပ်ရှားသူတွေ အတွက် အားတက်ဖွယ်ရာ ဖြစ်စေခဲ့တယ်။

အကြီးဆုံးလက်ဝဲပါတီကြီးနှစ်ခုဖြစ်တဲ့ မော်စကိုလိုလားတဲ့ နီပေါကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ) နဲ့ ပီကင်းလိုလားတဲ့ နီပေါကွန်မြူနစ်ပါတီ (မာ့က်စ်လီနင်) တို့ အကြား အလုပ်တူတွဲလုပ်ဖို့ သဘောတူညီချက် ရလိုက်တာဟာလည်း အရေးပါတဲ့ အကြောင်းအချက် ဖြစ်တယ်။ ကျန်တခြား လက်ဝဲအစုလေးတွေနဲ့ပေါင်းပြီး လက်ဝဲညီညွတ်ရေးတပ်ဦးဖွဲ့လိုက်တယ်။ ၁၉၈၉ ခုနှစ်အတွင်းမှာ နီပေါကွန်ဂရက်ပါတီနဲ့ ပေါင်းပြီး ညီညွတ်ရေးတပ်ပေါင်းစုဆိုပြီး ဖွဲ့တယ်။ ၁၉၅၁ ခုနှစ်တုန်းက ရာနာအုပ်စိုးမှုကို ဖြိုချခဲ့တဲ့ နှစ်ပတ်လည်နေ့ကိုယူပြီး ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ "ဒီမိုကရေစီပြန်လည်ထူထောင်ရေး အရေးတော်ပုံ" (Movement for the Restoration of Democracy -MRD) ကို စတင်မယ်လို့ ကြေညာခဲ့တယ်။ ကြိုတင်ပြင်ဆင်စည်းရုံးထားတဲ့အတိုင်း လူထုကလည်း တက်တက်ကြွကြွပါဝင်ဆန္ဒပြခဲ့ကြတယ်။ ကျောင်းသား၊ ဆရာ၊ အစိုးရဝန်ထမ်း၊ အလုပ်သမားများနဲ့ ဆေးဘက်အမှုထမ်းတွေ စသဖြင့် နယ်ပယ်စုံက အကျယ်အပြန့်ပါဝင်လာကြတယ်။ ဒီလှုပ်ရှားမှုကြီးကို အိန္ဒိယအစိုးရကော၊ လန်ဒန်နဲ့ ဝါရှင်တန်ကပါ ထောက်ခံကြတယ်။

၁၉၉၀ ခုနှစ် ဧပြီ ၆ ရက်နေ့မှာ ဒီလှုပ်ရှားမှုရဲ့အလှည့်အပြောင်းတရပ် ဖြစ်ခဲ့တယ်။ ဘုရင်ဘီရင်ဒရာက အစိုးရသစ်ဖွဲ့စည်းပြီး MRD ခေါင်းဆောင်များနဲ့ စေ့စပ်ဆွေးနွေးမယ်လို့ ကြေညာလိုက်တဲ့ အခါမှာ လူထု ၅ သိန်းလောက်ဟာ အောင်ပွဲခံဖို့အတွက် လမ်းများပေါ် ထွက်လာခဲ့ကြတယ်။ အဲဒီလူထုထဲက အစိတ်အပိုင်းတရပ်က ဘုရင့်နန်းတော်ဆီ ချီတက်တဲ့အခါမှာ စစ်တပ်က ပစ်ခတ်ခဲ့တယ်။ နောက်အခြားနေရာတွေမှာလည်း စစ်တပ်က ပစ်ခတ်တာတွေ လုပ်ခဲ့တယ်။ ဒီလိုပစ်ခတ်တာတွေကြောင့် ဘယ်လောက်သေကြေသလဲဆိုတာ အတိအကျ မသိရပါ။ ဒါပေမဲ့ လူထုကတော့ အကြီးအကျယ် ဒေါသအိုး ပေါက်ကွဲခဲ့တော့တယ်။ လူထုရဲ့ဒေါသကို ထိတ်လန့်သွားတဲ့ ဘုရင်ဟာ အလျှော့ပေးလာခဲ့တယ်။ ဒီလိုအလျှော့မပေးရင်လည်း သူ့ရဲ့ နိုင်ငံ့ဖခင်ကြီးဆိုတဲ့ အနေအထားကိုပါ ဆုံးရှုံးသွားမှာ ဖြစ်တယ်။

ဧပြီလ ၁၃ ရက်နေ့မှာတော့ နိုင်ငံရေးပါတီတွေ ပိတ်ပင်ထားတာကို ပြန်လည်ပယ်ဖျက်လိုက်တယ်။ နိုင်ငံရေး အကျဉ်းသားတွေ ပြန်လွှတ်ပေးလိုက်တယ်။ နီပေါကွန်ဂရက်ပါတီနဲ့ ကွန်မြူနစ်တွေပါတဲ့ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးတယ်။ ၁၉၉၀ ခုနှစ် နိုဝင်ဘာလမှာတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တရပ်ကို ချမှတ်နိုင်ခဲ့တယ်။ ဘုရင်ရဲ့ အာဏာတွေကို လျှော့ချပစ်ထားတယ်။ ဒါပေမဲ့ တစိတ်တပိုင်းသာဖြစ်ပြီး ကျေနပ်အားရစရာ မရှိပါ။ အနှစ်သာရအားဖြင့် ဘုရင်စနစ် ဆက်ရှိနေတယ်။ ဘုရင်ဟာ နီပေါဘုရင့် တပ်မတော်ရဲ့ စစ်ဦးစီးချုပ်ဆက်ဖြစ်နေဆဲ ဖြစ်တယ်။ ဒါ့အပြင် အခြားအရေးပေါ် အာဏာတွေလည်း ဆက်ကိုင်ထားတုန်း ဖြစ်တယ်။

ဒါပေမဲ့ ဒီလှုပ်ရှားမှုကြီးရဲ့ အောင်သီးအောင်ပွင့်တွေအဖြစ် နိုင်ငံရေးပါတီတွေ လှုပ်ရှားခွင့်ရလာခဲ့တယ်။ အရပ်ဘက် အဖွဲ့အစည်းတွေ၊ ခေါင်းဆောင်တွေ ပေါ်ပေါက်လာတယ်။ လူမျိုးစုတွေနဲ့ ဇာတ်နိမ့်တွေဟာ အသိစိတ်ဓာတ်မြင့်မားလာကြတယ်။ ခွဲခြားနှိမ့်ချ ဆက်ဆံမှုကို အပြီးတိုင်ဖျက်သိမ်းပစ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်တွေ ရှိလာကြတယ်။ တဖက်မှာလည်း ဆင်းရဲချမ်းသာကွာဟမှုဟာ ပိုကြီးလာတယ်။ ပြည်တွင်းစီးပွားရေးဟာလည်း တုံ့ဆိုင်းနေတယ်။ ဒါကြောင့် ပြည်ပထွက်အလုပ်လုပ်သူတွေ များလာတယ်။ အိန္ဒိယ၊ အရှေ့နဲ့အရှေ့တောင် အာရှနိုင်ငံတွေအပြင် အာရပ်နိုင်ငံတွေအထိ ထွက်အလုပ်လုပ်သူတွေ အလွန်များလာတယ်။ အဲဒီလိုပြည်ပထွက်အလုပ်လုပ်သူတွေက ပြန်ပို့တဲ့ငွေစုစုပေါင်းဟာ (တရားဝင်ပို့တာရော၊ တရားမဝင် ပို့တာပါ) တိုင်းပြည်စုစုပေါင်းထုတ်ကုန် GDP ရဲ့ ၂၅% အထိရှိတယ်လို့ ခန့်မှန်းကြတယ်။

၁၉၉၁ ခုနှစ်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ကျင်းပတယ်။ ၁၉၅၉ နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်တယ်။ ဒီရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၅ ဦးရှိတဲ့ အနက် နီပေါကွန်ဂရက်ပါတီက ၁၁၀ အနိုင်ရတယ်။ အသစ်ဖွဲ့စည်းလိုက်တဲ့ နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော မာ့က်စ်လီနင်) CPN-UML က ၆၉ နေရာ အနိုင်ရရှိတယ်။ ချုပ်ပြောရမယ်ဆိုရင် ၁၉၉၀ ခုနှစ်ကနေ ၂၀၀၂ အတွင်းမှာ အစိုးရအပြောင်းအလဲ ၁၃ ကြိမ်ဖြစ်ခဲ့တယ်။ တိုင်းပြည်ရဲ့ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းပေးခဲ့နိုင်တာမျိုးမရှိလှဘဲ အာဏာပွဲစားလုပ်ရပ်တွေ၊ ပါတီဗဟိုပြုလှုပ်ရှားမှုတွေကိုသာ တွေ့မြင်ခဲ့ရတယ်။ ဒါကြောင့် တော်လှန်ရေးဆန်တဲ့ လက်ဝဲဝါဒ အားကောင်းလာခဲ့တယ်။

## မော်ဝါဒီများ

နီပေါကွန်မြူနစ်ပါတီ (ညီညွတ်သော ဗဟို) ထဲက မော်ဝါဒီတွေကတော့ ၁၉၉၁ ခုနှစ်ရွေးကောက်ပွဲပလက်ဖောင်းကို အသုံးချပြီး နီပေါနိုင်ငံရဲ့ အရင်းအမြစ်ကျတဲ့ ပြဿနာတွေဖြစ်တဲ့ မြေယာပြုပြင်မှု၊ တလစ်တွေကို နှိမ်ချဆက်ဆံမှု၊ လိင်ခွဲခြားဆက်ဆံမှုနဲ့ အဖိနှိပ်ခံ လူမျိုးစုများအရေး စတာတွေကို ပါလီမန်နိုင်ငံရေးနဲ့ ဖြေရှင်းနိုင်မှာမဟုတ်ဆိုပြီး ဖွင့်ချခဲ့ကြတယ်။ ပစ္စည်းမဲ့နဲ့လယ်သမားတို့ရဲ့ အာဏာရှင်စနစ်ကို အခြေခံတဲ့ 'ဒီမိုကရေစီတော်လှန်

ရေး’ ဆင်နွှဲဖို့ တွန်းဆော်ခဲ့ကြတယ်။ သူတို့ဟာ ရွေးကောက်ပွဲမှာ ၉ နေရာ အနိုင်ရခဲ့တယ်။ ဒါပေမဲ့ ဒီပါတီထဲက နောင် (၁၉၉၅ ခုနှစ်) မှာ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဖြစ်လာမယ့်အစုကတော့ ရေရှည်ပြည်သူ့စစ်ပွဲ ဆင်နွှဲဖို့အတွက် ကြိုတ်ပြီး နိုင်ငံရေးအရ၊ စည်းရုံးရေးအရ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေခဲ့ပါတယ်။

## မော်ဝါဒီတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲ

၁၉၉၆ ခုနှစ်မှာ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ) က တောင်းဆိုချက် ၄၀ တင်ပါတယ်။ သက်ဦးဆံပိုင်ဘုရင်စနစ်ဖျက်သိမ်းပြီး သမ္မတနိုင်ငံထူထောင်ရေး၊ မြေရှင်ပဒေသရာဇ်စနစ်ဖျက်သိမ်းရေး၊ လူမျိုးခွဲခြားမှု– ဇာတ်ခွဲခြားမှု ဖျက်သိမ်းရေး စတာတွေ ပါဝင်ပါတယ်။ တောင်းဆိုမှုတွေမရတဲ့အတွက် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ မော်ဝါဒီတွေဟာ လက်နက်ကိုင်တိုက်ပွဲကို စတင်ဆင်နွှဲလိုက်ပါတယ်။

ဒီလို လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲလိုက်တဲ့အချိန်ဟာ နိုင်ငံတကာ့အခြေအနေက အခွင့်သာတဲ့ အခြေအနေ မဟုတ်ပါ။ ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပနိုင်ငံတွေ ပြိုကွဲမှုဖြစ်ထားတဲ့အချိန် ဖြစ်ပါတယ်။ ကမ္ဘာမှာ ကွန်မြူနစ်ဝါဒ နောက်ဆုတ်နေရတဲ့အချိန် ဖြစ်တယ်။ ဒ့ါအပြင် အစောပိုင်းက အရှိန်ကောင်းနေတဲ့ ပီရူးမော်ဝါဒီတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးဟာလည်း သူတို့ ခေါင်းဆောင် ဂွန်ဇာလက်စ် အဖမ်းခံရပြီး အကြီးအကျယ်အထိနာသွားတဲ့ အချိန်လည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ပြည်တွင်းမှာတော့ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲဖို့အတွက် အခွင့်သာချက်တွေရှိနေတယ်လို့ မော်ဝါဒီတွေက ယူဆပါတယ်။ ၁၉၉၀ ဒီမိုကရေစီတော်လှန်ရေးအပြီးမှာ လူထုဟာ တိုးတက်မှုတွေမြင်တွေ့ရမယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒီမျှော်လင့်ချက်တွေဟာ မှားယွင်းနေကြောင်း သက်သေပြနိုင်ဖို့အတွက် မော်ဝါဒီတွေဟာ ပါလီမန်ထဲကိုလည်း ဝင်ရောက်ခဲ့ကြတယ်။ ၁၉၉၀ ခုနှစ် လူပ်ရှားမှုကြီးအပြီးမှာ ရရှိခဲ့တဲ့ သဘောတူညီချက်ဟာ စစ်မှန်တဲ့ သဘောတူညီချက်တွေမဟုတ်ကြောင်း၊ လူထုအကျိုးစီးပွားတွေ မပါကြောင်း ၃ နှစ်လုံးလုံး အချိန်ယူ ရှင်းပြခဲ့ကြတယ်။ သူတို့ဟာ ပါလီမန်ထဲမှာလည်း ဒီလိုပဲ တိုက်ပွဲဝင်ခဲ့ကြတယ်။ သစ္စာအဖောက်ခံရပြီဖြစ်ကြောင်း လူထုကို ရှင်းပြခဲ့ကြတယ်။ ၃ နှစ်ဆက်တိုက် လူပ်ရှားပြင်ဆင်ပြီးတဲ့ အခါမှာ နီပေါပြည်တွင်းအခြေအနေဟာ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲဖို့ ရင့်မှည့်လာပြီလို့ တွက်ချက်ပြီး လက်နက်ကိုင်တိုက်ပွဲကို စတင်လိုက်တာ ဖြစ်ပါတယ်။

လက်နက်ကိုင်တိုက်ပွဲ စစချင်းမှာ လုပ်သေနတ်အနည်းငယ်နဲ့ အမာခံကေဒါ တဒါဇင်လောက်ပဲ ရှိတယ်လို့ ဆိုပါတယ်။ အစမှာ ဒေသဘဏ်တွေကို ဝင်တိုက်တယ်။ လယ်သမားတွေရဲ့ ငွေချေးစာချုပ်တွေကို မီးရှို့ဖျက်ဆီးတယ်။ ရဲစခန်းလေးတွေကို ဝင်တိုက်တယ်။ လက်နက်ငယ်တွေ စုဆောင်းတယ်။ နယ်စပ်ကနေ ပိုခေတ်မီတဲ့လက်နက်တွေ ဝယ်ယူနိုင်လာခဲ့တယ်။ ဒီနောက်မှာတော့ နီပေါဘုရင့်တပ်မတော်ရဲ့ ခရိုင်ဌာနချုပ်တွေကိုတောင် ဝင်စီးနိုင်ခဲ့တယ်။ စက်သေနတ်တွေနဲ့ ဗုံးပစ်လောင်ချာတွေ သိမ်းယူနိုင်ခဲ့တယ်။ ၂၀၀၅ ခုနှစ်မှာ နီပေါနိုင်ငံရဲ့ ခရိုင် ၇၅ ခုရှိတဲ့အနက် ၇၃ ခရိုင်မှာ လူပ်ရှားနိုင်လာခဲ့တယ်။ ကျေးလက်ဒေသရဲ့ ၈၀% ကို ထိန်းချုပ်ထားနိုင်တယ်လို့ ဆိုပါတယ်။ ခန့်မှန်းချက်တခုအရ ၂၀၀၅ ခုနှစ်မှာ လက်နက်ကိုင် ပြောက်ကျားတပ်အင်အား ၁၀,၀၀၀ ရှိပြီး ပြည်သူ့စစ်အင်အား ၂၀,၀၀၀ ရှိတယ်လို့ ဆိုတယ်။

တဖက်မှာ မော်ဝါဒီတွေဟာ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေသလို ဥပဒေတွင်းမှာလည်း သူတို့ရဲ့ မြေအောက် ယူဂျီလူပ်ရှားမှုတွေ ရှိခဲ့တယ်။ အလုပ်သမား၊ လယ်သမား၊ လူမျိုးစုများ၊ ဇာတ်နိမ့်များ၊ ကျောင်းသား၊ ပညာတတ်နဲ့ အမျိုးသမီးဆိုင်ရာ အသင်းအဖွဲ့မျိုးစုံမှာ ဝင်လူပ်ရှားနေကြတယ်။

မော်ဝါဒီတွေဟာ အခုလို အင်အားတောင့်တင်းလာတဲ့အတွက်ကြောင့် နီပေါနိုင်ငံရေး ရေစီးကြောင်းထဲမှာ သူ့ကို အဆင့်နေရာမပေးလို့ မဖြစ်ဘူးဆိုတာကို ကျန်နီပေါနိုင်ငံရေးအင်အားစုတွေက သိမြင်လာကြတယ်။ ဒါကို အိန္ဒိယနိုင်ငံကလည်း အသိအမှတ်ပြုလာခဲ့တယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ်မှာ (၇) ပါတီနိုင်ငံရေးမဟာမိတ်အဖွဲ့ (SPA) နဲ့ မော်ဝါဒီတွေ စေ့စပ်ဆွေးနွေးပွဲကို အိန္ဒိယက ကြားဝင်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ မော်ဝါဒီတွေသာ အင်အားမရှိရင် အခုလို အရေးထားဆွေးနွေးမှာ မဟုတ်ပါဘူး။ ကိုယ့်မှာအင်အားမရှိရင် နိုင်ငံရေးအဆင့်နေရာလည်းရှိမှာ မဟုတ်ဘူးဆိုတာကို ပြသတဲ့ သာဓကတခု ဖြစ်ပါတယ်။

## နန်းတွင်းသွေးချောင်းစီးမှု

၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ခတ္တမန်ဒူနန်းတွင်းမှာ သွေးချောင်းစီး သတ်ဖြတ်မှုကြီး ဖြစ်ပေါ်ခဲ့တယ်။ အိမ်ရှေ့မင်းသား ဒီပင်ဒရာဟာ သူ့ရဲ့မိဘဖြစ်သူ ဘုရင်ဘီရင်ဒရာနဲ့မိဖုရားကိုရောကျန်ညီနဲ့နှမဖြစ်သူတွေကိုပါ သေနတ်နဲ့ ပစ်သတ်ခဲ့တယ်လို့ ဆိုတယ်။ သူ့ဇနီးလောင်းကို ဖခင်ဖြစ်သူနဲ့မိခင်ဖြစ်သူတို့က သဘောမတူတဲ့အတွက် အခုလို ပစ်သတ်ခြင်း ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီ

နောက်မှာ သူ့ကိုယ်သူလည်း အဆုံးစီရင်သွားတယ်လို့ ဆိုပါတယ်။ ဘုရင်ဖြစ်သူ ဘီရင်ဒရာရဲ့ညီဖြစ်သူ ဂျာနင်ဒရာက ဘုရင်ဖြစ်လာခဲ့တယ်။ ဒီသွေးချောင်းစီးသတ်ဖြတ်မှုဇာတ်လမ်းကို နီပေါပြည်သူတွေက အယုံအကြည်မရှိကြပါဘူး။ ဂျာနင်ဒရာရဲ့ လုပ်ကြံဖန်တီးမှုလို့ပဲ ယူဆကြပါတယ်။

ဘုရင်ဂျာနင်ဒရာဟာ နန်းတက်ပြီးလို့ ၆ လ အကြာမှာ နိုင်ငံတဝှမ်း အရေးပေါ်အခြေအနေ ကြေညာလိုက်ပြီး ခပ်ကြမ်းကြမ်းအုပ်ချုပ်မှုကို စတင်လိုက်ပါတယ်။ ဒီလိုအရေးပေါ်အခြေအနေ ကြေညာတာကို အမေရိကန်နဲ့ အိန္ဒိယက ထောက်ခံခဲ့တယ်။ အဲဒီအချိန်ကစလို့ မော်ဝါဒီတွေကို နှိမ်နင်းဖို့အတွက် နီပေါဘုရင်ဂျာနင်ဒရာကို နိုင်ငံရေးနဲ့ စစ်ရေးအရ အမေရိကန်နဲ့အိန္ဒိယဟာ ထောက်ပံ့ကူညီခဲ့ကြတယ်။ အိန္ဒိယက အမေရိကန်ဒေါ်လာသန်း ၉၀ ဖိုးရှိတဲ့ စစ်လက်နက်ပစ္စည်းတွေ အကူအညီပေးခဲ့တယ်။ အမေရိကန်ကလည်း နီပေါဘုရင့်တပ်မတော်နဲ့ ဆက်ဆံရေးကို တိုးမြှင့်ခိုင်မာအောင် လုပ်ဆောင်လာတယ်။ ခတ္တမန်ဒူမှာရှိတဲ့ အမေရိကန်သံရုံးမှာ 'ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေးရုံး' ကို ဖွင့်လှစ်လိုက်တယ်။ ခတ္တမန်ဒူမှာ အမေရိကန်စစ်အကြံပေးတွေ ရောက်လာခဲ့တယ်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကိုယ်တိုင် ခတ္တမန်ဒူကို ရောက်လာခဲ့တယ်။ နီပေါကို လာဖူးတဲ့ အမေရိကန်အရာရှိတွေအထဲမှာ အဆင့်အမြင့်ဆုံးပဲ ဖြစ်ပါတယ်။ စစ်လက်နက်ပစ္စည်းတွေဝယ်ဖို့ နီပေါကို ဒေါ်လာသန်း ၂၀ ပေးမယ်လို့ ကတိပြုထားတဲ့ အထဲက ဒေါ်လာ ၁၂ သန်း ထုတ်ပေးခဲ့တယ်။ ဒီနောက်မှာတော့ နီပေါဘုရင့်တပ်မတော်ရဲ့ အင်အားဟာ လေးဆတိုးလာပြီး ၉၀,၀၀၀ ဖြစ်လာတယ်။ အရင် မရောက်ဖူးတဲ့ ဒေသတွေအထိ နီပေါဘုရင့်တပ်မတော်ဟာ ဖြန့်ကြက်ရောက်ရှိလာတော့တယ်။

## မော်ဝါဒီတွေရဲ့အတွေးအခေါ် မှတ်တိုင်တရပ်

၂၀၀၃ ခုနှစ်မှာ မော်ဝါဒီတွေဟာ သမိုင်းဝင်အစည်းအဝေးကြီးတရပ် ကျင်းပပြီး "၂၁ ရာစုအတွင်း ဆိုရှယ်လစ်ဝါဒရဲ့ ဖွံ့ဖြိုးတိုးတက်မှု" ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်လိုက်တယ်။ ဒီဆုံးဖြတ်ချက်ဟာ သူတို့ရဲ့ အတွေးအခေါ်ဖွံ့ဖြိုး တိုးတက်မှုမှာ မှတ်တိုင်တခုလို့ မော်ဝါဒီတွေက ယူဆကြပါတယ်။ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ် အောက်မှာရော၊ ပစ္စည်းမဲ့အာဏာရှင်စနစ်အောက်မှာပါ ဖွဲ့စည်းအုပ်ချုပ်ပုံဘောင်အတွင်း ပါတီစုံပြိုင်ဆိုင်မှုကို လုပ်ဆောင်ရမယ်လို့ အဲဒီဆုံးဖြတ်ချက်က ဆိုပါတယ်။ ပြိုင်ဆိုင်မှုမရှိရင် လူ့အဖွဲ့အစည်းတရပ်လုံးဟာ ပိုပိုပြီးစက်ယန္တရားဆန်၊ တက္ကဗေဒဆန်သွားမယ်လို့ ဆိုပါတယ်။ လမ်းကြောင်းတခုအပေါ်မှာ လူထုကို ကြာရှည်စွာ ဇွတ်အတင်း ချိတက်ခိုင်းနေလို့ မရဘူးလို့လည်း ဆိုပါတယ်။

လူ့အဖွဲ့အစည်းတရပ် ရှင်သန်လှုပ်ရှားနေဖို့ဆိုရင် ပစ္စည်းမဲ့ပါတီဟာလည်း ပြိုင်ဆိုင်မှုကို စည်းရုံးလုပ်ဆောင်သင့်တယ်လို့ ဆိုပါတယ်။ ဒီလိုဆိုလို့ ခနရှင်ဒီမိုကရေစီလမ်းကြောင်းလိုက်တာ မဟုတ်ဘဲ ပစ္စည်းမဲ့အာဏာရှင်စနစ်အောက်မှာ ပြိုင်ဆိုင်မှုကို စည်းရုံးလုပ်ဆောင်ခြင်း ဖြစ်တယ်လို့ ဆုံးဖြတ်ချက်စာတမ်းထဲမှာ ရှင်းလင်းစွာ ဖော်ပြထားပါတယ်။ ခနရှင်ဒီမိုကရေစီက ခနရှင်တွေရဲ့ခေါင်းဆောင်မှုအောက်မှာ ပြိုင်ဆိုင်မှုလုပ်တာဖြစ်ပြီး ပစ္စည်းမဲ့ဒီမိုကရေစီက ပစ္စည်းမဲ့ခေါင်းဆောင်မှုအောက်မှာ ပြိုင်ဆိုင်မှုလုပ်တာ ဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ မော်ဝါဒီ ခေါင်းဆောင် ပရာချန်ဒါက လီနင်ကို သာဓကထုပါတယ်။ "လီနင်ဟာ အောက်တိုဘာတော်လှန်ရေး ပြီးပြီးချင်းမှာ ဆိုရှယ်လစ်ပြိုင်ဆိုင်မှုကို စည်းရုံးလုပ်ဆောင်ဖို့ လှုံ့ဆော်ပါတယ်။ လီနင်က စီးပွားရေးပေါ်လစီနဲ့ သဘောတရားရေးနယ်ပယ်အတွင်းမှာ ဆိုရှယ်လစ်ပြိုင်ဆိုင်မှုတွေ ပြုလုပ်ဖို့ ပြောဆိုတာ ဖြစ်ပါတယ်။ လီနင်သာ နောက်ထပ် ၅ နှစ်လောက် အသက်ဆက်ရှည်မယ်ဆိုရင် သူဟာ နိုင်ငံရေးပြိုင်ဆိုင်မှုတွေအထိ သေချာပေါက် ဆက်သွားလိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" လို့ ပရာချန်ဒါက ပြောပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ မော်ဝါဒီတွေရဲ့ နောင်နည်းပရိယာယ်လမ်းစဉ် အပြောင်းအလဲအတွက် အရေးပါတဲ့အခန်းက ပါဝင်နေတယ်လို့ ဆိုနိုင်ပါတယ်။

## ဒုတိယအကြိမ်ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံအကြိုကာလ

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဘုရင်ဂျာနင်ဒရာက အစိုးရအဖွဲ့ ဖျက်သိမ်းပြီး နိုင်ငံတော်အာဏာကို သိမ်းပိုက်လိုက်တယ်။ အစိုးရအဖွဲ့ဟာ မော်ဝါဒီတွေရဲ့ ပုန်ကန်မှုကို မနှိမ်နင်းနိုင်တာကြောင့်လို့ အကြောင်းပြတယ်။ သူ့လက်ကိုင်တုတ် အစိုးရတရပ်ကို ဖွဲ့စည်းလိုက်တယ်။ နိုင်ငံရေးခေါင်းဆောင်တွေ အများအပြားကို ဖမ်းဆီးလိုက်တယ်။ ညမထွက်ရ မာရှယ်လောအမိန့် ထုတ်တယ်။ ဘုရင်ဂျာနင်ဒရာဟာ သူ့ကိုယ်သူ ပြည်တွင်းမှာရော၊ နိုင်ငံတကာမှာပါ အထီးကျန် ဖြစ်သထက်ဖြစ်အောင် လုပ်ဆောင်လိုက်တယ်။

နိုင်ငံရေးခေါင်းဆောင် အတော်များများဟာလည်း အိန္ဒိယနိုင်ငံဘက် ထွက်ပြေးတိမ်းရှောင်သွားကြတယ်။ သူတို့ဟာ

## တနိုင်ငံလုံး ဧပြီ ၆ ရက်နေ့ကစပြီး အထွေထွေသပိတ်တိုက်ပွဲကြီး ဆင်နွှဲဖို့

သူတို့ရဲ့အင်အားတွေ ပြန်လည်စုစည်းပြီး (၇) ပါတီနိုင်ငံရေးမဟာမိတ်အဖွဲ့ SPA (Seven Party Alliance) ကို ဖွဲ့စည်းလိုက်ကြတယ်။ ဒီကျယ်ပြန့်တဲ့ မဟာမိတ်တပ်ပေါင်းစုထဲမှာ ဖျက်သိမ်းခံလိုက်ရတဲ့ ပါလီမန်ထဲရှိ အမတ်အရေအတွက် ၉၀% ကျော် ပါဝင်ခဲ့တယ်။ ဘုရင်စနစ်တိုက်ဖျက်ရေးအတွက် ဒီ (၇) ပါတီနိုင်ငံရေးမဟာမိတ်အဖွဲ့ဟာ မော်ဝါဒီတွေဘက်ကို မျက်နှာမူလာကြပါတယ်။ ဘုရင်နဲ့ ဒီမိုကရေစီပါတီတွေအကြားမှာ လှေနံနှစ်ဘက်နင်းပေါ်လစီ ကျင့်သုံးခဲ့တဲ့ အိန္ဒိယနိုင်ငံဟာလည်း နီပေါနိုင်ငံရေးရဲ့ ရေစီးကြောင်း အပြောင်းအလဲကို ရိပ်စားမိလာတယ်။ ဘုရင်ကိုဆက်လက်ထောက်ခံနေရင် ဘုရင်နဲ့အတူ သူပါ ကျဆုံးသွားမယ်ဆိုတာ ရိပ်မိလာတယ်။ ဒါကြောင့် သူ့ပေါ်လစီကို ပြောင်းလဲဖို့ ခြေလှမ်းပြင်လာရတယ်။ တဖက်မှာလည်း မော်ဝါဒီတွေဟာ ပြည်တွင်းပြည်ပ အပြောင်းအလဲတွေကို ကောင်းကောင်းဆုပ်ကိုင်ပြီး အခွင့်အလမ်းကို အရအမိယူလိုက်တယ်။ ဒီလိုနဲ့ အိန္ဒိယက ကြားပွဲစား ဝင်လုပ်ပေးတဲ့အတွက် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှာ မော်ဝါဒီတွေနဲ့ SPA တို့အကြားမှာ သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ သဘောတူညီချက်မှာ ဘုရင်စနစ်ဖျက်သိမ်းပြီးရင် ပါတီစုံဒီမိုကရေစီ ထူထောင်ရေးကို မော်ဝါဒီတွေက လက်ခံတယ်။ မော်ဝါဒီတွေတောင်းဆိုတဲ့ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲကျင်းပရေးကိုလည်း SPA က သဘောတူတယ်။ ဒီနောက်မှာတော့ မော်ဝါဒီတွေနဲ့ SPA တို့ဟာ နီပေါတနိုင်ငံလုံးမှာ လူထုတိုက်ပွဲ ဆင်နွှဲနိုင်ဖို့အတွက် စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်ကြပါတော့တယ်။

### မော်ဝါဒီတို့ရဲ့ပေါ်လစီအပြောင်းအလဲနှင့် ပတ်သက်၍

အခုလို လက်နက်ကိုင်တိုက်ပွဲကနေ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းတာနဲ့ ပတ်သက်လို့ မော်ဝါဒီတွေရဲ့အမြင်က ဘယ်လိုရှိပါသလဲ။ ဒါဟာ ၂၀၀၃ ခုနှစ် '၂၁ ရာစုအတွင်း ဆိုရှယ်လစ်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု' ဆုံးဖြတ်ချက်က မြစ်ဖျားခံတယ်လို့ ဆိုရပါမယ်။ ၂၀၀၅ ခုနှစ်မှာ စစ်ရေးနည်းလမ်းနဲ့ နိုင်ငံတော်အာဏာ သိမ်းနိုင်မယ့်အခွင့်အလမ်း သာနေခဲ့ပေမယ့် သက်ဦးဆံပိုင်ဘုရင်စနစ်ဖျက်သိမ်းပြီး ဒီမိုကရေစီသမ္မတနိုင်ငံ ထူထောင်ရေးအတွက် SPA နဲ့ စေ့စပ်ဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေး သဘောတူညီချက် ရယူခဲ့တာနဲ့ ပတ်သက်ပြီး ပရာချန်ဒါက အကြောင်းပြချက် ၂ ခု ပေးပါတယ်။ ပထမအချက်ကတော့ ဖြစ်ပေါ်နေတဲ့ နိုင်ငံတကာ့အင်အား ချိန်ခွင်လျှာထိန်းညှိမှုတွေအရ နိုင်ငံတော်အာဏာကို သိမ်းနိုင်ခဲ့ရင်တောင်မှ ရေရှည်မှာ ဒီအာဏာကိုဆက်ထိန်းထားနိုင်မှာ မဟုတ်ဘူးလို့ မော်ဝါဒီခေါင်းဆောင်တွေက ယုံကြည်ကြတယ်။ ဒုတိယအချက်က – ငြိမ်းချမ်းစွာလူထုကို စည်းရုံးလှုံ့ဆော်နိုင်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲ လမ်းကြောင်းကို စွန့်လွှတ်တာဟာ ရေရှည်မှာ သူတို့အတွက် ပြည်တွင်းမှာရော၊ နိုင်ငံတကာမှာပါ တရားဝင်မှုအသစ်ကို ရရှိစေလိမ့်မယ်။ နောက်ပြီး အဲဒီတရားဝင်မှုက သူတို့ကို ပိုပြီးအကာအကွယ် ပေးနိုင်မယ်လို့ ယူဆကြတယ်။

ဒီအလှည့်အပြောင်းနဲ့ ပတ်သက်ပြီး မော်ဝါဒီပါတီရဲ့ ကေဒါအတော်များများက အစာမကျေကြပါဘူး။ ဒီမိုကရေစီသမ္မတနိုင်ငံ ထူထောင်ဖို့ လက်ခံလိုက်တဲ့ လမ်းစဉ်သစ်ဟာ ပုံစံအားဖြင့် ဓနရှင်ဆန်နေပေမယ့် ပြည်သူ့ဒီမိုကရေစီသို့သွားရာလမ်းမှာ ကူးပြောင်းရေး အဆင့်တခုသာ ဖြစ်တယ်။ ဒီငြိမ်းချမ်းတဲ့ လမ်းကြောင်းအတိုင်း ဘယ်လောက် ချီတက်နိုင်မလဲဆိုတာ လူတန်းစားဖိနှိပ်မှု (အဓိက မြေယာပြုပြင်ပြောင်းလဲရေး) ဇာတ်ခွဲခြားမှု၊ လိင်ခွဲခြားမှုတွေ ဘယ်လောက်ဖျက်သိမ်းနိုင်မလဲ၊ အမျိုးသားပြဿနာ (ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရေး) ကို ဘယ်လောက်ဖြေရှင်းနိုင်မလဲဆိုတာနဲ့ တိုင်းတာရမယ်လို့ မော်ဝါဒီခေါင်းဆောင်တွေက ရှင်းပြပါတယ်။

### ဒုတိယအကြိမ်ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံ (Jan Andolan II)

၂၀၀၅ ခုနှစ် ဘုရင်ဂျာနင်ဒရာရဲ့ အာဏာသိမ်းမှုကို ပထမဆုံးဆန့်ကျင်တိုက်ပွဲဝင်သူတွေကတော့ အလုပ်သမားသမဂ္ဂတွေ၊ တိုးတက်တဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ (NGO)၊ ကျောင်းဆရာနဲ့ ရှေ့နေ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်လယ်မှာ (၇) ပါတီနိုင်ငံရေး မဟာမိတ်အဖွဲ့ ဖွဲ့တယ်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာမှာ SPA နဲ့ မော်ဝါဒီတွေအကြား ၁၂ ချက်ပါ သဘောတူညီချက် ရတယ်။ သက်ဦးဆံပိုင်ဘုရင်စနစ်ဖျက်သိမ်းရေး၊ ပါလီမန်ပြန်လည်ခေါ်ဆိုရေး၊ ပါတီအားလုံးပါတဲ့ ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး၊ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပရေး၊ အတိတ်က အမှားတွေ အပြန်အလှန်အသိအမှတ်ပြုရေး၊ အားလုံး နိုင်ငံရေးလှုပ်ရှားမှုတွေ လွတ်လွတ်လပ်လပ်

လုပ်နိုင်ရေးနဲ့ မော်ဝါဒီတွေရဲ့ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နဲ့ နီပေါ ဘုရင့်တပ်မတော်အကြား စစ်မက်တိုက် နေခြင်းကို ‘သင့်တော်တဲ့နိုင်ငံတကာရဲ့ ကြီးကြပ်မှု’နဲ့ အဆုံးသတ်ရေး စတာတွေ ပါတယ်။

၂၀၀၆ ခုနှစ် မတ်လမှာ မော် ဝါဒီတွေနဲ့ **SPA** တို့ဟာ ဒုတိယအကြိမ် ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံကြီးကို ဧပြီလ ၆ ရက်နေ့မှာ စတင်ဆင်နွဲဖို့ သဘောတူကြတယ်။ ၁၉၉၀ ခုနှစ် ပထမအကြိမ် ပြည်သူ့လှုပ်ရှားမှုအရေးတော်ပုံ တိုက်ပွဲအရှိန် အမြင့်ဆုံးနေ့ရက်ကို အထိမ်းအမှတ်ပြု ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။ နည်းပရိယာယ်အရ ဒီတိုက်ပွဲကို **SPA** က နာမည်ခံ ဦးဆောင်ဖို့ မော်ဝါဒီပါတီက တိုက်တွန်းပါတယ်။

**SPA** က တနိုင်ငံလုံး ဧပြီ ၆ ရက်နေ့ကစပြီး အထွေထွေ သပိတ်တိုက်ပွဲကြီး ဆင်နွဲဖို့ နှိုးဆော်လိုက်တယ်။

**ဧပြီ ၆။** လေးရက်ကြာအထွေထွေသပိတ်တိုက်ပွဲကြီး စတင်တယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ ပါဝင်လာတယ်။

**ဧပြီ ၇။** အထွေထွေသပိတ်တိုက်ပွဲရဲ့ ဒုတိယနေ့ကို ဆက်ဆင်နွဲကြတယ်။

**ဧပြီ ၈။** အစိုးရက လမ်းပေါ်မထွက်ရအမိန့် ထုတ်တယ်။ လူထုက မနာခံဘဲ လမ်းပေါ်ထွက်ကြတယ်။ နီပေါ ပုလိပ်တွေက လူ ၃ ဒါဇင်ကျော် ဖမ်းဆီးလိုက်တယ်။

နီပေါအနောက်ဘက် ပိုခရာမှာ နီပါစစ်တပ်ကပစ်လို့ လူတဦးသေဆုံးတယ်။

**ဧပြီ ၉။ SPA** က အထွေထွေသပိတ်တိုက်ပွဲကို ရက်အကန့်အသတ်မရှိ ဆက်လက်ဆင်နွဲဖို့ ဆုံးဖြတ်တယ်။ ဆန္ဒပြသူတဦး ထပ်သေဆုံးတယ်။

**ဧပြီ ၁၀။** လူထုလှုပ်ရှားမှုအရေးတော်ပုံဟာ အရှိန်ပိုမြင့်လာတယ်။ အစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများမှ အလုပ်သမားများ ကန့်ကွက်ချီတက်ပွဲမှာ ပါဝင်လာကြတယ်။ နိုင်ငံအနှံ့မှာ လူထုထောင်ပေါင်းများစွာဟာ အစိုးရရဲ့ ကာဖျူး အမိန့်ကို ဖီဆန်ပြီး ချီတက်ဆန္ဒပြကြတယ်။

**ဧပြီ ၁၁။** လူထုလှုပ်ရှားမှုကို အစိုးရက မီးကုန်ယမ်းကုန် ဖိနှိပ်ဖြိုခွဲမှုတွေ ပြုလုပ်လာတယ်။ ဂုန်ဂဘူ (Gongabu) ဟာ စစ်မြေပြင်လို ဖြစ်သွားခဲ့တယ်။ ဂုန်ဂဘူနဲ့ ခတ္တမန်ဒူမှာ ဆန္ဒပြလူထုကို အချက် ၂၀၀ ကျော် ပစ်ခတ်ခဲ့တယ်။ လူအနည်းဆုံး ၁၉၀ ကျော် ဒဏ်ရာရရှိခဲ့ကြတယ်။ သွေးမြေအကျဆုံး နေ့တနေ့ ဖြစ်တယ်။

**ဧပြီ ၁၂။** လူထုဆန္ဒပြပွဲ ဆက်ဖြစ်တယ်။ တနိုင်ငံလုံးမှာ လူထုအမြောက်အမြား ချီတက်ဆန္ဒပြခဲ့ကြတယ်။ ပုလိပ်ကပစ်လို့ လူတဦး သေဆုံးပြန်တယ်။ လူထုဆန့်ကျင်ရေးလုပ်ရပ်ကို ကန့်ကွက်တဲ့အနေနဲ့ ဘန်ဒရာ၊ စစ်တဝမ်မှ လယ်သမားတွေက နီပေါဘုရင့်တပ်မတော်ကို သီးနှံတွေ အရောင်းရပ်လိုက်တယ်။

**ဧပြီ ၁၃။** နီပေါရှေ့နေများအဖွဲ့ရဲ့ ကန့်ကွက်ဆန္ဒပြပွဲကို ပုလိပ်တပ်ဖွဲ့က နံပါတ်တုတ်တွေနဲ့ ဝင်ရိုက်ဖြိုခွဲတယ်။ သေနတ်နဲ့ ပစ်ခတ်တာလည်း လုပ်တယ်။ ရှေ့နေလေးဦး သေနတ်ဒဏ်ရာရတယ်။ အများအပြားလည်း အခြားဒဏ်ရာတွေ ရကြတယ်။ ရှေ့နေ ၇၂ ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်တယ်။

**ဧပြီ ၁၄။** ကန့်ကွက်ဆန္ဒပြသူတွေက နီပေါနှစ်သစ်ကူးပွဲတော်ကို မကျင်းပဘဲ နေကြတယ်။ ခတ္တမန်ဒူမှာကျင်းပတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပေါင်းချုပ်ကြီးရဲ့ ကန့်ကွက်ချီတက်ပွဲမှာ လူအများအပြား အဖမ်းခံရတယ်။

**ဧပြီ ၁၅။** လက်နက်မဲ့ဆန္ဒပြသူတွေကို ပုလိပ်တပ်ဖွဲ့က အကြမ်းဖက်တိုက်ခိုက်တယ်။ သေနတ်နဲ့လည်း ပစ်ခတ်တာကြောင့် လူ ၄၀ လောက် ဒဏ်ရာရကြတယ်။ ဒဏ်ရာရတဲ့အထဲမှာ ဝန်ကြီးဟောင်းတွေလည်း ပါဝင်တယ်။ **SPA** နဲ့ မော်ဝါဒီတွေက ဘုရင်နဲ့ တွေ့ဆုံစကားပြောဖို့ ပယ်ချလိုက်တယ်။

**ဧပြီ ၁၆။** ဒီမိုကရေစီ လိုလားတဲ့ ဆန္ဒပြပွဲတွေ အရှိန်မြှင့်ဖို့ အစီအစဉ်သစ်တွေကို **SPA** က ကြေညာတယ်။ ဒါ့အပြင် မိတ်ဆွေနိုင်ငံများ၊ အလှူရှင်များနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ လူထုတိုက်ပွဲကို ဆက်လက်ထောက်ခံအားပေးဖို့ ပန်ကြားလိုက်တယ်။ စည်းမျဉ်းခံမဟုတ်တဲ့ ဘုရင့်အစိုးရကို ဘဏ္ဍာရေးအကူတွေမပေးဖို့လည်း မေတ္တာရပ်လိုက်တယ်။

**ဧပြီ ၁၇။** ပြည်ထဲရေးဝန်ကြီးဌာနဟာ လှုပ်ရှားမှုကြီးရဲ့ အချုပ်ကိုင်ခံလိုက်ရတယ်။ ပြည်ထဲရေးဝန်ကြီးရဲ့ ကိုယ်ရေးအရာရှိအပါအဝင် ပြည်ထဲရေးဌာနမှ အလုပ်သမားတွေက ကန့်ကွက်ဆန္ဒပြပွဲ ပြုလုပ်ကြတယ်။ ဗဟိုဘဏ်မှ ဝန်ထမ်း ၁၂ ဦးက အစိုးရငွေထုတ်ငွေသွင်းလုပ်ငန်းတွေကို လုပ်ပေးဖို့ ငြင်းဆန်ကြတယ်။ ဒီငွေတွေကို လူထုလှုပ်ရှားမှုကို နှိမ်နင်းရာမှာ သုံးမှာဖြစ်တဲ့အတွက်ကြောင့်လို့ အကြောင်းပြတယ်။

**ဧပြီ ၁၈။** အုပ်ချုပ်ရေးယန္တရားရဲ့ အသဲနှလုံးလို့ ဆိုရမယ့် ဝန်ကြီးချုပ်ရုံးအတွင်းဝန်အဖွဲ့၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများနဲ့ အမျိုးသားစီမံကိန်းကော်မရှင်မှ ဝန်ထမ်းတွေ ကန့်ကွက်ဆန္ဒပြပွဲထဲမှာ ပါဝင်လာကြတယ်။ ပုလိပ်လက်ချက်နဲ့ ဆန္ဒပြသူတဦး သေဆုံးပြန်တယ်။

**ဧပြီ ၁၉။** အထွေထွေသပိတ်တိုက်ပွဲ ၁၄ ရက်မြောက်နေ့ ဖြစ်တယ်။ နိုင်ငံသမိုင်းမှာ အရှည်ကြာဆုံးသပိတ်တိုက်ပွဲ ဖြစ်လာတယ်။ **SPA** ခေါင်းဆောင်များက တောင်းဆိုချက်တွေ မရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်လို့ ကြေညာတယ်။



**နီပေါဆန္ဒပြလူထုကို အကြမ်းဖက်ဖြိုခွဲနေစဉ်**

သပိတ်တိုက်ပွဲကြီးအတွင်း နေ့စဉ်နဲ့အမျှ လူထုက ပိုပိုပါဝင်လာလို့ အရှိန်ပိုကောင်းလာတယ်။ နီပေါဘုရင်တပ်က ပစ်ခတ်လို့ လူနှစ်ဦး သေဆုံးတယ်။

**ဧပြီ ၂၀။** အစိုးရက အကြမ်းဖက်ဖြိုခွဲနေတဲ့ကြားကပဲ လူထုထောင်ပေါင်းများစွာဟာ ကာဖျူးအမိန့်ကို ဖီဆန်ပြီး ချီတက်ဆန္ဒပြပွဲတွေ ဆက်ဆင်နွဲကြတယ်။ ဒီနေ့မှာ ဆန္ဒပြသူလေးဦး သေဆုံးတယ်။

**ဧပြီ ၂၁။** ဝန်ကြီးချုပ်ရာထူးအတွက် အမည်စာရင်း တင်သွင်းဖို့ SPA ကို ဘုရင်က ကမ်းလှမ်းလိုက်တယ်။ ဘုရင့်ကမ်းလှမ်းချက်ဟာ သိပ်နောက်ကျပြီး လိုက်လျောတာလည်း သိပ်နည်းလွန်းတယ်လို့ဆိုပြီး SPA က ပယ်ချလိုက်တယ်။

**ဧပြီ ၂၂။** ဘုရင်ရဲ့လှည့်ဖြားတဲ့ ကမ်းလှမ်းချက်ကို တုံ့ပြန်ကန့်ကွက်ဖို့အတွက် ထောင်သောင်းချီတဲ့ လူထုကြီးဟာ လမ်းတွေပေါ်ထွက်လာကြတယ်။

**ဧပြီ ၂၃။** နိုင်ငံအနှံ့မှာ လူထုချီတက်ဆန္ဒပြပွဲတွေ ဆက်လက်ဖြစ်ပွားတယ်။ လူထုတသန်းကျော်အထိ ပါဝင်တယ်လို့ ဆိုတယ်။ ဘုရင့်ကမ်းလှမ်းချက်ကို အမေရိကန်၊ ဗြိတိန်၊ တရုတ်နဲ့ ဥရောပသမဂ္ဂတို့နဲ့အတူ ကြိုဆိုခဲ့တဲ့ အိန္ဒိယဟာ သူ့ရပ်တည်ချက်ကို ပြောင်းလိုက်တယ်။

အဓိကတောင်းဆိုချက်တွေဖြစ်တဲ့ ပါလီမန်ပြန်ခေါ်ပေးရေး၊ အခြေခံဥပဒေသစ်ရေးဆွဲဖို့ ဥပဒေပြုလွှတ်တော်ကျင်းပရေး စတာတွေ မပါဝင်တဲ့အတွက်ကြောင့်ဆိုပြီး SPA က ဘုရင်ရဲ့ ကမ်းလှမ်းချက်ကို ပယ်ချလိုက်တယ်။

**ဧပြီ ၂၄။** ၁၉ ရက်နေ့မြောက်ဆန္ဒပြပွဲကြီးကို လူထုက ဆက်ဆင်နွဲတယ်။ ပါလီမန်ပြန်ခေါ်ပေးမယ်လို့ ညသန်းခေါင်မှာ ကြေညာလိုက်ပြီး လူထုကြီးနဲ့ SPA ကို ဘုရင်က အရှုံးပေးလိုက်တယ်။

**ဧပြီ ၂၅။** လူထုကြီးဟာ လမ်းတွေပေါ်ထွက်ပြီး အောင်ပွဲခံကြတယ်။ ဧပြီ ၂၁ ရက်နေ့က ဒဏ်ရာရခဲ့တဲ့လူတဦး ဒီနေ့မှာ သေဆုံးသွားတယ်။ အဖမ်းခံထားရသူတွေကို လွှတ်ပေးတယ်။

ဧပြီလ ၆ ရက်နေ့က စခဲ့တဲ့တိုက်ပွဲဟာ ဧပြီလ ၂၄ ရက်နေ့မှာ အဆုံးသတ်သွားခဲ့တယ်။ စုစုပေါင်း ၁၉ ရက်ပဲ ကြာပါတယ်။ အောင်ပွဲခံတဲ့ ၂၅ ရက်နေ့ကိုပါ ထည့်တွက်ရင် လူထုလှုပ်ရှားမှုဟာ ရက် ၂၀ ကြာပါတယ်။ ကောင်းကောင်း အချိန်ယူပြင်ဆင်ထားတာကြောင့် တိုက်ပွဲကို အမြန်အဆုံးသတ် နိုင်ခဲ့တာတွေ့ရတယ်။ ညီညွတ်တဲ့တပ်ပေါင်းစုကိုလည်း တည်ဆောက်နိုင်ခဲ့တာကြောင့် ခေါင်းဆောင်မှုတခုတည်းအောက်မှာ အားကောင်းကောင်းနဲ့ တိုက်ပွဲဆင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ တပ်ပေါင်းစုထဲပါတဲ့ အဖွဲ့အစည်းတွေဟာလည်း သူ့အတိုင်းအတာနဲ့ သူ ပြည်သူတွေကြားမှာ စည်းရုံးထားနိုင်ကြတာကြောင့် တိုက်ပွဲထဲမှာ အများတကာ့ ပြည်သူလူထုကြီး ပါဝင်လာကြတာ ဖြစ်ပါ တယ်။ ပြည်သူ့အင်အားကို အပြည့်အဝဖော်ထုတ် တိုက်ပွဲဝင်နိုင်ခဲ့တာကြောင့် အောင်ပွဲရခဲ့တာ ဖြစ်ပါတယ်။

## ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲစနစ်

ဒုတိယအကြိမ်ပြည်သူ့လှုပ်ရှားမှု အရေးတော်ပုံကြီးကြောင့် ဘုရင်ဂျာနင်ဒရာဟာ နီပေါကွန်ဂရက်ပါတီခေါင်းဆောင်ကွိုင်ရာလာခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရအဖွဲ့ကို အာဏာ

လွှဲပေးခဲ့တယ်။ ကွိုင်ရာလာခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရအဖွဲ့နဲ့ မော်ဝါဒီပါတီတို့ စေ့စပ်ဆွေးနွေးကြတယ်။ သဘောတူညီချက် ရတယ်။ သဘောတူညီချက်အတိုင်း မော်ဝါဒီတွေက အပစ်အခတ်ရပ်စဲပြီး ကုလသမဂ္ဂရဲ့ကွပ်ကဲမှုအောက်ကို လက်နက်တွေ အပ်တယ်။ ဥပဒေဘောင်အတွင်း ဝင်လာတယ်။ ကြားဖြတ်အစိုးရအဖွဲ့ထဲမှာလည်း မော်ဝါဒီတွေ ဝင်ပါတယ်။

ဥပဒေပြုလွှတ်တော်ကို ၂၀၀၇ ဇွန်လမှာ ကျင်းပဖို့ သဘောတူညီကြတယ်။ ရွေးကောက်ပွဲကို စနစ်နှစ်မျိုးပေါင်းပြီး ကျင်းပဖို့ သဘောတူညီကြတယ်။ တမျိုးက မဲဆန္ဒနယ်အလိုက် အရွေးချယ်ခံကိုယ်စားလှယ်လောင်းတွေ ဝင်အရွေးခံကြပြီး မဲအများဆုံးရတဲ့လူက အနိုင်ရတဲ့စနစ် ဖြစ်တယ်။ (first-past-the-post) လို့ ခေါ်ပါတယ်။ ဒုတိယစနစ်က အချိုးကျကိုယ်စားပြုရွေးကောက်ခံတဲ့စနစ် (Proportional Representation) ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်မှာ ကိုယ်စားလှယ်ဦးရေ ၄၈၀ ထားပြီး တဝက်စီ (၂၄၀) ကို စနစ်တမျိုးစီနဲ့ ရွေးချယ်ကြဖို့ သဘောတူညီခဲ့ကြတယ်။

နီပေါကွန်ဂရက်ပါတီနဲ့ နီပေါကွန်မြူနစ်ပါတီ (UML) တို့လို ဥပဒေဘောင်အတွင်းတောက်လျှောက်နေလာခဲ့ကြတဲ့ ပါတီတွေအဖို့ (first-past-the-post) စနစ်က ပိုပြီးအခွင့်အလမ်း သာပါတယ်။ သူတို့ပါတီတွေက ဥပဒေဘောင် အတွင်းမှာ စည်းရုံးဖွဲ့စည်းထားမှုတွေက ရှိပြီးသားဖြစ်တယ်။ ဝင်အရွေးချယ်ခံမယ့် ကိုယ်စားလှယ်လောင်းတွေဟာလည်း လူထုနဲ့ ရင်းနှီးပြီးသား ဖြစ်တယ်။ မျက်နှာမစိမ်းတော့ဘူး။ နောက်ပြီး ပါတီဘဏ္ဍာငွေလည်း တောင့်တင်းတယ်။ မော်ဝါဒီပါတီအဖို့တော့ အဲဒီဘက်တွေမှာ သူတို့ထက် အားနည်းနေတယ်။ ဒါကြောင့် နောက်ပိုင်းမှာ မော်ဝါဒီတွေက ရွေးချယ်မယ့်စနစ်နှစ်မျိုးမှာ အရေအတွက် ပြောင်းလဲပေးဖို့ တောင်းဆိုခဲ့တယ်။ ဒီကိစ္စ အပြန်အလှန်စေ့စပ်ဆွေးနွေးနေကြတာကြောင့်ရော ရွေးကောက်ပွဲဥပဒေအသစ် ရေးဆွဲရမှာ အတွက်ကြောင့်ပါ နဂို သတ်မှတ်ထားတဲ့နေ့မှာ ရွေးကောက်ပွဲ မကျင်းပနိုင်တော့ပါ။

အကျေအလည် ဆွေးနွေးကြပြီးနောက်မှာ ရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှာ ကျင်းပဖို့၊ ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းကို ၆၀၁ ဦးထားဖို့ သဘောတူခဲ့ကြတယ်။ မဲအများဆုံးရတဲ့သူ အနိုင်ရတဲ့စနစ် (first -past-the-post) နဲ့ ကိုယ်စားလှယ် ၂၄၀ ဦးကို ရွေးပြီး အချိုးကျကိုယ်စားပြုစနစ်နဲ့ ၃၃၅ ဦးကိုရွေးဖို့ ဖြစ်တယ်။ ကျန် ၂၆ ဦးကို ရွေးကောက်ပွဲပြီးနောက် အစိုးရအဖွဲ့က ခန့်အပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စနစ် ၃ မျိုး ရောနေတယ်လို့လည်း ပြောနိုင်ပါတယ်။

(first-past-the-post) နဲ့ ရွေးချယ်ဖို့အတွက် နီပေါ

**ပြည်သူ့အင်အားကို အပြည့်အဝဖော်ထုတ် တိုက်ပွဲဝင်နိုင်ခဲ့တာကြောင့်**

တနိုင်ငံလုံးမှာ မဲဆန္ဒနယ်ပေါင်း ၂၄၀ ထားရှိတယ်။ ပါတီ အသီးသီးမှ ကိုယ်စားလှယ်တွေဟာ အဲဒီမဲဆန္ဒနယ်တွေမှာ တဦးချင်းစီဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြဖို့ ဖြစ်တယ်။ မဲဆန္ဒနယ်အတွင်းက မဲဆန္ဒရှင်တွေက မိမိကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်ကို မဲပေးကြပြီး မဲအများဆုံးရတဲ့ ကိုယ်စားလှယ်က အနိုင်ရမှာ ဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုစနစ်အတွက်တော့ ပါတီတိုင်းဟာ မိမိပါတီရဲ့ကိုယ်စားလှယ်လောင်းစာရင်းတရပ်ကို ရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရပါတယ်။ အဲဒီကိုယ်စားလှယ်စာရင်းမှာ အနည်းဆုံး ၃၄ ဦး ပါဝင်ရမှာ ဖြစ်ပါတယ်။ ကိုယ်စားပြုစနစ်နဲ့ရွေးချယ်မယ့် စုစုပေါင်းကိုယ်စားလှယ် အရေအတွက်ရဲ့ ၁၀% တင်သွင်းရမယ်လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းစာရင်းဟာ အဲဒီအရေအတွက်ထက် များချင်လည်းများလို့ ရပါတယ်။ အဲဒီကိုယ်စားလှယ်လောင်း စာရင်းမှာ အမျိုးသမီးဦးရေ အနည်းဆုံး သုံးပုံတပုံပါရမယ်လို့လည်း သတ်မှတ်ထားတယ်။ နောက်ပြီး ဘယ်အုပ်စုတွေကို ဘယ်နှရာခိုင်နှုန်း အချိုးအစားပါဝင်ရမယ်လို့လည်း သတ်မှတ်ထား ပါတယ်။ ဥပမာ စုစုပေါင်းကိုယ်စားလှယ်လောင်းစာရင်းရဲ့ ၁၃% ဟာ တလစ် (Talit) ကိုယ်စားလှယ်တွေအတွက်၊ ၃၇.၈% ဟာ အဖိနှိပ်ခံဇာတ်နိမ့်နဲ့တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် တွေအတွက် ဖြစ်ရမယ် စတာတွေ ဖြစ်ပါတယ်။

မဲဆန္ဒရှင်တိုင်းဟာ (first-past-the-post) အတွက် တကြိမ်မဲပေးရပြီး အချိုးကျကိုယ်စားပြုစနစ် (PR) အတွက် တကြိမ်မဲပေးရမှာ ဖြစ်ပါတယ်။ (first-past-the-post) စနစ်အတွက်မိမိမဲဆန္ဒနယ်အတွင်း ဝင်အရွေးခံတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက မိမိနှစ်သက်ရာ တဦးကို မဲပေးရွေးရမှာဖြစ်ပြီး (PR) စနစ်အတွက် ရွေးကောက်ပွဲဝင် ပါတီတွေအထဲက မိမိကြိုက်နှစ်သက်ရာပါတီကို မဲပေးရမှာ ဖြစ်ပါတယ်။

## ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲရလဒ်နဲ့ ဖြေရှင်းရမယ့်ပြဿနာများ

၂၀၀၈ ခုနှစ်ဧပြီလ ၁၀ ရက်နေ့မှာ နီပေါနိုင်ငံဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့တယ်။ မော်ဝါဒီတွေက မဲအများစုရပြီး ကိုယ်စားလှယ်အများစုရခဲ့ပါတယ်။ ရွေးကောက်ပွဲရဲ့ နောက်ဆုံးရလဒ်ကတော့ FPP စနစ်မှာ စုစုပေါင်းဦးရေ ၂၄၀ အနက် မော်ဝါဒီတွေက ၁၁၈ ဦး၊ နီပေါကွန်ဂရက်က ၃၆ ဦး၊ နီပေါ ကွန်မြူနစ်ပါတီ (UML) က ၃၃ ဦး၊ Madhesi People's Rights Forum (MPRF) ဆိုတဲ့ မဒေဆီပါတီက ၃၀ ဦးနဲ့ ကျန်ပါတီတွေက ၂၀ ဦး ရရှိပါတယ်။ (PR) စနစ်မှာ မော်ဝါဒီတွေက စုစုပေါင်းမဲရဲ့ ၂၉.၃% ရရှိတဲ့အတွက် အချိုးကျ ကိုယ်စားလှယ် ၁၀၀ ဦး ရရှိတယ်။ နီပေါကွန်ဂရက်က ၂၁.၁% နဲ့ ကိုယ်စားလှယ် ၇၃ ဦးရရှိပြီး နီပေါကွန်မြူနစ်ပါတီ (UML) က ၂၀.၃% နဲ့ ကိုယ်စားလှယ် ၇၀ ဦး ရရှိပါတယ်။ ဒါကြောင့် ဥပဒေပြု လွှတ်တော်မှာ နီပေါမော်ဝါဒီတွေက စုစုပေါင်းကိုယ်စားလှယ် ၂၁၈ ဦး၊ နီပေါကွန်ဂရက်က စုစုပေါင်း ၁၀၉ ဦးနဲ့ နီပေါကွန်မြူနစ်ပါတီ (UML) က ၁၀၃ ဦး အသီးသီး ရရှိကြတယ်။

နီပေါမော်ဝါဒီတွေက လွှတ်တော်မှာ ကိုယ်စားလှယ်ဦးရေ အများဆုံးရပေမယ့် တပါတီတည်းနဲ့ အစိုးရဖွဲ့နိုင်တာတော့ မဟုတ်ပါ။ ဒါကြောင့် ကျန်ပါတီတွေဖြစ်တဲ့ နီပေါကွန်ဂရက်၊ နီပေါကွန်မြူနစ်ပါတီ (UML)၊ မဒေဆီပါတီ စတာတွေနဲ့ စေ့စပ်ဆွေးနွေးပြီး ညွန့်ပေါင်းအစိုးရဖွဲ့ရမှာ ဖြစ်ပါတယ်။ အခု ဒီဆောင်းပါးရေးနေချိန်အထိတော့ အစိုးရမဖွဲ့နိုင်သေးပါ။

နီပေါတပ်မတော်ပြန်လည်ဖွဲ့စည်းရေးဟာလည်း အရေးကြီးပြဿနာတရပ်ဖြစ်ပါတယ်။ ယခင်နီပေါဘုရင့်တပ်မတော်ကို အခုတော့ နီပေါတပ်မတော်လို့ အမည်ပြောင်းလဲပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီအရပ်သားအစိုးရကို တာဝန်ခံတဲ့ တပ်မတော်တရပ်ဖြစ်အောင် ပြုပြင်တည်ဆောက်ရပါမယ်။ မော်ဝါဒီတပ်သားဟောင်းတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

နောက်ဖြေရှင်းရမယ့်ပြဿနာတွေကတော့ မြေယာပြဿနာ၊ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ လူမျိုးနဲ့ဇာတ်ခွဲခြားမှုပပျောက်ရေး စတာတွေ ဖြစ်ပါတယ်။ ဒီပြဿနာတွေအားလုံးကို ပြေလည်စေမယ့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ၂ နှစ်အတွင်း ဒီဥပဒေပြုလွှတ်တော်က ရေးဆွဲရမှာ ဖြစ်ပါတယ်။

### နိဂုံး

နီပေါနိုင်ငံမှာ နှစ်ပေါင်းနှစ်ရာကျော် အုပ်စိုးခဲ့တဲ့သက်ဦးဆံပိုင်ဘုရင်စနစ်ကတော့ ပျက်သုဉ်းသွားပါပြီ။ ပြည်သူလူထုက ရေရှည်ဇွဲနဘဲနဲ့ လုံးပန်းတိုက်ခိုက်ခဲ့ကြရတာ ဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဍာန်မျိုးစုံနဲ့ တိုက်ပွဲဝင်ခဲ့ကြရတာပါ။ ချုပ်ပြောရရင်တော့ ပြည်သူတွေရဲ့စွမ်းအားနဲ့သာ ဘုရင်စနစ်ကို ဖြုတ်ချနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဏာရှင်တွေကို ပြည်သူ့အင်အားနဲ့သာ တိုက်ပွဲဝင်အောင်ပွဲဆင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့အင်အားကို မစည်းရုံးနိုင်သေးသရွေ့ အောင်ပွဲနဲ့ အလှမ်းဝေးနေဦးမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် နအဖ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးအတွက်လည်း ဗမာပြည် ပြည်သူတွေစည်းရုံးရေးကိုသာ ဇောက်ချလုပ်ဆောင်သွားသင့်ကြောင်း နှိုးဆော်လိုက်ရပါတယ်။

လေ့လာရေး

# ဗမာပြည်မှာပြည်တွင်းစစ်ဖြစ်တယ်။ အိန္ဒိယမှာ မဖြစ်ဘူး။ ဘာ့ကြောင့်လဲ။

(၁) ပထမဆုံးစဉ်းစားရမှာက '၂' နိုင်ငံရဲ့ သမိုင်းကြောင်း ဖြစ်စဉ်ပဲ။ ဘယ်တုန်းက ဘယ်နေရာမှာ ကွဲပြားသွားကြသလဲဆိုတာကို ရှာကြဖို့ပဲ။

ဖြစ်စဉ်ကိုကြည့်ရင် အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ကြပုံချင်း တူတယ်။ အင်္ဂလိပ်ရဲ့ အုပ်ချုပ်ပုံစနစ်ချင်းကလည်း တူတယ်။ တူမှာပေါ့။ အင်္ဂလိပ်က ဗမာပြည်ကို အိန္ဒိယပြည်ရဲ့ ပြည်နယ်တခုအဖြစ် သွတ်သွင်းထားလိုက်တာပဲ။

ပြည်နယ်အဖြစ် နေရတာ နှစ် (၅၀) ကျော်တယ်။ အင်္ဂလိပ်က သီးခြားခွဲပေးတာက (၁၉၃၇) ကျမှပဲ။ ခွဲပေးပြီးတော့လည်း အုပ်ချုပ်ပုံစနစ်က သိပ်ပြီးကွာခြားလှတာ မဟုတ်ဘူး။ ဒါက အုပ်ချုပ်သူဘက်က ဖြစ်စဉ်ပဲ။

အုပ်ချုပ်ခံတွေဘက်က ဖြစ်စဉ်ကလည်း တူနေတာပဲ။ အိန္ဒိယနိုင်ငံရေးရဲ့ အတွေးအခေါ်နဲ့ခေါင်းဆောင်မှုနောက်ကို ဗမာပြည်နိုင်ငံရေးက လိုက်နေတဲ့ဖြစ်စဉ်ပဲ။ ဘာမှ မကွဲပြားဘူး။ အိန္ဒိယနိုင်ငံရေးကို စံအဖြစ်ထားပြီး လိုက်လုပ်နေတာ ဖြစ်တယ်။

ဘယ်တုန်းက ဘယ်နေရာမှာ ဖြစ်စဉ်ကွဲသလဲဆိုတာ စဉ်းစားကြည့်တော့ (၁၉၄၂) မှာ ကွဲတယ်။ ဗမာပြည်က ဖက်ဆစ်ကျွန် ဖြစ်တော့ ကွဲသွားတာပဲ။ အိန္ဒိယက ဖက်ဆစ်ကျွန်မဖြစ်ခဲ့ဘူး။ အင်္ဂလိပ်ရဲ့ကျွန်ပဲ တောက်လျှောက်ဖြစ်နေတာပဲ။

ဂျပန်စစ်ရှုံးသွားပြီး ဗမာပြည်က အင်္ဂလိပ်ကျွန် ပြန်ဖြစ်တော့လည်း တူသွားကြပြန်ရော။ အိန္ဒိယကွန်ဂရက်ပါတီနဲ့ ဖဆပလ ဟာ နိုင်ငံရေးအတွေးအခေါ်မှာ ပြန်ပြီးတူသွားကြတယ်။ ကွန်မြူနစ်တွေလည်း (CPI နဲ့ CPB) တူကြတာပါပဲ။

လွတ်လပ်ရေး ရပုံရနည်းအထိ တူကြတာပဲ။ ဒါဖြင့် ဘာ့ကြောင့် ဗမာပြည်က ပြည်တွင်းစစ်ဖြစ်ပြီး အိန္ဒိယမှာ မဖြစ်သလဲ။ ဒါကို ဆက်ပြီး အသေးစိတ်စဉ်းစားကြရမယ်။

(၂) အင်္ဂလိပ်က အိန္ဒိယကို လွတ်လပ်ရေးပေးရတော့ တိုင်းပြည် (၂) ခြမ်း ခွဲပြီးမှ ပေးတာပဲ။ ဗမာပြည်မှာ အဲဒီလို မလုပ်နိုင်ဘူး။ လုပ်နိုင်တဲ့ အခြေအနေ မရှိတာကြောင့်ပဲ။ ဗမာပြည်က တိုင်းပြည်ငယ်ငယ်ကလေးပါ။ အိန္ဒိယရဲ့ ပြည်နယ်ကြီးတခုလောက်တောင် မရှိဘူး။ ပြီးတော့လည်း တရုတ်ပြည်ကြီးနဲ့ တဆက်တစပ်တည်း ဖြစ်နေတဲ့ ရှမ်းပြည်လိုနေရာမျိုးကို သီးခြားတိုင်းပြည်တခု ဖန်တီးပေးပြီး ရပ်တည်နေစေဖို့ဆိုတာကို မလုပ်ဝံ့ဘူး။ တရုတ်ပြည်မှာ ပြည်တွင်းစစ်ရဲ့ ဇာတ်သိမ်းပိုင်း ရောက်နေပြီ။ (KMT) ရှုံးပြီး (CPC) နိုင်တော့မှာ သေချာနေပြီ။ သံလွင်အရှေ့ဘက်ဆိုတာကလည်း အင်္ဂလိပ်အုပ်ချုပ်ရေး ရောက်လှတာ မဟုတ်ဘူး။

အိန္ဒိယက ခွဲထွက်လိုက်တဲ့ ပါကစ္စတန်ဆိုတာက တိုင်းပြည်ကြီးပဲ။ ဘာသာရေးအရကလည်း ဟိန္ဒူ – မူဆလင် စည်းခြား ထားပြီးသား။ ရှမ်းပြည်ကတော့ ဗုဒ္ဓဘာသာဝင်တွေပဲ။ ဗမာနဲ့ တဘာသာတည်းပဲ။ ဘာသာရေးအရ စည်းခြားလို့ မရဘူး။

> ၁၉၄၈ မှာ
> ‘ပြည်တွင်းစစ်’
> မဖြစ်သင့်ပါဘူး။
> ဒါပေမဲ့
> ဖိနှိပ်တာ
> ပြင်းထန်ရင်၊
> ပြီးတော့
> (ဖိနှိပ်ခံရသူက)
> မိမိရဲ့
> ယုံကြည်ချက်ကို
> မစွန့်လွှတ်နိုင်ရင်တော့

(၃) ဖက်ဆစ်ကျွန် ဗမာပြည်ဖြစ်ခဲ့တာရဲ့ အကျိုးဆက်က သိပ်ပြီးနက်ရှိုင်းတယ်။ ဂျပန့်လက်အောက်ကို ရောက်လို့ပဲ ဖက်ဆစ်တော်လှန်ရေး လုပ်ဖြစ်တာပဲ။ ဖက်ဆစ်တော်လှန်ရေး ဖြစ်လို့ပဲ ဖဆပလ တပ်ပေါင်းစု ပေါ်တာပဲ။ တပ်ပေါင်းစုဆိုတဲ့အတိုင်းပဲ ပါတီတိုင်းမှာ တပ်တွေကိုယ်စီ ရှိကြတယ်။ ဗကပ က ဆိုရင် ‘ပါတီပြောက်ကြားတပ်’ သီးခြားဖွဲ့ပြီး ဂျပန်ကို တိုက်ခဲ့တာပဲ။ ဗိုလ်ချုပ်အောင်ဆန်းမှာ တပ်မတော်နဲ့ ပြည်သူ့ရဲဘော် ရှိတယ်။ ဆိုရှယ်လစ်ပါတီမှာ (အစိုးရတပ်တွင်းမှာ) ပါတီဝင်တွေ ရှိတယ်။

အိန္ဒိယမှာ အဲဒီလိုဖြစ်စဉ် မရှိဘူး။ ကွန်ဂရက်ပါတီကလည်း တော်လှန်ရေး တခါမှ လုပ်ခဲ့တာ မဟုတ်ဘူး။

ဗမာပြည်က တော်လှန်ရေး (၂) ခါ လုပ်ခဲ့ရတာ ဖြစ်တယ်။ ဒီတော့ စစ်အတွေ့အကြုံ ရှိတယ်။ စစ်စိတ်စစ်သွေး ရှိတယ်။ ခေါင်းဆောင်တွေကလည်း အသက် ‘၃၀’ ဝန်းကျင်ပဲ။ ပြဿနာကို လက်နက်နဲ့ ဖြေရှင်းချင်တဲ့ ဆန္ဒကလည်း ကိုယ်စီရှိနေကြတာ ဖြစ်တယ်။

(၄) အိန္ဒိယကွန်ဂရက်က ပါတီပဲ။ တပ်ပေါင်းစု မဟုတ်ဘူး။ အာဏာရတော့လည်း အတွင်းပိုင်းမှာ ဖြေရှင်းစရာ ရှိတာမဟုတ်ဘူး။ နေရူးရဲ့သြဇာနဲ့ခေါင်းဆောင်မှုက နေသားတကျဖြစ်နေတယ်။

ဗမာပြည်ကတော့ ဖဆပလ က တပ်ပေါင်းစုပဲ။ ကွန်မြူနစ်နဲ့ ကွဲထားတာ မကြာသေးဘူး။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရတယ်။ ဦးနုခေါင်းဆောင် ဖြစ်လာတယ်။ သူက သြဇာရှိလှတာ မဟုတ်ဘူး။ ဆိုရှယ်လစ်ပါတီကလည်း ဗိုလ်ချုပ်အောင်ဆန်းကို လန့်လို့ မတတ်သာဘဲ ကြည့်နေရတဲ့ ပြည်သူ့ရဲဘော်ကို နှိမ်ချင်တယ်။ သူ့သြဇာအောက် သွင်းချင်တယ်။ ဖဆပလ ကို တပ်ပေါင်းစုအဖြစ်က ပါတီအဖြစ် ပြောင်းပစ်ပြီး သူ့သြဇာအောက်သွင်းချင်ရင် ပြည်သူ့ရဲဘော်ကို ရှင်းပစ်ရမယ်။ ဒါကြောင့် ပြည်သူ့ရဲဘော်ကို နှိမ်တယ်။ အထူးပုလိပ်တပ်ဖွဲ့တွေ လုပ်နေတဲ့ ပြည်သူ့ရဲဘော်တွေကလည်း ပြည်ထဲရေးဝန်ကြီး (ဦးကျော်ငြိမ်း) လက်အောက်မှာ နေရတာ ဖြစ်တယ်။ ကွန်မြူနစ်တွေက လက်နက်ကိုင်တိုက်ပွဲ တိုက်တော့ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်ရဲ့ပဋိပက္ခက ကြီးလာတယ်။ နောက်ဆုံးတော့ ‘အဖြူ’ နဲ့ ‘အဝါ’ ကွဲပြီး အဖြူတွေ တောထဲရောက်လာတာပဲ။ ‘အဝါ’ ကတော့ ဆိုရှယ်လစ်တွေအောက် ရောက်သွားတယ်။ (၁၉၅၈ မှာ ဖဆပလ ကွဲတော့မှ ဦးနုဘက် ပါသွားကြတာပဲ။)

(၅) အိန္ဒိယကွန်ဂရက်ပါတီက ပါကစ္စတန်ကို အဓိကရန်သူအဖြစ် သတ်မှတ်ထားရတာ ဖြစ်တယ်။ တိုင်းပြည် (၂) ခြမ်းကွဲတဲ့ဒဏ်ကိုလည်း ခံနေရတာ ဖြစ်တယ်။ အခုအထိ နှစ် (၆၀) ကြာတော့လည်း ဒီပြဿနာက ရှေ့တန်းရောက်တုန်းပဲ။ အိန္ဒိယပြည်တွင်းမှာ ကလည်း မူဆလင်တွေ အများကြီး ရှိနေသေးတယ်။ ဒီလို အခြေအနေမှာ ပြည်တွင်းမှာ ရန်သူမပေါ်စေချင်တာဟာ မဆန်းဘူး။ ကွန်မြူနစ်ကိုရော၊ မူဆလင်တွေကိုရော၊ ဇာတ်နိမ့်တွေကိုရော ထိန်းထားဖို့ဆိုတာ ‘ပါတီစုံ ပါလီမန်ဒီမိုကရေစီ’ နဲ့ပဲ ထိန်းလို့ရတယ်။ ဗမာပြည်မှာလို ကွန်မြူနစ်ဆန့်ကျင်ရေး လုပ်ကြည့်ပါလား ပြဿနာတွေက မီးခိုးကြွက်လျှောက် လိုက်ကုန်မှာပဲ။

(၆) ဗမာပြည်မှာလို စစ်အာဏာရှင်စနစ်ထူထောင်ဖို့ ဆိုတာကလည်း အိန္ဒိယမှာဖြစ်ဖို့ မလွယ်ဘူး။ အိန္ဒိယစစ်တပ်ကြီးက အင်္ဂလိပ်ချန်ခဲ့တဲ့ စစ်တပ်ပဲ။ ခေါက်ရိုးကျိုးပြီးသား

စစ်တပ်ပဲ။ ဗမာပြည်မှာလို တော်လှန်ရေးအစဉ်အလာရှိတဲ့ စစ်တပ်မဟုတ်ဘူး။ နိုင်ငံရေးထဲ ဝင်မစွက်နိုင်ဘူး။

အိန္ဒိယစစ်တပ်ကလည်း သက္ကရာဇ် (၁၈၅၇) မှာ တပ်တွင်းပုန်ကန်မှုလုပ်ပြီးကတည်းက နိုင်ငံရေးနဲ့ ခပ်ကင်းကင်းနေခဲ့တာပဲ။ နိုင်ငံရေးပါတီတွေကလည်း တပ်တွင်းမှာ ဝင်မစွက်ဘူး။

ဗမာပြည်ကတော့ စစ်တပ်က နိုင်ငံရေးထဲ တလျှောက်လုံး ဝင်စွက်နေတာ ဖြစ်တယ်။ စစ်တပ်ကလည်း (BIA) (BDA) (PBF) တွေကို ရောနှောပြီး ဖွဲ့စည်းထားရတာ ဖြစ်တယ်။ (ပြည်တွင်းစစ်ဖြစ်တော့ ပိုပြီးဝင်စွက်ဖက်လာတယ်။ စစ်အာဏာရှင်စနစ်တည်ထောင်တဲ့အထိ ဖြစ်တယ်။)

(၇) အိန္ဒိယမှာ အင်္ဂလိပ်ထွက်သွားတော့ အာဏာရလိုက်တာက ကွန်ဂရက်ပါတီ။ အဲဒီပါတီက (၁၈၈၅) ကတည်းက ဖွဲ့ထားတဲ့ သက်တမ်းရှည်ဝါရင့်ပါတီကြီး ဖြစ်တယ်။ (၁၉၁၉) ခုနှစ်မှာ ဂန္ဒီခေါင်းဆောင်တော့မှ ဟုမ္မရူး (Home Rule) တောင်းပြီး တိုက်ပွဲဝင်တယ်။ 'လွတ်လပ်ရေး' တောင်းတာက (၁၉၂၉) နောက်ပိုင်းကျမှပဲ။ ဗမာပြည်ဖက်ဆစ်ကျွန်ဖြစ်တဲ့နှစ် (၁၉၄၂) ခုနှစ်ကျတော့မှ 'အိန္ဒိယကို လက်လွှတ်ပါ' (Quit India) ကြွေးကြော်သံတင်ပြီး တိုက်ပွဲဝင်တာပဲ။ (အဲဒီတုန်းက ဗမာပြည်က BIA တော်လှန်ရေးလုပ်နေပြီ) ၁၉၄၇ မှာ လွတ်လပ်ရေးရတော့ အာဏာရကွန်ဂရက်ပါတီက ပါတီသက် (၆၀) ကျော်နေပြီ။

ကွန်ဂရက်ပါတီက 'ဥပဒေတွင်းတိုက်ပွဲ' ပဲ တလျှောက်လုံး တိုက်နေတာ ဖြစ်တယ်။ ရွေးကောက်ပွဲဝင်တယ်။ (၁၉၃၇) ခုနှစ် ရွေးကောက်ပွဲမှာဆိုရင် (၁၄) ပြည်နယ်ရှိတဲ့အနက် (၁၁) ပြည်နယ်မှာ အနိုင်ရတယ်။ ပါကစ္စတန် 'ခွဲထွက်ရေးအတွေးအခေါ်' က (၁၉၄၀) ကတည်းက ပေါ်တာပဲ။

ဗမာပြည်က နိုင်ငံရေးဖြစ်စဉ်နဲ့ နှိုင်းယှဉ်ကြည့်ဖို့ပါ။ ဗမာပြည်က ဝံသာနုပါတီဟာ အိန္ဒိယကွန်ဂရက်ပါတီကို အတုယူတာပဲ။ ဒါပေမဲ့ ကွန်ဂရက်ပါတီလို သက်တမ်းမရှည်ဘူး။ ဗမာပြည်မှာ သက်တမ်းရှည်တဲ့ပါတီ ရှားတယ်။ 'ဖဆပလ' အာဏာရတော့ ဖဆပလက (၄) နှစ်သားပဲ ရှိသေးတယ်။ ကွန်မြူနစ်နဲ့ ကွဲထားတာကလည်းရှိတော့ ဆိုရှယ်လစ်ဦးကျော်ငြိမ်းက ဖဆပလ ကို အပိုင်စီးချင်တာပဲ။ ဦးနုရဲ့ ခေါင်းဆောင်မှုကလည်း မကြံ့ခိုင်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းလို မီးသေတာမဟုတ်ရုံမက သူ့စိတ်ဓာတ်ကလည်း ပြဒါးလိုပဲ အပြောင်းအလဲမြန်တယ်။ ဒါကို အကြံကြီးတဲ့ ဦးကျော်ငြိမ်းက အသုံးချလိုက်တာပဲ ဖြစ်တယ်။

(၈) ၁၉၄၈ မှာ 'ပြည်တွင်းစစ်' မဖြစ်သင့်ပါဘူး။ ဒါပေမဲ့ ဖိနှိပ်တာ ပြင်းထန်ရင်၊ ပြီးတော့ (ဖိနှိပ်ခံရသူက) မိမိရဲ့ ယုံကြည်ချက်ကို မစွန့်လွှတ်နိုင်ရင်တော့ ပြည်တွင်းစစ်ကို ရှောင်လွှဲလို့ မရပါဘူး။ အာဏာရှိသူက လုပ်သမျှကို ခေါင်းငုံ့ခံနေရင် ခဏတော့ တည်ငြိမ်သလို ရှိပါလိမ့်မယ်။ ကြာရှည်ဆိုရင် မခံနိုင်တဲ့သူက ပုန်ကန်ပါလိမ့်မယ်။

(၉) (၂၀၀၈) ခုနှစ်မှာ (၁၉၄၈) ကလို အခြေအနေနဲ့ အနေအထား ရှိနေလို့ ဒီကိစ္စကြီးကို ကိုင်လိုက်တာ ဖြစ်ပါတယ်။

သမိုင်းပညာရှင်သုတေသီ ဒေါက်တာသန်းထွန်း သိချင်ခဲ့တဲ့ကိစ္စ၊ တချို့နိုင်ငံခြားဥာဏ်ကြီးရှင်တွေ စူးစမ်းနေတဲ့ ကိစ္စကို အခုရေးလိုက်ပါတယ်။

ပြည်တွင်းစစ်ဆိုတာဟာ အုပ်စိုးသူနဲ့ အုပ်စိုးခံတွေရဲ့ ဆက်ဆံရေးနဲ့ အဓိကသက်ဆိုင်ပါတယ်။ နိုင်ငံရေးဖြစ်ပေါ်မှုသမိုင်းနဲ့ သက်ဆိုင်ပါတယ်။ စိတ်ဆန္ဒနဲ့ မသက်ဆိုင်ပါဘူး။ လူမျိုးရဲ့ဇာတိစိတ်နဲ့လည်း မသက်ဆိုင်ပါဘူး။ 'စေ့စပ်ဆွေးနွေးရေး' လိုပဲ 'ပြည်တွင်းစစ်' ဆိုတာက (၂) ဘက်ကလုပ်မှ ဖြစ်ပါတယ်။ တဖက်သတ်လုပ်လို့ မရပါ။

(၁၀) ဗမာပြည်မှာ ဖြစ်နေတာက "ပြည်တွင်းစစ် မဟုတ်ဘူး။ သောင်းကျန်းမှုကို တရားဥပဒေစိုးမိုးရေးအတွက် နှိမ်နင်းနေတာပဲ" လို့ အခုအထိ ပြောနေသူ ရေးနေသူတွေ ရှိပါတယ်။ ဒါက သီးခြားပြဿနာပါ။ ၁၉၈၈ က ဖြစ်စဉ်ကို မိမိတို့က 'လူထုအထွေထွေ အုံကြွမှု' လို့ မြင်ပေမယ့် နဝတ/နအဖ နဲ့ စစ်အုပ်စုဝင်ပေါင်းတွေကတော့ 'မင်းမဲ့စရိုက်သောင်းကျန်းမှု' လို့ မြင်နေကြ၊ ရေးနေကြ၊ ပြောနေကြတာပါပဲ။ ဒီပြဿနာက ရေရှည်တည်ရှိမှာပါ။ ရပ်တည်မှုပြဿနာလည်း ဖြစ်ပါတယ်။

အခုတင်ပြတာက သဘောရိုးနဲ့ အဖြစ်မှန်သိချင်သူတွေအတွက် တင်ပြဆွေးနွေးတာပါ။

အိန္ဒိယမှာလို မဖြစ်ရကောင်းလားဆိုပြီး မကျေမလည်ဖြစ်နေသူတွေ စဉ်းစားဖို့ ဆွေးနွေးတာလည်း ဖြစ်ပါတယ်။

# စစ်အုပ်စု သံသရာ

နအဖ ဟာ သူတို့ရဲ့လမ်းပြမြေပုံအတိုင်း သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးတဲ့နောက် မကြာခင်မှာ ရွေးကောက်ပွဲ ဆိုတာကို ကျင်းပတော့မယ်။ ဒီလိုလုပ်တာတွေရဲ့ အဓိကရည်ရွယ်ချက်ဟာ ကမ္ဘာ့အမြင်မှာ သူတို့ကိုယ်သူတို့ စစ်အစိုးရဆိုတဲ့ အဖြစ်ကနေ တရားဝင် လူထုတင်မြှောက်ထားတဲ့အစိုးရဆိုတဲ့ ဂုဏ်ကိုရချင်လို့ ဖြစ်ပါတယ်။ အလွယ်ပြောရင် သူတို့သိက္ခာကို မြှင့်တင်ချင်လို့ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အာဏာကို စစ်အုပ်စုတစုက အုပ်စီးထားသရွေ့ ဘယ်လိုလုပ်ငန်းစဉ်ပဲ ကြေညာကြေညာ၊ ဘယ်လိုအစိုးရ သဏ္ဍာန်နဲ့ပဲ ဖွဲ့စည်းထားတယ်ဆိုဆို စစ်အာဏာရှင်စနစ်ဆိုတဲ့ အနှစ်သာရအရပဲ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒီလိုအခါမှာ စစ်အုပ်စုဆိုတာ ဘာလဲဆိုတာကို ရှင်းထားဖို့လိုပါလိမ့်မယ်။

ဟုတ်ပါတယ်။ စစ်အုပ်စုဆိုတာ စစ်တပ်ထဲက ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်တပ်ရှိတိုင်း စစ်အုပ်စုရှိတာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းလိုလိုမှာ စစ်တပ်ရှိပါတယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးစနစ် ပုံမှန်ကျနေတဲ့ နိုင်ငံမှာ စစ်အုပ်စု ရှိခဲ့ပါတယ်။ အထူးသဖြင့် တပ်ရဲ့အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းခွဲခြားထားတဲ့ နိုင်ငံတွေမှာ စစ်အုပ်စုရယ်လို့ တည်ရှိခဲ့ပါတယ်။ ဗမာပြည်မှာ ဖဆပလ ထဲက ဆိုရှယ်လစ်တွေဟာ ပြည်တွင်းစစ်ကို မဖန်တီးခဲ့ရင် သရဲမွေးသလို ဗိုလ်နေဝင်းတို့စစ်အုပ်စုကိုမွေးဖို့ လိုချင်မှလိုခဲ့မှာပါ။ ဒါကြောင့် ဗမာပြည်မှာ စစ်အုပ်စုပေါ် ပေါက်တာဟာ ပြည်တွင်းစစ်နဲ့ တိုက်ရိုက်ဆက်စပ်နေတယ်ဆိုရင်မမှားပါဘူး၊

စစ်အုပ်စုဆိုတာ စစ်တပ်ထဲကလို့ဆိုပေမယ့် တခါတလေစစ်တပ်ပြင်ဘက်မှာ (အနည်းဆုံး နာမည်အရ) ရောက်နေသူ (သူတွေ) က စစ်တပ်ထဲမှာ ရှိနေတဲ့လူနဲ့ပေါင်းပြီး စစ်တပ်ကို ခြယ်လှယ်၊ တိုင်းပြည်ကို ခြယ်လှယ်နေတာမျိုးလည်း ရှိတတ်ပါတယ်။ အလွယ်ဆုံးဥပမာပြရရင် ဗိုလ်နေဝင်းအနားယူသွားပြီဆိုပြီး တပ်အပြင်ကနေ ခြယ်လှယ်လုပ်ကိုင်နေတာမျိုးပါ။ ဒါကြောင့်မို့ စစ်အုပ်စုထဲမှာ ပါဝင်သူတွေဟာ စစ်ဝတ်နဲ့ချည်း ဟုတ်ချင်မှဟုတ်မှာလို့လည်း ပြောရင်ရပါတယ်။ ဒါပေမဲ့ သူတို့ဟာ စစ်တပ်အပေါ်မှာ တနည်းမဟုတ်တနည်းနဲ့ ဩဇာညောင်းသူတွေ ဖြစ်ရပါမယ်။ နို့မဟုတ်ရင် သူ့အသုံးဝင်မှုဟာ ယာယီခေတ္တမျှသာ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်က စစ်အုပ်စုအပေါ်၊ စစ်အစိုးရအပေါ်၊ စစ်အာဏာရှင်စနစ်အပေါ် ဘယ်လောက်ကြီးပဲ သစ္စာရှိ၊ အလုပ်အကျွေးပြုနေပါစေ စစ်အုပ်စုဝင်ဖြစ်ဖို့ကတော့ စစ်တပ်အပေါ်မှာ ဩဇာမညောင်းလို့ကတော့ ကမ်းနားသစ်ပင်ထက် သိပ်မပိုပါဘူး။ ၁၉၅၈ ခုနှစ်ကစလို့

ဗမာပြည်ရဲ့စစ်အစိုးရနဲ့ စစ်အုပ်စု အဆက်ဆက်ထဲမှာ အရပ်သားတချို့ ပါပါတယ်။ ဒါပေမဲ့ သူတို့ကို စစ်အုပ်စုဝင်တွေလို့ ခေါ်လို့ မရပါဘူး။ ဒါဟာ သမ္မတဖြစ်ခဲ့တဲ့ ဒေါက်တာမောင်မောင်အပါအဝင် ဖြစ်ပါတယ်။ သူတို့ဟာ စစ်အုပ်စုကနေ တက်ဆိုတက်ခဲ့ရသလို ထွက်ဆိုထွက်သွားရတာချည်း ဖြစ်ပါတယ်။ စစ်အုပ်စုက အသုံးချသူတွေလို့သာ ခေါ်နိုင်ပါတယ်။

စစ်အုပ်စုရဲ့ အဓိကအင်အားဟာ လက်နက်ကိုင်စစ်တပ်ပဲ ဖြစ်ပါတယ်။ အာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်ဆိုတဲ့ စကားကို အနားလည်ဆုံး၊ သဘောအပေါက်ဆုံး လူတွေထဲမှာ သူတို့ ထိပ်ကပါပါတယ်။ ဒါကြောင့် စစ်တပ်ကို ချုပ်ကိုင်နိုင်သူမှ စစ်အုပ်စုထိပ်သီး ဖြစ်ပါတယ်။ ဒီထိပ်သီးဟာ တခြားစစ်အုပ်စုဝင်တွေကို ဘယ်လိုတာဝန်တွေခွဲပေး၊ တိုးပေးပါစေ စစ်တပ်တခုလုံးအပေါ်၊ အထူးသဖြင့် တိုက်ခိုက်ရေးတပ်အားလုံးအပေါ် ဩဇာတည်ခွင့်တော့ လုံးဝမပေးပါဘူး။ နအဖ စစ်အုပ်စုရဲ့ဖွဲ့စည်းပုံအပိုဒ် (၃၄၂) မှာ “နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်”လို့ ထည့်ထားပါတယ်။ တပ်ကို “စစ်ရေးအမြင်”ရှိတဲ့ နိုင်ငံတော်သမ္မတရဲ့ လက်ခုပ်ထဲက အလွှတ်မခံပါဘူး။ အဲဒီ သမ္မတကို အတိုင်းမသိအခွင့်အာဏာ ပေးအပ်ထားတာဟာ စစ်အာဏာရှင်စနစ်ရဲ့ လက္ခဏာပါ။

စစ်အုပ်စုဆိုလို့ အုပ်စုတခုလုံး၊ အုပ်စုဝင်အားလုံးတပြေးညီ အာဏာတွေ ရှိနေကြတယ်လို့တော့ မအောက်မေ့ပါနဲ့။ စစ်အုပ်စုတခုမှာ နံပါတ်တစ် တဦးတည်းသာ ရှိပါတယ်။ စစ်အုပ်စုဆိုတာပေါ်လွင်စေဖို့အတွက် “နေဝင်း –စန်းယုစစ်အစိုးရ”၊ “စောမောင် – ခင်ညွှန့်စစ်အစိုးရ”၊ “သန်းရွှေ–မောင်အေးစစ်အစိုးရ” စသဖြင့် ခေါ်ဆိုလေ့ရှိပေမယ့် အခရာကျတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ တကယ့်အာဏာဟာ တဦးတည်းလက်ထဲမှာသာရှိတာ ဖြစ်ပါတယ်။

နောက်ပြီး စစ်အုပ်စုမှာ နံပါတ်တစ်ကလွဲရင် ကျန်တာတွေကို နံပတ်စဉ်ထိုးထားလေ့မရှိပါဘူး။ ဒါက နံပါတ်ဝမ်းရဲ့ အစီအစဉ်ဖြစ်ပါတယ်။ နံပါတ်နှစ်ဆိုတာ ပြင်ပအကဲခတ်များက သတ်မှတ်တာပဲ ဖြစ်ပါတယ်။ သူတို့ချင်း အသိအမှတ် မပြုပါဘူး။ နံပါတ်တစ် နားသွားရင် နံပါတ်နှစ်လို့ ထင်ထားသူတွေက ဆက်ခံသူဖြစ်လာလေ့ သိပ်မရှိတာ တွေ့ရပါတယ်။ ကိုယ့်ကို နည်းနည်းပခုံးယှဉ်လာမယ်၊ သူ့ကိုယ်သူ နံပါတ်နှစ်ဖြစ်တယ်၊ ဒါမှမဟုတ် နံပါတ်ဝမ်းကြီးရဲ့သား ဖြစ်တယ်ဆိုတာမျိုး ပြောသံတွေ ကြားလာရပြီဆိုရင်တော့ အဲဒီလူဟာ မကြာဘူး၊ ပြုတ်သွားတာပါပဲ။ ဗိုလ်အောင်ကြီး၊ ထောက်လှမ်းရေး မျက်မှန်တင်ဦး စတာတွေဟာ အထင်ရှားဆုံးသာဓကတွေပါပဲ။ တခါတလေမှာ ဒုတိယလို့ အထင်ခံရသူဟာ လက်တွေ့အားဖြင့် နံပါတ်ဝမ်းရဲ့ မီးဖိုချောင်ကကက်ဘိနက်လောက်တောင် အာဏာမရှိတာ တွေ့ရတတ် ပါတယ်။ ဒါဟာ ဗမာ့သမိုင်းမှာ ပထမဆုံးစစ်အုပ်စုလို့ ခေါ်ရမယ့် ဗိုလ်နေဝင်းတို့ရဲ့ ဆိုရှယ်လစ်ပါတီအနွယ် စစ်အုပ်စုမှာထဲကတည်းက လေးစားလိုက်နာခဲ့ကြတဲ့ ထုံးတမ်းစဉ်လာ ဖြစ်ပါတယ်။

စစ်အုပ်စုတွေဟာ အာဏာမရမီတုန်းက နိုင်ငံရေးစကား သိပ်ပြောလေ့မရှိပါဘူး။ သူတို့ကိုယ်သူတို့ နိုင်ငံရေးကို စိတ်မဝင်စားလေဟန်၊ နိုင်ငံရေးသမားတွေကို မနှစ်မမြို့လေဟန်တွေတော့ ဖော်ပြလေ့ရှိပါတယ်။ ဒါပေမဲ့ အာဏာသိမ်းပြီးပြီဆိုရင်တော့ နိုင်ငံရေး စကားတွေမပြောမဖြစ်၊ ပြောရပါတော့တယ်။ ကိုယ်ဘာ

**စစ်အုပ်စုရဲ့ အဓိကအင်အားဟာ လက်နက်ကိုင်စစ်တပ်ပဲ ဖြစ်ပါတယ်။ အာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်ဆိုတဲ့ စကားကို အနားလည်ဆုံး၊ သဘောအပေါက်ဆုံး လူတွေထဲမှာ သူတို့ ထိပ်ကပါပါတယ်။**

**ကိုယ်ကျိုးစီးပွားကို ဗဟိုပြုတာနဲ့ အဲဒီအတွက် အရေးအကြီးဆုံးဖြစ်တဲ့ အာဏာကို လက်မလွှတ်တာပါပဲ။**

ကြောင့် အာဏာသိမ်းတယ်၊ ဘာကြောင့် အာဏာကို ဆက်ထိန်းတယ် စသဖြင့် နိုင်ငံရေးအကြောင်းတွေ ပြရပါတယ်။ အာဏာကို ရာသက်ပန်မစွန့်လွှတ်တော့ဘူးလို့ ဆုံးဖြတ်ထားသူများကလည်း ဘာကြောင့်လုပ်ရတယ်ဆိုတာကိုအကြောင်း ပြရပါတယ်။ သူများယုံတာမယုံတာ အရေးမကြီးပါ။ သူတို့အဖို့ တခုခုပြောစရာရှိဖို့ပဲ အရေးကြီးပါတယ်။ ဗမာပြည်သမိုင်းမှာ အာဏာသိမ်းမှု သုံးခါလုပ်ခဲ့တာမှာ သုံးခါစလုံး တိုင်းပြည်ကို လက်မတင်လေး ကယ်တင်လိုက်တယ်လို့ ပြောတာတွေ တူနေတာဟာ မှတ်လောက်သားလောက် ဖြစ်ပါတယ်။ ဗိုလ်နေဝင်းက အာဏာကို လက်မလွှတ်တော့ဘူး ဆုံးဖြတ်တော့ မဆလလမ်းစဉ်ဆိုတာကို ကြေညာရုံမက အညမည သဘောတရား ဆိုတာကိုတောင် ဖော်ထုတ်လိုက်ပါသေးတယ်။ ဗိုလ်သန်းရွှေတို့ကတော့ လမ်းပြမြေပုံဆိုတာနဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီဆိုတာကို တင်ပါတယ်။

သူတို့လေတွေ ဘယ်လိုပဲ ကွဲပြားပစေ၊ စစ်အုပ်စုတိုင်းမှာ တူညီတဲ့ အချက်တချက်ရှိနေပါတယ်။ အဲဒါကတော့ အဲဒီအစုရဲ့ကိုယ်ကျိုးစီးပွားကို ဗဟိုပြုတာနဲ့ အဲဒီအတွက် အရေးအကြီးဆုံးဖြစ်တဲ့ အာဏာကို လက်မလွှတ်တာပါပဲ။ သူတို့ရဲ့ သေနင်္ဂဗျူဟာမြောက် ခြေလှမ်းတိုင်း – ဥပမာ – လမ်းပြမြေပုံ ‘၇’ ချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေစတာ – ဟာ အဲဒီအာဏာကို ထိန်းသိမ်းကာကွယ်ရေးသာ ဖြစ်ပါတယ်။ ဒီနေရာမှာ အသေအချာ ထောက်ပြဖို့ လိုတာက စစ်အာဏာရှင်စနစ်ဆိုတာ စစ်တပ်ကောင်းစားရေး မဟုတ်ဘဲ စစ်တပ်ထဲက ထိပ်ဆုံးအစုလေးတစုဖြစ်တဲ့ စစ်အုပ်စုကောင်းစားရေး သက်သက်သာ ဖြစ်ပါတယ်။ တချို့နိုင်ငံရေးသမားတွေကသာ အာဏာကိစ္စကို သတိမထားမိဘဲ ရှိကောင်းရှိမယ် သူတို့ကတော့ နည်းနည်းမှ မျက်စေ့မလည်၊ နားမယောင်ပါဘူး။

နောက်ထောက်ပြသင့်တယ်ထင်တဲ့ အချက်တချက်ကတော့ စစ်အုပ်စုအတွင်း ထိပ်သီးအပြောင်းအလဲတွေပါပဲ။ စစ်အုပ်စုထိပ်သီးတိုင်းလိုလိုပဲ သေတပန်သက်ဆုံး ထိပ်သီးလုပ်သွားချင်တာပါ။ သူတို့အတွင်း ရှောရှောရှူရှူအာဏာလွှဲပေး တယ်ဆိုတာ အင်မတန်မှ ရှားပါတယ်။ အားလုံးမတတ်သာလို့ချည်းသာ ဖြစ်ပါတယ်။ နာမည်ကြီးလှတဲ့ ကမ္ဘာကျော် စစ်အာဏာရှင်ကြီးတွေဖြစ်တဲ့ ချီလီက ပင်နိုရှေး၊ စပိန်က ဖရန်ကိုစသူတွေကို ကြည့်ပါ။ သေမှ နန်းစွန့်သူတွေချည်း ဖြစ်ပါတယ်။ အင်ဒိုနီးရှားက ဆူဟာတိုနဲ့ ဗမာပြည်က ဗိုလ်နေဝင်းတို့ကတော့ ပြည်သူလူထု တိုက်ပွဲကြောင့် နုတ်ထွက်ပေးရတာ ဖြစ်ပါတယ်။ ဆူဟာတိုဟာ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် သူ့ကို အသုံးမလိုတော့တဲ့ အချိန်မှာ အမေရိကန်စီးပွားရေးအပေါ် အများကြီး မှီခိုနေရတဲ့အလျောက် အမေရိကန်က အချက်ပြလိုက်တာနဲ့တပြိုင်နက် နုတ်ထွက်သွားတာပါ။ အသာတကြည် နုတ်ထွက်တယ်ဆိုတာ အင်မတန်မှ ရှားပါတယ်။ သူတို့အနေနဲ့ ဒီလို ရာသက်ပန် အာဏာလက်မလွှတ်နိုင်တာရဲ့ အဓိကအကြောင်းရင်းတွေထဲမှာ တခုကတော့ ကျန်စစ်ဗိုလ်တွေ၊ ဗိုလ်ချုပ်တွေကို မယုံတာပါပဲ။ ဗမာပြည်လို ဦးနေဝင်းနဲ့ ဗိုလ်စောမောင်တို့ရဲ့ နောက်ဆုံးနေ့များ သာဓကတွေရှိတဲ့နိုင်ငံမှာဆိုရင် အာဏာရှင်တွေအဖို့ ပိုလို့တောင် အသေမဖြောင့်စရာဖြစ်ပါတယ်။

ဒါကြောင့် နအဖ ရဲ့ ဖွဲ့စည်းပုံ အပိုဒ် (၆၁) မှာပါတဲ့ နိုင်ငံတော်သမ္မတရဲ့ သက်တမ်းဟာ ၁၀ နှစ် မပိုစေရဘူး ဆိုတာဟာ သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ အခု ဗိုလ်သန်းရွှေရဲ့ အသက်ဟာ ၇၃နှစ်ပါ။ ဗိုလ်သန်းရွှေ သမ္မတလုပ်မယ်ဆိုပါတော့ သူ့သမ္မတသက်တမ်းဟာ ၂၀၁၀ ခုနှစ်မှ စမှာဆိုတော့ သူ့အသက် ၇၅ နှစ် ရောက်မှ သမ္မတစလုပ်မှာပါ။ ခုနက ပြောတဲ့ ဥပဒေအရဆိုရင် သူဟာ ၈၅ နှစ် အထိ သမ္မတဆက်လုပ်သွားနိုင်ပါတယ်။ သူ့ကျန်းမာရေးက ခွင့်ပြုပ့ါမလား။ ဗိုလ်သန်းရွှေလို ပဒေသရာဇ်ရူး – ရူးနေသူတယောက်အနေနဲ့ သူ့အာဏာကို သူ့သားသမီးလက် ထားခဲ့ချင်မှာပါ။ ဒါပေမဲ့ သူ့သား ၂ ယောက်ကလည်း တပ်ထဲက မဟုတ်။ သမက်ကလည်း တပ်ထဲမှာ ထိပ်ပိုင်းရောက်ဖို့ အတော်ဝေးပါသေးတယ်။ တိုက်ခိုက်ရေးတပ်တွေရဲ့ လေးစားမှုခံရမယ့် လက္ခဏာ မရှိပါဘူး။ သူ့မြေးတွေကတော့ အသက်ငယ်သေးတဲ့အပြင် မူးယစ်ဆေးဝါးသုံးစွဲတဲ့ သတင်းတွေလည်း ပေါ်ထွက်နေပါတယ်။ စပိန်က အာဏာရှင်ဖရန်ကိုကတော့ သူသေခါနီးမှာ မစားရတဲ့အမဲ သဲနဲ့ပက် လုပ်ခဲ့သလို အာဏာကို တခြားဘယ်စစ်ဗိုလ်လက်မှ လွှဲမပေးဘဲ ကာလိုစ်မင်းသားကို ဘုရင်လုပ်ဆိုပြီး အာဏာကို ဘုရင့်လက်လွှဲပေးခဲ့ပါတယ်။

ဒါပေမဲ့ ဗမာပြည်မှာက မင်းသား မရှိပါဘူး။

လက်နက်အပြည့်အစုံ ကိုင်ထားကြတဲ့ အာဏာအရသာ သိနေကြတဲ့ ဗိုလ်ချုပ်တွေ အများကြီးပဲ ရှိပါတယ်။



# သတင်းနဲ့မှတ်ချက်

## ‘တရားဝင်မှု’ နဲ့ ‘တရားမဝင်မှု’

(၁) ဒီဝေါဟာရ (၂) ခုမှာ ‘မ’တလုံးပဲ ကွဲပြားပါတယ်။ ဒါပေမဲ့ တာသွားမှုကတော့ အများကြီးပါ။ တရားဝင်တည်ရှိနေတဲ့ ပါတီတခုဟာ တရားမဝင် ဖြစ်သွားရင် တချို့က ဥပဒေပြင်ပမှာ ဆက်လက်လှုပ်ရှားတယ်။ တချို့ကျတော့ ပျောက်ကွယ်သွားတယ်။

‘ဥပဒေပြင်ပ’ ဆိုတာမှာလည်း (၂) မျိုး ကွဲသေးတယ်။ အဲဒါက ‘လက်နက်ကိုင်တော်လှန်ရေး’ လုပ်တာနဲ့ ‘မြေအောက် U/G’ လုပ်တာပဲ။

ပျောက်သွားတဲ့ပါတီကတော့ ပြန်ပေါ်ရိုးထုံးစံ မရှိဘူး။ ပျောက်ရာက ကွယ်သွားတာပဲ။ ပြည်သူ့ရဲဘော်ပါတီ (PCP) ကိုကြည့်။ ပြည်ထောင်စုပါတီ (ပထစ ပါတီ) ကိုကြည့်။ ပျောက်ပြီးရင် ကွယ်သွားတာပဲ။

(၂) ဒီကိစ္စကို ဖော်ထုတ်ရတာက “၂၀၀၈ အခြေခံဥပဒေ” အာဏာစက် စတင်လာပြီဆိုရင် လက်ရှိ တရားဝင်ဖြစ်နေတဲ့ NLD အပါအဝင် တချို့ပါတီတွေရဲ့ အနေအထား ပြောင်းလဲရတော့မယ်လို့ ကြိုပြီးတွေးမိလို့ ဖြစ်တယ်။

“၂၀၀၈ အခြေခံဥပဒေ” အခန်း (၁၀) နိုင်ငံရေးပါတီများထဲမှာ ပုဒ်မပေါင်း (၆) ခု ပါတယ်။ ပုဒ်မ (၅) ခုက ‘တရားဝင် ရပ်တည်ခွင့်’ ရထားတဲ့ ပါတီတွေကို ချည်ပြီးတုတ်ပြီးဖြစ်အောင် ရေးထားတဲ့ ပုဒ်မတွေ ဖြစ်တယ်။ နောက်ဆုံးပုဒ်မတော့ ချည်ပြီးတုတ်ပြီး ဖြစ်တာတောင် အားမရသေးလို့ ‘လိုအပ်ရင်’ ပုဒ်မသစ် (ဥပဒေသစ်) ထပ်တိုးဦးမယ်လို့ ရေးထားတာ ဖြစ်တယ်။

ကိုယ့်ရပ်တည်ချက်အပေါ်မှာ သစ္စာရှိတဲ့ ကိုယ့်သိက္ခာကို ကိုယ်လေးစားတဲ့ ပါတီဆိုရင် အဲဒီလို စည်းကမ်းချက်တွေကို လက်ခံနိုင်မှာ မဟုတ်ပါဘူး။

(၃) “၂၀၀၈ အခြေခံဥပဒေ” ကို NLD က လက်မခံဘူး၊ ဆန့်ကျင်တယ်လို့ ကြားရသိရလို့ ကျွန်တော်တို့ ချီးကျူးဂုဏ်ပြုပါတယ်။ ‘၁၉၉၀ ရွေးကောက်ပွဲရလဒ်’ အပေါ် NLD က ကြံ့ကြံ့ခိုင်ရပ်တည်နေသမျှ ကျွန်တော်တို့က ပြတ်ပြတ်သားသား ထောက်ခံပါမယ်။ အားပေးပါမယ်။ “၂၀၀၈ အခြေခံဥပဒေ” ကို ဘယ်လိုတိုက်ဖျက်ကြမလဲဆိုတာကို ဝိုင်းဝန်းကြံဆကြရပါမယ်။ ပြီးတော့ ပြတ်ပြတ်သားသား တိုက်ပွဲဝင်ကြရပါမယ်။

(၄) ‘တရားဝင်မှု’ နဲ့ ‘တရားမဝင်မှု’ ကြားမှာ စည်းခြားထားတဲ့ နံရံက ပါးပါးကလေး ဖြစ်ပါတယ်။ အာဏာပိုင်နေတဲ့သူတွေရဲ့ စိတ်နေစိတ်ထားပေါ်မှာ အများကြီးတည်နေပါတယ်။ ကျွန်တော်တို့ပါတီရဲ့ (၆၉) နှစ်သက်တမ်းမှာ တရားဝင်ပါတီအဖြစ် ရပ်တည်ခွင့်ရတာ (၃) နှစ်ပဲ ရှိပါတယ်။ စစ်ပြီးနယ်ချဲ့အစိုးရက ခွင့်ပြုခဲ့ပေမယ့် ဖဆပလ အစိုးရက ခွင့်မပြုလို့ ကျွန်တော်တို့ ‘ဥပဒေပြင်ပ’ ရောက်ခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီ (၁၉၄၈) တုန်းကသာ ကျွန်တော်တို့ တွေ့ဝေခဲ့ရင် (တွေ့ဝေမှုတချို့ ရှိတယ်) ‘ဗကပ’ ဟာ သမိုင်းခါးပြတ်သွားနိုင်ပါတယ်။ အဲဒီတုန်းကသာ ‘ဥပဒေတွင်းရပ်တည်မှု’ ကို ‘ဗကပ’ က ကိုးကွယ်ဖက်တွယ်နေမိရင် နေ့မြင်ညပျောက် ပါတီတွေထဲမှာ (အာဏာပိုင်က ‘ရှိစေ’ ဆို ‘ရှိ’ ပြီး ‘ပျောက်စေ’ ဆိုရင် ပျောက်ရတဲ့ ပါတီတွေထဲမှာ) ပါသွားမှာ ဖြစ်ပါတယ်။

NLD အတွေးမမှားစေချင်ပါ။ အရွေးလည်း မမှားစေချင်ပါ။

## နေဝင်းလိုဖြစ်မှာကြောက်နေတဲ့ သန်းရွှေ

နအဖ ကြေညာချက် အမှတ် (၇/၂၀၀၈) မေလ ၂၉ ရက်နေ့မှာ ထွက်လာတယ်။ မုန်တိုင်းသင့်ဒုက္ခသည်တွေက ဒုနဲ့ဒေး မျက်ရည်သုတ်နေရချိန်မှာ ထွက်လာတာ ဖြစ်တယ်။ သန်းရွှေက သူမသေမီ နိုင်ငံရေးအာဏာအမွေကို စိတ်ချရတဲ့သူတွေကို လွှဲပေးခဲ့ချင်တာ ထင်ရှားတယ်။ နေဝင်းလို ဖြစ်မှာကိုလည်း သူ့အနေနဲ့




အတော်ကြီး ကြောက်နေတာ ပေါ်လွင်တယ်။ '၂၀၀၈ အခြေခံဥပဒေ' ရေးထားပုံကိုကြည့်ရင် ရှင်းတယ်။

နေဝင်းက နိုင်ငံရေးအမွေကို 'တစည' ကိုပေးပြီး အာဏာအမွေကို နဝတ ဗိုလ်စောမောင်ကို ပေးခဲ့တာပဲ။ သန်းရွှေကို ပေးခဲ့တာ မဟုတ်ဘူး။ သန်းရွှေက ဗိုလ်စောမောင်အပေါ် အကောက်ကြံပြီး အာဏာသိမ်းခဲ့တာ ဖြစ်တယ်။ နောက်တော့ ဗိုလ်ခင်ညွန့်ကိုပါ ဖယ်ရှားခဲ့တာ ဖြစ်တယ်။ နေဝင်းနဲ့ လမ်းခွဲမှတော့ ဗိုလ်ခင်ညွန့် မလိုတော့ဘူးလေ။

စောင့်ကြည့်ပါ။ သန်းရွှေလည်း ကာလဝိဘက် နောက်ပိုးတက်မှာပါ။

## တာဝန်မဲ့တာကမ်းကုန်နေတဲ့ စစ်အစိုးရ

မြစ်ဝကျွန်းပေါ်လူထုကို ငါးနိုက် – ဖားရိုက် – အလေ့ကျသီးရွက်စားပြီး နေကြဖို့ စစ်အစိုးရသတင်းစာမှာ ရေးထားတာ ဖတ်လိုက်ရတယ်။ စစ်ဗိုလ်တွေ တာဝန်မဲ့တာတော့ ကမ်းကုန်နေပြီ။ စပါးစိုက်ချိန် ရောက်နေပြီ။ ဒါပေမဲ့ လူထုမှာ ရိက္ခာ၊ မျိုးစပါး၊ ကျွဲနွား၊ လယ်လုပ်ကိရိယာ ဘာမှ မရှိတော့ဘူး။ စစ်ဗိုလ်တွေ ဓာတ်ပုံရိုက်ခံဖို့ လာကြတယ်။ ပြောင်လက်နေတဲ့ ရှူးဖိနပ်တွေ စီးထားတယ်။ မင်းခမ်းမင်းနားတက်တော့မလို စစ်ဝတ်တန်ဆာ ဒွာဒရာတွေကလည်း အပြည့်အစုံပဲ။ နဝရတ် (၉) ပါး လက်စွပ်ကလည်း ပြူးပြူးပြောင်ပြောင်။ 'စားဖို့မပူနဲ့ အားလုံးရှိတယ်' လို့ ပါးစပ်က ပြောတယ်။ ပြီးတော့ ပြန်သွားတာပဲ။

အရေးတကြီးလိုအပ်နေတဲ့ ရိက္ခာ၊ မျိုးစပါး၊ ကျွဲနွား စတာတွေ ဘာတခုမှ မပေးဘဲ ဘာနဲ့သွားပြီး စိုက်ကြ ပျိုးကြရမှာလဲ။ လူထုကို မုန်တိုင်းသတ်လို့သေတာထက် ပိုပြီးသေကြရဖို့ပဲ ရှိတော့တယ်။

လူထုက စစ်ကြီးပြီးစ လူထုကို အတုယူကြရပါမယ်။ ငတ်ပြီးအသေမခံဘဲ ဆန်လုပွဲတွေ စည်းရုံးကြဖို့ လမ်းတလမ်းပဲ ရှိပါတယ်။ ဟိုတုန်းက တကယ့်အဖြစ်ကလည်း 'ဆန်လုပွဲ' လို့သာ အမည်ခံတာပါ။ ဂိုဒေါင်စောင့်ကို စည်းရုံးပြီးသွားပါ။ ဆန်လုပွဲကို နှိမ်နင်းဖို့တာဝန်ပေးခံရတဲ့ စစ်တပ်ကိုလည်း စည်းရုံးပြီးသွားဆိုတော့ အားလုံးရောရောရှုရှုဖြစ်မြောက်ခဲ့တာပါပဲ။

## နေပြည်တော်ကတော့ နေမြဲပဲ

ပြည်သူတွေ ဒုက္ခရောက်ကြတယ်။ နေပြည်တော်ကတော့ တည်ဆောက်နေတာ နည်းနည်းမှ မရပ်ဘူး။ တိုက်တွေ၊ တာတွေ၊ ဥယျာဉ်တွေက လျှပ်စစ်မီးတထိန်ထိန်ပဲ။ လူကတော့ မရှိလှဘူး။ ခြောက်ကပ်ကပ်ပဲ။ အခု 'နေပြည်တော်' နာမည်ခံထားတဲ့ အရပ်ဒေသတွေက ကျွန်တော်တို့မျိုးဆက်ဟောင်း ကွန်မြူနစ်တွေ နေခဲ့တဲ့၊ လှုပ်ရှားခဲ့တဲ့ ဒေသပဲ။ မစိမ်းဘူး။ အဲဒီလိုဒေသမှာ တိုက်တွေ၊ တာတွေနဲ့ ဖြစ်နေတော့ တမျိုးကြီးပဲ။ ဒေသခံလူထုတွေ ဘယ်လိုနေကြပါလိမ့်။ နေ့စားအလုပ်သမားတွေ ဖြစ်နေပြီလား။ အိမ်ရှင်ကို ညှိ့သည်က နှင်တာ ခံရပြီလား။ စိုက်မြေ၊ ပျိုးမြေ၊ ကျွဲနွားစားကျက်တွေ အသိမ်းခံရလို့ ခရုဆံကျွတ် ဖြစ်နေပြီလား။ အမျိုးမျိုးတွေးမိပါတယ်။ လယ်မဲ့ယာမဲ့ ဘဝကနေ ဘုံပျောက်တဲ့ကိန်း ဆိုက်နေကြရပြီလို့တော့ ထင်ပါတယ်။

မုန်တိုင်းစဲစကာလက နေပြည်တော်မှာ ပြက်လုံးတခုပေါ်တယ်လို့ ကြားရတယ်။ "တို့ဗိုလ်ချုပ်မှူးကြီး အမြော်အမြင်ကြီးပါပေတယ်။ နေပြည်တော်ပြောင်းထားလို့ မုန်တိုင်းဒဏ် မခံရဘူး။ အဲ – တို့ပဲ လွတ်တာပဲ။ အိမ်သူအိမ်သားတွေတော့ မုန်တိုင်းဒဏ်ခံရတယ်။ ဗိုလ်ချုပ်မှူးကြီးအိမ်သူအိမ်သားတွေကတော့ နေပြည်တော်မှာ အေးဆေးပဲ ဆိုတဲ့ 'ပြက်လုံး' ပဲ။ ဒါကို 'ပြက်လုံး' လို့ ယူချင်လည်း ရတယ်။ အခြားအဓိပ္ပာယ်တွေလည်း ကြိုက်သလို ယူနိုင်တာပဲ။




## နအဖ 'လက်တို အရိုးမျက်' ဖြစ်တော့မယ်

(၁) ကမ္ဘာမှာ ရိက္ခာအကျပ်အတည်း ဆိုက်နေပြီ။ အီကွေတာတဝိုက်က တိုင်းပြည်ကလေးတွေမှာ ရိက္ခာပြဿနာကြောင့် နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်နေကြပြီ။
(၂) ဗမာပြည်ဟာ စစ်ကြီးအတွင်းကတောင် အငတ်ဘေး မဆိုက်ခဲ့ဘူး။ နေဝင်း စစ်အစိုးရ လက်ထက်မှာ အငတ်ဘေး (တနှစ်တည်းသာ) ဆိုက်ခဲ့တာကလည်း သဘာဝဘေးဒဏ်ကြောင့် မဟုတ်ဘူး။ နေဝင်းတို့ တွက်ကိန်းမှားခဲ့လို့ပဲ။ နောက်တော့လည်း ဗမာပြည်က LDC သာ ဖြစ်သွားတယ်။ ရိက္ခာအကျပ်အတည်း တခါမှ မပေါ်တော့ဘူး။ လယ်သမားရှိနေသမျှ လယ်စိုက်နေကြမှာပဲ။ ရိက္ခာလည်း လုံလောက်နေမှာပဲ။ သဘာဝတရားကလည်း မျက်နှာသာပေးလေ့ရှိတယ်။

အခုတော့ သဘာဝတရားက မျက်နှာသာမပေးဘူး။ နာဂစ်က ဝင်မွှေလိုက်တယ်။ မြစ်ဝကျွန်းပေါ်က လယ်သမားတွေ ဘဝပျက်သွားတယ်။ လယ်လုပ်ကိရိယာ၊ ကျွဲနွား မရှိတော့ဘူး။ ကျွဲနွားမရှိရင် စက်နဲ့စိုက်မယ်လို့ 'နအဖ' ပြောပေမယ့် ဘယ်မှာလဲစက်၊ စက်ကို ကိုင်တွယ်တတ်ဖို့ကလည်း သင်ရဦးမယ်။ စက်ကို မြက်ကျွေးလို့ မရဘူး။ ဒီဇယ်ဆီ လိုတယ်။ ရေနံဈေးကလည်း မိုးထိုးနေပြီ။ သန်းရွှေတို့ကလည်း ရှိသမျှ နိုင်ငံခြားငွေကို 'ဆင်ဖြူတော်စီမံကိန်း' တွေမှာ ချသုံးနေတယ်။ နေပြည်တော်သစ် – မြို့သစ်တွေ တည်နေတယ်။ ဒါတွေကို ရပ်လိုက်လို့ မရဘူး။ ရပ်လိုက်ရင် သူ့အုပ်ချုပ်ရေးယန္တရားကြီး သွက်ချာပါဒ လိုက်သွားမယ်။ '၂၀၁၀ ရွေးကောက်ပွဲ' ကလည်း ရပ်မရဘူး။ ရပ်လိုက်ရင် သယ်ထားခဲ့သမျှ '၂၀၀၈ အခြေခံဥပဒေ' ရေစုန်မျောမယ်။
(၃) နိုင်ငံတကာက အကူအညီဆိုတာ အမြဲတမ်းရနေမှာ မဟုတ်ဘူး။ သူတို့မှာလည်း သူတို့ဒုက္ခနဲ့သူတို့။ နာဂစ်ကြောင့် ရတဲ့အကူအညီဆိုတာက ခဏပဲရတာ။ လူ့ဝတ္တရားအရ ကူညီကြတာပဲ။ ရေရှည်မှာ ဘယ်သူကမှ ကူညီမှာမဟုတ်ဘူး။ အသုဘအိမ်က မလိမ်မိုးမလိမ်မာ ကလေးလို (နအဖ လုပ်နေတာကို) သည်းညည်းခံနေကြတာပဲ။ ဒါကို အဟုတ်ကြီး မထင်ပါနဲ့။

ကိုယ့်ပြည်သူကို ကိုယ်အားကိုးပြီး ရင်းစားပြန်ရအောင် အတော်ကြာကြာ လုပ်ရလိမ့်မယ်။ အဲဒီလိုလုပ်ဖို့ နအဖ စစ်အုပ်စုမှာ အရည်အချင်းမရှိဘူး။ ဆန္ဒလည်း မရှိဘူး။ လုပ်လည်း မလုပ်နိုင်ဘူး။ 'လက်တို အရိုးမျက်' ဆိုတာ ဒါတွေကို ပြောတာပဲ။
(၄) နအဖ ဖြစ်ဖြစ် သူ့အရင်က စစ်အုပ်စုတွေပဲဖြစ်ဖြစ် အာဏာရထားတာဟာ စစ်တပ်ကို အမှီပြုပြီးရခဲ့ကြတာ ဖြစ်တယ်။ လူထုကိုမှီခို – လူထုထောက်ခံမှုနဲ့ ရကြတာ မဟုတ်ဘူး။ နာဂစ်က နအဖ စစ်အုပ်စုရဲ့ ဇာတ်ရုပ်ကို (လူထုကြားမှာ) ဖွင့်ချလိုက်ပြီ။ နအဖ ရဲ့ ဇာတ်သိမ်းခန်း နီးလာပါပြီ။

## ထပ်ထွက်စေချင်တဲ့ စာအုပ်များ

မဆလ အတွင်းပိုင်းမှာ ပါဝင်ကပြခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ စာအုပ်ရေးကြ၊ ဆောင်းပါးရေးကြ လုပ်နေတာ တွေ့ပါတယ်။ ကောင်းပါတယ်။ ကိုယ်ရည်သွေးတာတွေကိုတော့ သည်းခံပြီး ဖတ်ပါတယ်။ ကျွန်တော်တို့ သိချင်တာက မဆလ ပါတီရဲ့ ပေါ်လစီအပြောင်းအလဲတွေ ဘယ်ကဘယ်လို စဖြစ်တာလဲ။ ပြည်သူပိုင်သိမ်းတဲ့ကိစ္စ၊ ပါတီညီလာခံမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်း အာဏာသိမ်းပွဲ (Constitutional coup) ကိစ္စ၊ ဗိုလ်အုန်းကျော်မြင့်ကိစ္စ၊ LDC ကိစ္စ၊ ဗိုလ်စိန်လွင် ဘယ်လိုလုပ်ပြီး သမ္မတ ဖြစ်လာသလဲ၊ ဗိုလ်နေဝင်းရဲ့ အဓိကအမှားကဘာလဲ စတာတွေကို သိချင်တာပါ။

ဒေါက်တာမောင်မောင်




ရေးတာက စပြီးဖတ်ရပါတယ်။ အခုတလောထွက်တဲ့ 'သူရထွန်းတင်' ရဲ့ စာအုပ်လည်း ဖတ်ရပါတယ်။ တခြား စစ်ဗိုလ်ဟောင်းတွေ ရေးတာလည်း ဖတ်ရပါတယ်။ ပဟေဠိတွေ များလွန်းပါတယ်။ 'နအဖ' စာပေစိစစ်ရေးကို ရှောင်ချင်တာထက် ပုတ်သင်ဥပေါ်မှာစိုးလို့ စကားထာဝှက်သလို ရေးနေကြတယ်လို့ ထင်ပါတယ်။ ဗိုလ်အောင်ကြီးရေးသလို မရှင်းပါဘူး။

ရေးကြတာတွေထဲမှာ နိုင်ငံရေးသံဝေဂလေသံပါတာ တွေ့ရတယ်။ နအဖ ကို (မသိမသာ) ပညာပေးတာ တွေ့ရတယ်။ တို့လုပ်ခဲ့တာတွေပေါ်မှာ စည်းစိမ်းယစ်မနေနဲ့။ အာဏာမာန် မတက်နဲ့။ တို့တုန်းကလို အုပ်စုမဖွဲ့နဲ့။ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု မလုပ်နဲ့လို့ သတိပေးချင်တဲ့လေသံတွေ ပါနေတာ တွေ့ပါတယ်။

အတွင်းသိများက များများရေးကြစေချင်ပါတယ်။ ဗိုလ်မောင်မောင် မသေသေးဘူး ကြားပါတယ်။ သူရေးစေချင်တယ်။ ဗိုလ်အောင်ကြီး ပေးစာများကို စုပေါင်းပြီး ပြန်ထုတ်စေချင်တယ်။ ဒေါက်တာမောင်မောင်ရဲ့စာအုပ် အင်္ဂလိပ်လိုပဲ တွေ့တယ်။ မြန်မာလို ဘာသာပြန်ပြီး ထုတ်စေချင်တယ်။

## LDC အတွင်းရေး

LDC လျှောက်ဖို့ အကြံပြုသူက မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီးလို့ 'သူရထွန်းတင်' က ရေးတာ ဖတ်ရတယ်။ အဓိက တာဝန်ယူခဲ့တဲ့သူက ရေးတာကို အတည်ယူရမှာပဲ။

သူရေးတဲ့အတိုင်းဆိုရင် အကြွေးတွေအားလုံး လျှော်ပစ်နိုင်ဖို့ LDC ဖြစ်ရေးလမ်းပဲ လုပ်စရာရှိတော့တာပါ။ ဗမာပြည်ရဲ့အဓိကကြွေးရှင်က ဂျပန်နဲ့ ဂျာမဏီပဲ။ သူတို့က အကြံပေးလာပြီဆိုတော့ မဆလ ဘာတတ်နိုင်မှာလဲ။ လုပ်ရုံပဲပေါ့။

တိုင်းပြည်ရဲ့ ဘဏ္ဍာရေးအခြေအနေက အတော်ကြီးဆိုးနေပါပြီ။ 'သူရထွန်းတင်' ဝန်ခံတဲ့အတိုင်းဆိုရင် နိုင်ငံခြားကို တင်ပို့လို့ရတဲ့ငွေ ၁၀၀ ဆိုရင် ကြွေးဆပ်ရမှာက ၄၀ ဖြစ်နေပြီဆိုပဲ။ ဆက်ပြီး 'ဆိုရှယ်လစ်လမ်းစဉ်' အတိုင်း မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ချီတက်ဦးမယ်ဆိုရင် ၁၀၀ ရတာကို ၁၀၀ ကြွေးပြန်ဆပ်ရမယ့်ကိန်း ရောက်မှာပဲ။

နေဝင်းစစ်အုပ်စုရဲ့ ကျဆုံးခန်းဟာ အဲဒီအချိန်က စတာပါ။ သန်းရွှေစစ်အုပ်စု တရားရဖို့ 'သူရထွန်းတင်' က တရားပြချင်ပုံပေါ်ပါတယ်။

LDC မဖြစ်ခင်က နေဝင်းနဲ့ စစ်အုပ်စုဝင်အားလုံးက 'စီးပွားရေးဦးမော့လာပြီ' လို့ ပြောနေတာပါ။

ဗိုလ်အောင်ကြီးရဲ့ စာတွေမှာတော့ ဂျပန်ဘက်က ပြောတာတွေ ဖတ်ရပါတယ်။ နာမည်မဖော်ပေမယ့် 'ဦးထွန်းတင်' ကို စောင်းချိတ်ပြီး ရေးထားတာ ဖတ်ဖူးပါတယ်။ ဗိုလ်ကျော်စိုးကို နာမည်ဖော်ပြီး တိုက်ခိုက်လိုက်၊ ဗိုလ်တင်ဖေကို တိုက်ခိုက်လိုက် လုပ်တတ်တဲ့ ဗိုလ်အောင်ကြီးက ဗိုလ်ထွန်းတင်ကိုတော့ သက်ညှာချင်ပုံ ရပါတယ်။ ဗိုလ်ထွန်းတင်ကလည်း 'ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်' တို့ကို အကောင်းရေးပါတယ်။ နအဖ စိစစ်ရေးက ခွင့်ပြုသလောက် ရေးပုံရပါတယ်။

နေဝင်းက LDC သို့ အရောက်ပို့ခဲ့တယ်။ သန်းရွှေက ဆုံးရှုံးနိုင်ငံ (Failed State) သို့ ချီတက်နေပါပြီ။ အမြော်အမြင်ရှိတဲ့ စစ်ခေါင်းဆောင်များ ပေါ်လာမှပဲ တိုင်းပြည်သက်သာပါလိမ့်မယ်။

## 'ဗိုလ်' က 'ဦး' ပြောင်းကြပြန်ဦးတော့မယ်

စစ်ဗိုလ်တွေ အငြိမ်းစားယူတဲ့သတင်းတွေ ကြားရတယ်။ '၂၀၁၀ ရွေးကောက်ပွဲ' ပြီးရင် ဝန်ကြီးအဖွဲ့မှာ 'ဗိုလ်' တွေ သိပ်တွေ့ရတော့မှာ မဟုတ်ဘူး။ 'ဦး'




တွေ တွေ့ရလိမ့်မယ်။ ဒါပေမဲ့ ဘာမှ ထူးလာမှာ မဟုတ်ဘူး။ နေဝင်း ထွင်ခဲ့တဲ့လမ်းကို သန်းရွှေ လိုက်လျှောက်တာပဲ။

သန်းရွှေက ‘အိမ်စောင့်အစိုးရ’ ရဲ့ ‘ကြံ့ခိုင်ရေး’ ကို ယူသုံးတယ်။ အခုလည်း ဗိုလ်က ဦးပြောင်းတာကို ယူသုံးတာပဲ။

တခုတော့ ရှာကြံပြီး သန်းရွှေကို နေဝင်းနဲ့လမ်းခွဲပြီး အသစ်ထွင်ခဲ့တာကို ပြောရရင် ‘စွမ်းအားရှင်’ ဆိုတာကို တီထွင်တာပဲ။ ‘ရှာကြံပြီး’ လို့ ပြောရတာက ဒါကလည်း နေဝင်းထွင်ခဲ့ပြီးသားပဲ။ ‘ကြံ့ခိုင်ရေး’ တွေကို (ဟိုတုန်းက) နေဝင်း ဖွဲ့တုန်းက ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ကျေးလက်မှာပဲ ဖွဲ့တယ်။ ‘၂ ဘက်ချွန်တပ်၊ ရေတ်ရည်ပုလင်းတပ်၊ ဝါရင်းတုတ်တပ်’ စသဖြင့် တောထဲမှာ ဖွဲ့တယ်။ သန်းရွှေက မြို့ပေါ်မှာ ဖွဲ့တယ်။

သန်းရွှေက (နေဝင်းထက်ထူးပြီး) တီထွင်တာကို မတွေ့ပါဘူး။ နေဝင်းက မဆလ ပါတီဖွဲ့သလို သန်းရွှေက ကြံ့/ဖွံ့ ပါတီ ဖွဲ့မှာပဲ။ ကြံ့/ဖွံ့ ပါတီလို့တော့ သုံးမယ်မထင်ဘူး။ နာမည်ခပ်ကောင်းကောင်း ရှာကြလိမ့်မယ် (ထင်ရတယ်)။ ဘာကြောင့်လဲဆိုတော့ ကြံ့/ဖွံ့ ကိုဆက်ပြီး “လူမှုရေးအသင်းအဖွဲ့” အဖြစ် နောက်တက်မယ့် စစ်အုပ်စုက ထားချင်ပေလိမ့်မယ်။

## လူမှုရေးနဲ့နိုင်ငံရေး အုတ်တံတိုင်း ခြားနေတာမဟုတ်

နာဂစ်မုန်တိုင်းကိစ္စကြီးပေါ်တော့ ကယ်ဆယ်ရေးတွေ လုပ်ကြတယ်။ ပြန်လည်ထူထောင်ရေးတွေ လုပ်ကြတယ်။ သာရေးအတွက် (ကူ) တာလည်း လုပ်ရမှာပဲ။ နာရေးအတွက် (ကူ) တာလည်း လုပ်ရမှာပဲ။ ရုပ်ဝတ္ထုကူညီတာနဲ့ စိတ်ဓာတ်ကူညီတာလည်း လုပ်ရမှာပဲ။ ဘယ်ဟာက အရေးကြီးသလဲ ပြောလို့မရဘူး။

စိတ်ဓာတ်ကူညီတယ်ဆိုတာက ရှင်သူတွေကို ကူညီတာသာမကဘူး သေသူတွေကိုလည်း ထုံးစံအတိုင်း သင်္ဂြိုဟ်ပေးတာဟာလည်း ကူညီတာပဲ။ ဗုဒ္ဓဘာသာက ဗုဒ္ဓဘာသာအလိုက်၊ မူဆလင်၊ ခရစ်ယာန် စတာတွေကလည်း သူ့ထုံးစံအရ သေသူကို သင်္ဂြိုဟ်ပေးရမယ်။

အခုကြားရပုံကတော့ ရုပ်ဝတ္ထုအကူပေးတာကို (အထိုက်အလျောက်) ခွင့်ပြုပေးမယ့် သင်္ဂြိုဟ်တာကို ခွင့်မပြုဘူး။ နိုင်ငံရေးအမြတ် ထုတ်တယ်လို့ ထင်ပုံရတယ်။ တကယ်တမ်း စဉ်းစားကြည့်ရင် လူမှုရေးနဲ့နိုင်ငံရေးဆိုတာ အုတ်တံတိုင်းကြီး ခြားနေတာ မဟုတ်ဘူး။ ပါးပါးကလေးပဲ စည်းခြားထားတာပဲ။ နိုင်ငံရေးဆိုတာဟာ စီးပွားရေး၊ လူမှုရေးနဲ့ ဆက်စပ်နေရတာချည်းပဲ။ ပြတ်ပြတ်စည်းခြားထားလို့ ရတာမှမဟုတ်တာ။

ရုပ်ဝတ္ထုကူညီတာကိုရော နိုင်ငံရေးအမြတ်ထုတ်တယ်လို့ ထင်ချင်ရင်ထင်နိုင်တာပဲ။ ဇာဂနာတို့ ကျော်သူတို့ကို ဘာကြောင့်ရန်ရှာတာလဲ။ တကယ်ကတော့ သန်းရွှေစစ်အုပ်စုဟာ ကိုယ့်အရိပ်တောင် ကိုယ်လန့်နေလို့ ဒီလို လုပ်နေတာပါ။

ဟိုတုန်းက ရခိုင်လေဘေးကူညီဖို့ ဦးနုက အလှူခံထွက်ခဲ့တာကို ခွင့်ပြုခဲ့တာပဲ။ အခု ဦးအောင်ရွှေ အလှူခံထွက်ကြည့်ပါလား။ ဝါရင့်ကြီးတွေ အလှူခံထွက်ကြည့်ပါလား။ နအဖ သည်းခံမယ်ထင်သလား။

**နေဝင်း ထွင်ခဲ့တဲ့လမ်းကို သန်းရွှေ လိုက်လျှောက်တာပဲ။**

# ပြည်တွင်းသတင်းသုံးသပ်ချက်



**စကားချီး**

– သဘာဝသယံဇာတပေါ၊ ဒီကနေ ငွေတွေ ဒလဟောဝင်၊ အခွန်တွေ ဒလစပ်တိုး၊ ကုန်ဈေးနှုန်းတွေ အဆမတန်တက်၊ ပြည်သူတွေ မတရားဆင်းရဲတဲ့နိုင်ငံ။
– လိုအပ်ချက်တွေကို ဘယ်လိုဖြည့်ဖြည့် မပြည့်တဲ့နိုင်ငံ။
– နိုင်ငံရေးအရ ဘယ်လိုပဲ ဝိုင်းဖြေရှင်းဖြေရှင်း မပြေလည်တဲ့နိုင်ငံ။
– ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်း (၁) စောင်ကို လူထောင်ချီပြီး ၁၄ နှစ်ကြာ ရေးဆွဲရတဲ့ နိုင်ငံ။
– အစိုးရတရပ်က တည်ဆဲဥပဒေတွေ၊ ကိုယ်တိုင်ထုတ်ပြန်လိုက်တဲ့ အမိန့် ကြေညာချက်တွေကို ပြည်သူတွေပဲ လိုက်နာခိုင်းပြီး မိမိကိုယ်တိုင်က မလိုက်နာဘဲ နေလို့ ရတဲ့နိုင်ငံ။
– ဒုလ္လဘရဟန်းခံလိုတာတောင် ခွဲတမ်းအရပဲ သင်္ကန်းဆီးခွင့်ရတဲ့နိုင်ငံ။
– မမြှုပ်နှံနိုင်တဲ့အလောင်းတွေ (လချီပြီး) အများကြီးရှိတဲ့နိုင်ငံ။
– နာရေးကြော်ငြာတောင် ထည့်ချင်သလောက် ထည့်မရတဲ့နိုင်ငံ။
– ယူနီဖောင်းတကားကားနဲ့ လူတွေရှေ့မှာ အရည်မရအဖတ်မရတွေပြော၊ တကယ် အခက်အခဲနဲ့ကြုံတော့ ဘာလုပ်ရမယ်ဆိုတာ မသိ၊ အိုးနင်းခွက်နင်း လုပ်တတ်တဲ့ အစိုးရတရပ်က အုပ်ချုပ်နေတဲ့ နိုင်ငံတနိုင်ငံအကြောင်း ဒီတပတ် သုံးသပ်တင်ပြ သွားပါမယ်။

## (၁)
## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း)

ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ ဆိုတာကို နအဖက ဖြုန်းစားကြီး ထုတ်ပြန်လိုက်ပါတယ်။ သူတို့ရေးဆွဲထားတဲ့ အခြေခံဥပဒေ (မူကြမ်း) ကို အတည်ပြုဖို့ ဆန္ဒခံယူပွဲ လုပ်မယ်။ နောက် ၂၀၁၀ ခုနှစ်မှာ ဒီဥပဒေ (သစ်) နဲ့အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မယ်ဆိုတာပဲ။

မေလ ၁၀ ရက်နေ့မှာ တနိုင်ငံလုံး ဆန္ဒခံယူပွဲလုပ်မယ်ဆိုတော့ ၃ လပဲ အချိန်ပေးပါတယ်။ သူ့ဘက်က ၁၄ နှစ်ကြာ သပိတ်ဝင်အိတ်ဝင် ပြင်ဆင်မှုတွေ လုပ်ဆောင်လာခဲ့ပြီး အတိုက်အခံဘက်ကို ၃ လပဲ အချိန်ပေးတဲ့သဘောပါ။ ဒါ့ကြောင့်လည်း တခါတည်း ပွက်လောရိုက်သွားပါတယ်။ ၉၀ ခုနှစ် ရလဒ်ကို

ချေဖျက်လိုက်ပါပြီ။

NLD ရွေးကောက်ပွဲနိုင်တဲ့မဲက (စစ်စစ်ပေါက်ပေါက် တွက်ရင်) ၃၀% ပဲ ရှိတာပါလို့ စစ်အစိုးရဘက်က ပြက်ရယ်ပြုတာကို NLD တာဝန် ရှိသူတဦးက 'အဲဒီစကားကို(၁) မဲမှ မရတဲ့သူက ပြောတာပါ' လို့ တုံ့ပြန်လိုက်တာဟာ မှတ်လောက်သားလောက်ပါပဲ။

စစ်အစိုးရအနေနဲ့ ဟန်ရေးပန်ရေးပြ ပြောဆိုနေကြသော်လည်း ကျောက်အိုးကွဲသမီးကို ပရိသတ်အလယ် ပွဲမထုတ်ရဲလို့လားမသိ (လက်တဆုံးနှိုက် ညစ်နေတာလည်း ဖြစ်နိုင်) ဖွဲ့စည်းပုံကြီးကို ချက်ချင်း ဖြန့်ချိတာမလုပ်။ နောက်တလအကြာ ဂမ်ဘာရီလာမှ နိုင်ငံရေးအဖွဲ့အစည်းတချို့ကို ထုတ်ပေးတာ တွေ့ရတယ်။ ဗမာစာနဲ့ပဲ ထုတ်ပြန်တာ ဖြစ်တယ်။ တိုင်းရင်းသားတွေကို စာရင်းထဲ ထည့်မထားဘူးဆိုတဲ့ အဓိပ္ပာယ်ထွက်နေတယ်။ ပုံနှိပ်တာ မှားသွားလို့ဆိုပြီး ပြင်ဆင်ချက် နောက်ကလိုက်ရတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကြီးပါ။ ဗမာစာ တတ်သူတွေအတွက် တအုပ် ၁၀၀၀ ကျပ်နှုန်းနဲ့ ရောင်းမယ်ပြောပြီး တော်တော်နဲ့ ထုတ်မရောင်း။ ရောင်းတော့လည်း ဝယ်ချင်လို့ ဝယ်မရ။ ဒီလိုနဲ့ နောက်တလလောက် အချိန်ဆွဲသွားပြန်တယ်။ မဖတ်ကြရသေးပေမယ့် စစ်အုပ်စုအနေနဲ့ သူ့အာဏာရာသက်ပန်မြဲအောင် လုပ်မှာပဲဆိုတာတော့ တွက်ထားကြပြီးသားပါ။

နအဖ က "ဥပဒေမူကြမ်းကို အမျိုးသားညီလာခံမှ ချမှတ်ခဲ့တဲ့မူများအပေါ်က ဥပဒေကျွမ်းကျင်သူများ ရေးဆွဲခဲ့တာမို့ နိုင်ငံတကာ့အဆင့်အတန်းနဲ့ ကိုက်ညီ" ပါတယ်လို့ ရောင်းကုန်ပစ္စည်းလို ကြော်ငြာထည့်နေရပါတယ်။ ဒါပေမဲ့ အဲဒီ ကျွမ်းကျင်သူဆိုတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင်က 'သိတောင် မသိလိုက်ပါဘူး' လို့ ပြောထွက်လာသူတွေ ရှိပါတယ်။ သူတို့ဟာ နာမည်ခံပဲဖြစ်ပြီး လိပ်ပြာမသန့်ရှာကြပါဘူး။ ချုပ်လိုက်ရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တာဝန်ရှိသူတွေက မရေးဆွဲရဘဲ မာဖီးယားဂိုဏ်းက ရေးဆွဲသွားတာပါ။ သူတို့ကိုယ်တိုင်ကလည်း သိပြီးသား။ ပုံမှန်သွားနေလို့ကတော့ ဖြစ်ချင်တဲ့ပုံစံ မရနိုင်။ လူထုရဲ့အသဲ (သည်း) ထဲက မဲတပြား မရရေးချ မရပဲ။

အတိုက်အခံတွေကြားမှာတော့ ပြဿနာတရပ် ဝင်လာတယ်။ ဆန္ဒခံယူပွဲ သပိတ်မှောက်မလား၊ ကန့်ကွက်မဲ ပေးမလား (No vote နဲ့ Vote no) ခဏတော့ စီစီညံသွားပါသေးတယ်။ ဒါပေမဲ့ အခရာကျတဲ့ NLD က ဧပြီလ ၂ ရက်နေ့မှာ 'ကန့်ကွက်မဲပေးကြဖို့' ထုတ်ပြန်လိုက်ပါတယ်။ ဆုံးဖြတ်ချက် မှန်ပါတယ်။ ဒါပေမဲ့ စည်းရုံးလှုံ့ဆော်ချိန်က (၁) လ ကျော်ကျော်ပဲ ကျန်ပါတော့တယ်။ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းတွေအတွက် 'စည်းကမ်းရှိသော ဒီမိုကရေစီရပိုင်ခွင့်' ကတော့ ဒီလောက်ပါပဲ။

တဖက်မှာတော့ စည်းမဲ့ကမ်းမဲ့ ဒီမိုကရေစီတွေ လှိုင်လှိုင်ကြီး သုံးနေတာ တွေ့ကြရတယ်။ သေချာပေါက် ထောက်ခံမဲပေးအောင် နိုင်ငံခြားသားတွေနဲ့ငြိမ်းဒေသတွေကလူတွေ ပြည်တွင်းကကြံ့ဖွံ့ ထောက်ခံချက်ပေးသူတွေကို ယာယီမှတ်ပုံတင်တွေ ကြိုထုတ်ပေးထားခဲ့တယ်။ စစ်ဘက်ထိပ်တန်း အရာရှိတချို့က ငြိမ်းဒေသတွေဆီ ဝင်ထွက်သွားလာကာ ချော့မြှူတာ အကျပ်ကိုင်တာတွေ လုပ်ခဲ့တယ်။ ဝန်ကြီးတွေက ဌာနဆိုင်ရာဆင်းပြီး ထောက်ခံမဲပေးဖို့ လှုံ့ဆော်ခဲ့တယ်။ တပ်၊ ရဲအဖွဲ့နဲ့ ဝန်ထမ်းတွေကို ကြိုတင်မဲဆန္ဒ ပေးခိုင်းခဲ့တယ်။ လျှို့ဝှက်မဲပေးစနစ်ကို ချောင်ထိုးထားခဲ့တယ်။ မဲပေးရတဲ့နေ့မှာ ကြံ့ဖွံ့တွေကို မဲရုံပတ်လည်မှာ ချထားတယ်။ မဲပေးသူတွေကို (ဒီမိုကရေစီကျကျ) ခြိမ်းခြောက်တာ၊ နားလှည့်ပါးလှည့်လုပ်တာတွေ များလှတယ်။ တအိမ်ထောင်အတွက် တဦးတည်းကို ကိုယ်စားလှယ်လုပ် မဲပေးခိုင်းတယ်။ ပိုတက်ကြွ ပိုဆန္ဒစောတဲ့ ကြံ့ဖွံ့စွမ်းအားရှင်တွေက ကိုယ်တိုင်ယူ မဲပေးတာတွေလည်း ရှိတယ်။ တယောက်တည်းက ၃ မဲ ၄ မဲ ပေးနိုင်တာ သူတို့ပြောနေတဲ့ စွမ်းရည် ၃ ရပ်တို့ ၄ ရပ်တို့ကြောင့်လားမသိ။

ငြိမ်းဒေသနဲ့ တချို့နေရာတွေမှာ ကန့်ကွက်မဲ ကြက်ခြေခတ်တွေ အောတိုက်ပေးခဲ့ပေမယ့် စာရင်းချုပ် ၉၂% ကျော် ထောက်ခံမဲထဲ ပါသွားခဲ့ကြတယ်။ လုပ်ထုံးလုပ်နည်းသစ်တွေနဲ့ ညစ်ကြတာ၊ လက်လုံးခြား လုပ်တာတွေကတော့ ရှာမှရှားလို့ ပြောရပါလိမ့်မယ်။

ဒီနေရာမှာ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကို ပြောဖို့လိုလာပါတယ်။ နအဖ က ဒီပွဲကို မဖြစ်ဖြစ်အောင် လုပ်မယ်၊ မနိုင်နိုင်အောင် ဗျူဟာခင်းထားတယ်ဆိုတာ အားလုံး သိကြပါတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ နအဖ ရဲ့ အတွင်းသရုပ် (ပို) ပွင့်ကျလာလိမ့်မယ်။ ပြည်သူတွေ (ပို) နာကျည်းဒေါသထွက်ကြလိမ့်မယ်။ နောက်ဆက်တွဲ နိုင်ငံရေးဖြစ်ထွန်း တိုးတက်မှုမှာ ရေရှည်ဂယက် ရိုက်စေလိမ့်မယ်ဆိုတာတွက်ပြီး ဝင်နွှဲကြတာပါ။

ရလဒ်ကတော့ (အများသိပြီးဖြစ်တဲ့အတိုင်း) "၉၂% ကျော်နဲ့ တခဲနက်ထောက်ခံမဲပေးကြတယ်" ဆိုတဲ့ နအဖ ရဲ့ ပြောင်လိမ်ပြောင်စား ကြေညာချက် ထွက်လာခဲ့တယ်။ လူရိုသေရှင်ရိုသေ ရာနှုန်းလောက်ပဲ ထုတ်ပြန်ပြီး အနိုင်ယူလိမ့်မယ် ထင်နေသူတချို့ ရှိပါတယ်။ ဒါပေမဲ့ ဒီစစ်ဘီလူးက သိပ်လောဘကြီးတယ်။ အစားကြူးတယ်။ မစားကောင်းတဲ့ အရာတောင် မချန် အကောင်လိုက်မြိုတာပဲလို့ မှတ်ချက်ပြုရမှာပဲ။ နေဝင်းက ၉၁% ကျော်ပဲ ရခဲ့တာ။ ငါက ၉၂% ကျော်ရတယ်။ ငါ့

'အခြေခံဥပဒေ' က 'မဆလ အခြေခံဥပဒေ' ထက် လူထု ထောက်ခံမှု ရတယ်လို့ သန်းရွှေက ကြွားချင်ပုံ ရပါတယ်။

ဒီအချိန်မှာ နာဂစ်ဝင်မွှေလို့ ပြည်သူတွေ သောက် သောက်လဲသေကုန်ကြပြီ။ သေနေကြဆဲ ဖြစ်တယ်။ တတိုင်းပြည် လုံး ကြိမ်မီးအုံးသလို ခံစားနေရချိန်၊ တကမ္ဘာလုံးက ထိပ်တန်း သတင်းအဖြစ် နေ့စဉ်ရက်ဆက် ဖော်ပြနေချိန်မှာ လုပ်ရက်ကြ တာ ဖြစ်တယ်။ ရေဘူးပေါက်တာ အရေးမကြီး အာဏာပါဖို့ပဲ အရေးကြီးနေတာကလား။

**ဒုတိယအကျော့** – နာဂစ်မုန်တိုင်းသင့်ဒေသတွေ အတွက် (မတတ်သာလို့) ၂ ပတ် (၁၄ရက်) ခွာပြီး ကျင်းပတဲ့ နောက်ဆက်တွဲ ဆန္ဒခံယူပွဲမှာကျတော့ကော –

ပြည်သူတွေက စိတ်ဝင်စားမှု ပိုနည်းသွားပါပြီ။ အာရုံ က နာဂစ်ဘက်မှာပဲ ရှိနေတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ အားသွန်လုပ်ရမယ့်ကာလ၊ အမြင်မတော်လို့ တကမ္ဘာလုံးက ပွက်နေကြပြီ။ ကုလတွင်း/မှူး ဘန်ကီမွန်းကလည်း စာတို စာရှည် တွေပို့ ဖုန်းတတီတီဆက်နေပေမယ့် အကြောင်းမပြန်။ ဖုန်းခွက် တောင် ကောက်မကိုင်။

## ရေဘူးပေါက်တာ အရေးမကြီး အာဏာပါဖို့ပဲ အရေးကြီးနေတာကလား။

အာဏာလောဘ တက်နေကြတော့ မရရေးချ မရ။ "ပြည်သူတွေက မဲပေးဖို့ ဆန္ဒစောနေကြပြီ"။ သတ်မှတ်ထားတဲ့ ရက်အတိုင်း ဆက်လုပ်မှာပဲတဲ့။

အားလုံးက 'သြ' ချလိုက်ရပြန်တယ်။

တွက်သူတွေက တွက်ကြတယ်။ "နာဂစ်မှာ သေရတဲ့ သူတွေရဲ့ မဲတွေကတော့ 'ထောက်ခံမဲ' ဖြစ်ကုန်မှာပဲ" တဲ့။ မမှားဘူး ထင်ပါတယ်။ ဟုတ်ပါတယ်။ ဒီတခါလည်း ၉၀% ကျော် ထောက်ခံလိုက်ပြန်ပါပြီ။ ၂ ကျော့ပေါင်း ထောက်ခံမဲ ၉၂.၄၈ ရတယ်လို့ သန်းရွှေကိုယ်တိုင် ထုတ်ပြန်ချလိုက်တယ်။

'လွတ်လပ်၍ တရားမျှတပြီး နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနှင့် အညီ မဲပေးနိုင်အောင် အကောင်းဆုံး စီမံပြီး ဖြစ်တယ်' လို့ ကြေညာခဲ့တဲ့ ဆန္ဒခံယူပွဲကြီးကတော့ ဒီလိုနဲ့ ပြီးသွားပါတယ်။

**၂/၂၀၀၈ – ၂၀၁၀ ရွေးကောက်ပွဲ** – ၉၀ ခုနှစ် ရွေးကောက်ပွဲနိုင် NLDနဲ့ CRPP တို့က နအဖ ခေါ်မိုးပြီး အတည်ပြုလိုက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသိ အမှတ်မပြုကြောင်းနဲ့ နအဖ က ကြီးမှူးကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ကြောင်း ထုတ်ပြန်ကြေညာ လိုက်ကြပါပြီ။ ဒါဟာ မဲဆန္ဒရှင် ပြည်သူလူထုရဲ့ ဆန္ဒကို တာဝန် ယူမှုရှိတာကို ပြတယ်။ သစ္စာရှိတာကို ပြတယ်။ ကြိုဆိုရမယ့် ကိစ္စဖြစ်ပါတယ်။

(၂)

**နာဂစ်မုန်တိုင်း**

ဗိုလ်သန်းရွှေရဲ့ အောင်မြင်မှုတွေ ရွှန်းရွှန်းဝေနေတဲ့ တောင်သူလယ်သမားနေ့ (မတ် – ၂ ရက်) သဝဏ်လွှာ ထုတ်ပြန် ပြီး ၂ လ တင်းတင်းပြည့်တဲ့မေလ ၂ ရက်နေ့ညမှာပဲ နာဂစ်မုန်တိုင်း ဝင်မွှေတာ ခံလိုက်ကြရတယ်။ ဆန်စပါး အများဆုံး စိုက်ပျိုးရာ ဒေသတွေဖြစ်တဲ့ ဧရာဝတီ၊ ပဲခူးနဲ့ ရန်ကုန်တိုင်းတို့ အထိအနာဆုံး ဖြစ်ခဲ့တယ်။

ဖွဲ့စည်းပုံအတွက် အသေအချာပြင်ဆင်ထားပြီး ဒူးနှန့် နေတဲ့ နအဖ အကျပ်ရိုက်သွားခဲ့တယ်။ ဆန္ဒခံယူပွဲ ဆက်လုပ် မလား၊ လေဘေးကယ်ဆယ်ရေးပဲ ထလုပ်ရမလား မေးခွန်းပေါ် လာတယ်။ သူတို့စေတနာ၊ သူတို့အရည်အချင်းပြဖို့ အကွက် ကောင်းပဲ။ ဒီလိုအချိန်မှာ နိုင်ငံတကာ ခေါင်းဆောင်တွေ၊ နိုင်ငံ တကာ အစိုးရတွေက သူတို့အစွမ်းအစတွေကို ထုတ်ပြလေ့ ရှိတယ်။ 'တပ်မတော်သာအမိ – တပ်မတော်သာအဖ' ခံယူချင် နေတဲ့ နအဖ ကြီး အစွမ်းအစကကော –

**ကြေညာပုံ/ဖြေရှင်းပုံ**

၃ ရက်နေ့မှာ "ကိုယ်ထူကိုယ်ထ ဖြေရှင်းကြဖို့ လူထုကို တာဝန်ယူခိုင်းတာ စကြားရတယ်။ ၄ ရက်နေ့မှာ သေဆုံးသူ ၃၅၁ ယောက်၊ ၅ ရက်နေ့နံက်မှာ ၄၀၀၊ ညသတင်းမှာတော့ ၄၀၀၀ ရှိသွားပြီ။ သောင်းနဲ့ချီ သေဆုံးနိုင်တယ်လို့လည်း ထုတ်ပြန် လာတယ်။ ဒီအချိန် ဆင်ဟွာက ၁၅၀၀၀ သေတယ်ပြောပြီး ၆ ရက်နေ့ကျတော့ ဗွီအိုအေက ၂၂၀၀၀ သေ၊ ၄၁၀၀၀ ပျောက်ဆုံး လို့ ဖော်ပြတယ်။ ၇ ရက်နေ့ကျတော့ သေသူ ၅၀၀၀၀ လို့ ဘီဘီစီ က လွှင့်တယ်။ ဒါတွေက စစ်အစိုးရပေးတဲ့ အချက်အလက်နဲ့ သူတို့စုံစမ်းရသမျှတွေ ပေါင်းစပ်ပြီး အသိပေးနေတာပါ။

နအဖ က ပမာဏကို အနီးဆုံး ခန့်မှန်းနိုင်ပါလျက်နဲ့ ဖြည်းဖြည်းချင်း ဘာ့ကြောင့်တိုးပြနေတာလဲ။ ဖုံးမနိုင်ဖိမရဖြစ်မှ ကြေညာတာလား။ အရှုံးအမြတ်တွက်နေလို့လား။ အကူအညီ မတောင်းမဖြစ်တော့လို့လား။ ကြိုးနီစနစ်ကြောင့် သတင်းတွေ

ထစ်ငေါ့နေတာလား။ အားလုံးပဲ ဖြစ်နိုင်တာချည်းပါပဲ။ ဒါပေမဲ့ အဓိကအကျဆုံးက "နံပါတ်ဝမ်း အာဏာရှင်ကြီး" က ဘာနှုတ်မိန့်မှ မပေးသေးလို့ အားလုံးက ထွက်မပြောဝံ့ကြဘဲ အာစေးထည့်ခံရသလို ဖြစ်နေကြတာပါ။ ကြည်းတပ်၊ ရေတပ်၊ လေတပ်နဲ့ ရဲတပ်က စစ်ဗိုလ်ကြီးတွေဟာ အခြေအနေမှန်ကို သိနေကြတာပါ။

ဒီအဖြစ်မျိုးက စစ်အာဏာရှင်စနစ် ရှိနေသမျှ ရှိနေမှာပဲ။ ၇ ရက်ဇူလိုင်တုန်းကလည်း ဒီလိုပဲ ဖြစ်ခဲ့တယ်။ ၁၉၇၄ – ၇၅ – ၇၆ တုန်းကရော ၈၈ တုန်းကပါ ဒီလိုပဲ ဖြစ်ခဲ့တာပဲ။

အခုခေတ်က (၁၉၆၂ – ၈၈) တုန်းကနဲ့ မတူပါဘူး။ IT ခေတ်ပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ပါ။ ပြည်ပကို ဗမာပြည်သားတွေ သန်းနဲ့ချီပြီး ရောက်နေတဲ့ခေတ်ပါ။ အဲဒီတော့ နိုင်ငံခြားမီဒီယာတွေက သတင်းမျိုးစုံ ပေးကြတာ မဆန်းပါဘူး။

ကယ်ဆယ်ရေးက ဘယ်မှာရောက်နေမှန်းမသိ။ လက်တွေ့မှာ စားစရာမရှိလို့ လုကြယက်ကြတဲ့သတင်းတွေ ထွက်လာခဲ့တယ်။ တကမ္ဘာလုံးက ဝိုင်းဝန်းဖို့၊ ကူညီခွင့်ပေးဖို့ တောင်းဆိုနေကြပြီ။ အလောင်းတွေက တောင်ပုံရာပုံ အပြန့်အနှံ့။ နအဖ ဖြေရှင်းနည်းက လွယ်တယ်။ 'အလောင်းတွေ ငါးစားသွားလိမ့်မယ်' တဲ့။ 'စားစရာ မရှိရင် အုန်းသီးခူးစား၊ ငါးဖမ်း၊ ကဏန်းဖမ်းစား' လို့ ပြောသူက ပြောတယ်။ နအဖ သတင်းစာက "နိုင်ငံတကာမှ လှူဒါန်းသည့် ချော့ကလက်များ မစားရလျှင်လည်း ရောဝတီသားတို့ ကိုယ့်အားကိုယ်ကိုး အသက်ရှင်နိုင်ပါသည်။ လယ်ကြားမြောင်းကြားထဲမှ ငါးများ၊ ဖားများနှင့် အလေ့ကျ ပေါက်နေသည့် မှိုနားတို၊ ကညွတ်တို့ ခူးစားပြီး ရှင်သန်နိုင်သည်" လို့ ရေးပါတယ်။ သူတို့စေတနာကတော့ ရှင်းလိုက်သည့်ဖြစ်ခြင်း။

ဒီလိုနဲ့ လူတွေက တော်ပြတ်ဖျားနာပြီး တတိတိထပ်သေနေကြရတယ်။ ကယ်ဆယ်မယ့်သူကို မျှော်နေကြတယ်။ နအဖကတော့ ဒီလူတွေရဲ့ အသက်ကိုကိုင်ပြီး နိုင်ငံတကာနဲ့ အလောင်းအစားလုပ် ဈေးဆစ်နေဆဲပါ။

## အမြတ်ထုတ်ပုံ

အကွက်ကတော့ မြင်တယ်။ သူတို့တတွေ ဘာမှ မလုပ်တတ် – ဘုတ်ထိုင်ထိုင်နေမယ် ထင်သလား။ ငါ့ ၅ လုံး အတွက် လုပ်တတ်တယ်။ သူတို့အတွက်၊ တပ်အတွက်၊ စားဖော်စားဘက် ကုမ္ပဏီ (ဗျူရိုကရက်အရင်းရှင်) တွေအတွက်၊ ကြံ့ဖွံ့တွေအတွက်၊ အဆင့်ဆင့် နအဖ တွေအတွက် လုပ်ပိုင်ခွင့် အလီလီ စားပေါက်ဖွင့်ပေးသွားတာ တွေ့ရတယ်။ အလိုလိုနေရင်း အမြတ်ထွက်သွားတာ ၂ ချက် ရှိတယ်။ တခုက မိဘမဲ့ ကလေးတွေ အများကြီးရှိတာကို နိုင်ငံတော်က စောင့်ရှောက်ထိန်းသိမ်းရမယ်ပြောပြီး ကလေးစစ်သားစုနိုင်တဲ့ဟာရယ်၊ နောက်တချက်က ပြည်သူတွေရဲ့ ကျပ်ငွေတွေ ဘီလျံနဲ့ချီပြီး ရေမြုပ်ပျက်စီးသွားမှာ ဖြစ်တယ်။ ဒီအတိုင်း ထားရင်လည်း ငွေကြေးဖောင်းပွမှု တစုံတရာသက်သာနိုင်တယ်။ ဒါမှမဟုတ် ဝါဇီစက်ရုံ အရှိန်မြှင့်လည်ပတ်နိုင်ပါမယ်။

ပထမဆုံး အလုတ်ကြီးကြီးစားနိုင်ဖို့ ခြေသွက်လက်သွက် လုပ်လိုက်တာ တခုရှိတယ်။ နာဂစ်ကိစ္စ ရက်ပိုင်းပဲ ကြာသေးတယ်။ ပစ္စည်းဆုံးရှုံးမှုစာရင်း ကတိုက်ကရိုက်လုပ်တယ်။ ဒေါ်လာ သန်း ၁၁ဝဝဝ လောက် ထိခိုက်နစ်နာသွားပါပြီ။ ဒါ့ကြောင့် ပေးကြ၊ ကမ်းကြ၊ ချေးကြ၊ ငှားကြပါလို့ ကြိတ်ပြီး ကိုယ်စားလည်လွှတ် မျက်ရည်ခံထိုးတယ်။ ဒီကိစ္စကို ဖုံးထားတာပါ။ ကမ္ဘာ့ဘဏ်က ၁ဝ နှစ်တိတိ အကြွေးမဆပ်လို့ ထပ်ပြီး မချေးနိုင်ဘူးလို့ ခါလွှတ်လိုက်မှ ဒီသတင်းပေါ်လာတယ်။ (နောက်ပိုင်း ကုလ၊ အာဆီယံ၊ နအဖ ၃ ပွင့်ဆိုင် ဗဟိုအဖွဲ့က စာရင်းတွက်ကြည့်ကြတော့ ထိခိုက်ဆုံးရှုံးတဲ့ တန်ဖိုးဟာ ဒေါ်လာသန်း ၄ဝဝဝ ရှိတယ်လို့ အဖြေထွက်တယ်။ တော်ကြီးကျမှန်း လူသိတာပဲ အဖတ်တင်ပြီး အရှက်ကွဲတော့တာပေ့ါ။)

နာမည်ယူဖို့လည်း မမေ့ဘူး။ သူများပစ္စည်း ကိုယ့်ကောင်းမှု လုပ်ချင်ကြတယ်။ ဆန်ဝေချင်တဲ့လူ ရယက ရုံးကတဆင့် ဝေရမယ် အမိန့်ထုတ်တယ်။ ဒီတော့ စေတနာရှင်တွေက ကိုယ့်ဆန် ကိုယ်ပြန်သယ်သွားကြတယ်။ တပြည်လုံးက စေတနာရှင် ရဟန်းရှင်လူတွေက နည်းလမ်းပေါင်းစုံရှာပြီး ဒုက္ခသည်တွေကို ကူညီကြတာ တွေ့ရတယ်။ သူတို့အကူအညီတွေကြောင့် ဒုက္ခသည် အများအပြား အသက်ဆက်နိုင်ကြခြင်း ဖြစ်တယ်။ ကိုယ်တိုင်ကိုယ်ကျ ငွေလုပ်အား ဖေးမမှုလုပ်လာကြတဲ့သူ တော်တော်များများကို ဖမ်းပြီးရုံးတင်ခံရတာတော့ ဆိုးလွန်းပါတယ်။

နိုင်ငံတကာက အကူအညီပေးချင်တဲ့သူတွေကတော့ လျှော့ပေးကြရတယ်။ ဒီလိုနဲ့ ပစ္စည်းတွေမှာ နအဖ ဒုဗိုလ်ချုပ်ကြီးတယောက်ရဲ့နာမည် (လေဘယ်လ်) ကပ်ပြီး ပို့ပေးခဲ့ကြရတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ထောက်ပံ့တဲ့ ပစ္စည်းတွေကို နအဖ က အကုန်သိမ်းယူသွားလို့ အစီအစဉ်တွေ ရပ်ဆိုင်းထားရကြောင်း ကြေညာသံ ထွက်လာတာလည်း ရှိတယ်။ အကူအညီပေးတဲ့ အဟာရဖြည့် ဘီစကစ်ကောင်းတွေကို စစ်တပ်ဂိုဒေါင်ထဲထည့်၊ အညံ့စား ပြည်တွင်းဖြစ်တွေနဲ့ လဲပေးတာ၊ ဆန်အကောင်းစားတွေကို (ဒါက မင်းကြိုက်စိုးကြိုက် – ဒုက္ခသည်တွေနဲ့ လားလားမှမထိုက်) ဆန်ညံ့၊ဆန်ပျက်၊ မှိုတက်တွေနဲ့ လဲပေးတာတွေ လုပ်ခဲ့တယ်။ အရပ်သားထဲမှာတောင် ကယ်ဆယ်ရေးပစ္စည်းတွေကို အာဏာပိုင်တွေနဲ့

နီးစပ်သူတွေပဲ ရကြတယ်။ တချို့က ၃ – ၄ ကြိမ်တောင်ရကြတယ်။

အမြတ်ထုတ်လိုက်ပုံတွေကတော့ နောက်ပိုင်းမှာ ပိုပေါ်လာပါတယ်။ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ ဂျွန်ဟုမ်းဟာ ဇူလိုင်လ နောက်ဆုံးပတ်မှာ ဗမာပြည်လာတယ်။ ၃ ရက်ကြာ လေ့လာပြီးနောက် ညည်းတွားပါတယ်။ ဒေါ်လာကနေ FEC နောက် ကျပ်ငွေပြောင်းပြီး ငွေလဲလှယ်ရတာကြောင့် ၂၀% လောက် နစ်နာနေရကြောင်း၊ သဘောက ဒုက္ခသည်တွေကို ငွေ ၁၀၀ ပေးရင် နအဖ က (၂၀) ရပြီး ဒုက္ခသည်က (၈၀) သာ ရပါတော့တယ်။ (စောစောကလည်း အလှူပစ္စည်းတွေရဲ့ တန်ဖိုးပေါ်က ၁၀% အခွန်ယူတယ်ဆိုတဲ့ သတင်း ထွက်ခဲ့သေးတယ်။) သယ်ယူပို့ဆောင်ခ (အထူးသဖြင့် လေကြောင်း) ကလည်း ကြီးပါတယ်။ လာကူတဲ့ နိုင်ငံခြားဝန်ထမ်းတွေရဲ့ လစာလည်း ဒီ ၈၀ ထဲက ကျခံရပါဦးမယ်။ ဘယ်လောက်မှ မကျန်တော့ပါ။ ကမ္ဘောဒီးယားကို ကူညီတုန်းကလည်း ဒီပြဿနာပေါ်ဖူးပါတယ်။ စာရင်းအရ များပြီး လက်တွေ့အကျိုးခံစားမှုကတော့ ‘ဇီးကွက်ခေါင်းဖြတ် ဘာကျန်တော့မတုန်း’ ဆိုတာမျိုးပါ။

ဇူလိုင် (၂၅) ရက်နေ့မှာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP က တွက်ပြတော့ ပိုဆိုးပါတယ်။ ငွေကြေးလဲလှယ်မှုစနစ်ကြောင့် နစ်နာရမှုဟာ ၂၅% တောင် ရှိတယ်ဆိုတော့ ကမ္ဘာ့အဖွဲ့အစည်းကြီးတွေလည်း နအဖ ရဲ့ ခေါင်းပုံဖြတ်ခံရမှုက မလွတ် – ဂျွန်ဟုမ်းလည်း အပြန်အလှန် လူသားချင်းစာနာ ထောက်ထားမှုမခံရ။ WFP လုပ်ငန်းလည်း အဟောသိကံဖြစ်။

ပြည်တွင်းပြည်ပ မကျေနပ်ချက်တွေ သိပ်များလာတော့မှ တဆင့်စီ လျှော့ပေးတယ်။ အာဆီယံကတဆင့် လာတဲ့ပစ္စည်း လက်ခံမယ် ဖြစ်လာတယ်။ ပြည်တွင်းမှာလည်း ဆရာတော်ကြီးတွေ၊ မီဒီယာသမားတွေ၊ အနုပညာရှင်တွေ၊ စာရေးဆရာ၊ ကဗျာဆရာတွေ၊ သဘင်ပညာသည်တွေမှအစ လူတန်းစား လူ့အလွှာအသီးသီး ငွေကြေး၊ ရိက္ခာနဲ့ လိုအပ်မယ့် ပစ္စည်းအသုံးအဆောင်တွေ စုဆောင်းပြီး ဒုက္ခသည်တွေဆီ အရောက်သွားကြတယ်။ တားတာဆီးတာ – ဖမ်းတာဆီးတာတွေလည်း ခံကြရတယ်။ နောက်ကျမှ ပစ္စည်းတွေ ဘယ်နေရာမဆို သွားပို့နိုင်တယ် ဖြစ်လာတယ်။ ဒါတောင် ခွင့်ပြုချက် ယူရပါသေးတယ်။ အချိန်က (၄) ပတ်လောက် ကြာသွားပါပြီ။ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေကတဆင့် လှူရမယ်ဆိုတဲ့အစား ‘မည်သူမဆို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းနိုင်ပါသည်’ ဖြစ်လာတယ်။ ပြည်ဝင်ခွင့် ဗီဇာတွေလည်း အတော်အသင့် လျှော့ပေးလာရတော့တယ်။

တချိန်တည်း သူတို့လုပ်နေတာ တခုရှိသေးတယ်။ သူတို့ အတော်ကျွမ်းတဲ့လုပ်နည်းပါ။ မုန်တိုင်းကူညီရေးအတွက် ဆိုပြီး ငွေခွဲငွေညှစ်တွေ လုပ်ခဲ့တယ်။ လုပ်ငန်းရှင်တွေ၊ စားသောက်ဆိုင်ပိုင်ရှင်တွေ၊ ဈေးသည်တွေကအစ သူ့ခွဲတမ်းနဲ့သူ လှူကြရပါတယ်။ (ကိုယ့်စေတနာနဲ့ကိုယ်လှူကြတာကတပိုင်း) ဒီခွဲတမ်းတွေက ပြည်မသာမက နယ်စပ်အထိ ရောက်ပါတယ်။ ငြိမ်းအဖွဲ့တွေလည်း မလွတ်။ ‘သူကြီးဘုရား ရွာသားကောင်းမှု’ အလုပ်ခံကြရတယ်။

သူတို့ ဘာတွေတာဝန်ယူခဲ့ကြသလဲ။

လေဘေးသင့် ပြည်သူတွေကာ ဘာတွေရသလဲ။

တနေရာနဲ့ တနေရာတော့ မတူပါ။ တအိမ်ထောင်ဆန်နို့ဆီ ၇ လုံး၊ ဆီ ၁၀ ကျပ်သား၊ ကြက်သွန်နီ ၂ လုံး၊ အာလူး ၃ လုံး ရတဲ့နေရာရှိသလို၊ တချို့က ယမ်ယမ်ခေါက်ဆွဲထုပ်လေးနဲ့ ပြီးသွားတယ်။ အချိုရည်ပုလင်းနဲ့ တင်းတိမ်လိုက်ရသူတွေလည်း မနည်းဘူး။

မြို့နယ်တနယ်မှာတော့ တအိမ်ထောင် သတ္တုအိုး ၁ လုံး၊ ပန်းကန် ၂ ချပ်၊ မီးသွေးဖို (၁) ဖို၊ မီးသွေးတပိဿာ၊ ဖွန်း (၂) ချောင်း၊ သောက်ရေခွက် (၁) လုံး ဝေတာ တွေ့လိုက်ရတယ်။

အစိုးရက တိုက်ရိုက်ဖွင့်ထားတဲ့ စခန်းတွေမှာတော့ မိသားစုတစု တပတ် ဆန် (၁) ပြည်နှုန်း ဝေပါတယ်။

မရလိုက်တဲ့သူ၊ မလောက်ငတဲ့သူတွေက အငတ်မခံနိုင်လို့ တောင်းရမ်းစားတော့ ‘မြို့နယ်နာမည်ပျက်တယ်။ မလုပ်ရဘူး’ လို့ ကြိမ်းမောင်းတာ ခံရတယ်။ ဒုက္ခသည်တွေဆီက ပြန်တောင်းစားနေရတဲ့ စစ်သားတွေကျတော့ ‘တပ်မတော်နာမည်ပျက်တယ်။ မလုပ်ရဘူး’ လို့ မတားပါလား။

ဝန်ကြီးချုပ်သိန်းစိန်က ဘန်ကီမွန်းနဲ့တွေ့တော့ “ကျွန်တော်တို့ အပြည့်အဝကူညီနေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ပြီးသွားပါပြီ။ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေပဲ ကျန်ပါတော့တယ်” လို့ပြောပါတယ်။ ဒါပေမဲ့ ဒီ့မတိုင်ခင် တရက်ကပဲ ‘အကူပစ္စည်းတွေက ဒုက္ခသည်တွေရဲ့ ၄ ပုံ ၁ ပုံဆီသာ ရောက်ပါသေးတယ်’ လို့ ဘန်ကီမွန်းက ပြောထားခဲ့တာပါ။ (တလပြည့်တဲ့အထိလည်း လေဘေးသင့်ဒုက္ခသည်တွေရဲ့ တဝက်ဟာ နိုင်ငံတကာကူညီမှု မရသေးဘူးလို့ ဆိုပါတယ်။)

‘သူခိုးခိုးခံရရင် ကျန်တာရှိသေးတယ်။ အိမ်မီးလောင်ရင် ဘာမှမကျန်တော့ဘူး’ ဆိုတဲ့စကားပုံတခု ရှိတယ်။ ခုနာဂစ်ကြောင့် ရေလွှမ်းခံရတော့ လူတောင် မကျန်တဲ့အိမ်ထောင်တွေ ထောင်သောင်းချီရှိတာ ကြုံကြရပါပြီ။ ဒီလောက် ပြောင်တလင်းခါသွားတဲ့ ဒုက္ခသည်တွေကို ဒီလောက်လေး ဝေပေးတာဟာ ဆင့်ပါးစပ်နှမ်းပက်ရုံသာ ရှိတော့မပေါ့။ ဒါကို အပြည့်အဝကူညီနေပါတယ်လို့ သူမို့ပြောရဲပလေ။

နောက်ဆုံး (ဇူလိုင် ၂၅) WFP တွက်ချက်ပြတဲ့ အခြေအနေကြည့်ရတော့ ပြဿနာတွေဟာ ကြီးမြဲကြီးနေဆဲဆိုတာ တွေ့ရတယ်။ သူတို့အနေနဲ့ ဒုက္ခသည် ၇ သိန်းကျော်ကို အကူအညီပေးနိုင်ခဲ့ပြီ။ (အားလုံးရှိတာက ၂.၄ သန်း) ဒါပေမဲ့ ကွင်းဆင်းကြည့်လိုက်တော့ အိမ်ထောင်သည်တွေရဲ့ ၃၄% မှာ ၁ ရက်စာပဲ စားစရာ ကျန်တော့တယ်။ မိသားစု ၄၀% မှာ စားစရာ မရှိတော့ပါ။ ၄၅% ကတော့ နောက်တပတ်စာလောက် ကျန်သေးတယ်။ တချို့နေရာတွေမှာ စားစရာ လုံးဝပြတ်နေပြီ။ မိသားစု ၈၉% ရဲ့ အသုံးစရိတ်ဟာ အစားအစာအတွက် ဖြစ်နေပြီလို့ ညည်း ပါတယ်။ ပြောချင်တာက ပြန်လည်ထူထောင်ရေး ကိစ္စတွေ မစဉ်းစားနိုင်သေးဘူးဆိုတာပါပဲ။

တခြား ခြိမ်းခြောက်မှုတွေလည်း ရှိသေးတယ်။ ရှေ့လ (ဩဂုတ်) အတွင်း အကူအညီတွေ ရပ်ဆိုင်းတော့မယ်ဆိုတာတို့၊ လူဦးရေ (၁) သန်း စားဖို့ ဒေါ်လာသန်း (၆၀) လိုကြောင်း၊ ရဟတ်ယာဉ်ခတွေ မတန်တဆများနေတာကြောင့် ထရပ်ကားတွေ၊ လော်ရီကားတွေနဲ့ သယ်ရတော့မှာဖြစ်ကြောင်း၊ မိုးရာသီမို့ ကုန်းလမ်းခရီးက အဆင်မချောရင် အစားအစာပြတ်သွားနိုင်ကြောင်းတို့ ပါပါတယ်။

ဒုက္ခသည်တွေကတော့ ပြည်တွင်းပြည်ပ အကောင်ကြီးကြီးတွေ လာကြည့်မှာကိုတောင် ကြောက်နေကြတယ်။ ကယ်ဆယ်ရေးအတွက်လို့တော့ ပြောကြပါရဲ့။ ဒါပေမဲ့ တခေါက်လာတခါဒုက္ခရောက်ကြရလို့ပါ။ အနိဌာရုံတွေ မတွေ့စေချင်လို့ဆိုပြီး ဟိုရွှေ့ဒီပြောင်း လုပ်ကြရတယ်။ လှေမှောက်သေသူတွေသေဖြစ်ကြရတယ်။ အတွေ့ခံခွင့်ရတဲ့ သူတွေက လက်အုပ်ချီရတယ်။ ပေးတယ်ဆိုတဲ့ပစ္စည်း ပြန်အသိမ်းခံရတယ်။ မပေးတဲ့သူ ပါးအရိုက်ခံရမယ်လို့ အကြိမ်းခံရတယ်။ ဆရာဝန်တွေလည်း မချောင်။ နားကြပ်တွေ လည်ပင်းချိတ်၊ တဲရှေ့မှာရပ်ပြ၊ လမ်းသလားပြ၊ ခါတ်ပုံအရိုက်ခံပြရနဲ့ သဏ္ဍာန်ကိစ္စတွေ အသားပေးနေရတယ်။ စေတနရှင်တွေ လှူဒါန်းထားတဲ့ဆေးတွေ ပြန်သိမ်းသွားလို့ အလုပ်က ထွက်ချင်ပြီလို့ ညည်းညူကြတယ်။

ဒီဒုက္ခတွေကို နအဖ က ဘယ်လိုဝေမျှ ခံစားကြပါသလဲ။

'မုန်တိုင်းက မဆိုးပါဘူး။ ဆင်ရိုက်ထားတဲ့ ဗွီဒီယိုခွေကြောင့် သူတို့သိက္ခာ ကျရတာပါ' တဲ့။

## လယ်ယာကဏ္ဍ

လူနေအိမ်ခြေ ပျက်စီးတာရဲ့ပမာဏ ကြီးသလို လယ်ယာလုပ်ခင်းတွေ ပျက်စီးမှုကလည်း သိပ်ကိုကြီးပါတယ်။ FAO ရဲ့ တွက်ချက်မှုအရ ဧက (၂) သိန်း ရေမြုပ်ခဲ့ရာ မိုးစပါးစိုက်ဧက ၈၅% ပျက်စီးတယ်လို့ သိရတယ်။

အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ 'ထိခိုက်ခံရမှုက တနိုင်ငံလုံး စပါးထွက်ရှိမှု၏ ၆၀% နီးပါး ရှိကြောင်း၊ သိုလှောင်ထားတဲ့ ဆန်တန်ချိန် (၁) သန်း ဆုံးရှုံးကြောင်း' သိရတယ်။

ကုလသမဂ္ဂက 'ဧရာဝတီတိုင်းမှာတော့ ဒီနှစ် မိုးစပါး စိုက်ပျိုးဖို့ မဖြစ်နိုင်' ဟု ခန့်မှန်းပါတယ်။

(ဒါတွေကို တန်ပြန်တာလားမသိ။ နအဖ သတင်းစာက မိုးစပါးဧက ၂.၂ သန်း စိုက်ပျိုးပြီးဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။)

နအဖ ရဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ရည်ကိုင်ရည်ကို သိနေကြတဲ့သူတွေကတော့ ရင်လေးနေကြပါတယ်။

***အခြေခံဥပဒေမူကြမ်းကို ဇွတ်အာဏာသုံး အတည်ပြုလိုက်လို့ နိုင်ငံရေးထိပ်တိုက်တိုးမှုတွေ စလာပါပြီ။***

(၃)

## တိုင်းပြည်ရဲ့ကံကြမ္မာ

လူလုပ်တဲ့အန္တရာယ် (ဆန္ဒခံယူပွဲ) နဲ့ သဘာဝက ပေးတဲ့အန္တရာယ် (နာဂစ်) တွေအကြောင်း ရှေ့မှာ ဖော်ပြခဲ့တယ်။ ဒီနှစ်ခုက တိုင်းပြည်ကို ရေရှည်ဆိုးကျိုး/မကောင်းကျိုး ပေးပါတော့မယ်။

အခြေခံဥပဒေမူကြမ်းကို ဇွတ်အာဏာသုံး အတည်ပြုလိုက်လို့ နိုင်ငံရေးထိပ်တိုက်တိုးမှုတွေ စလာပါပြီ။ ပြည်သူတွေနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေက အာဆီယံကို အားမလို အားမရ ဖြစ်နေတာတော့ ကြာပါပြီ။ ဒါပေမဲ့ ကုလသမဂ္ဂကို အစက အတော်အားထားခဲ့ကြပါတယ်။ ရာဇာလီ ဘာမှလုပ်မပေးနိုင်တာတွေ့တော့ ပြည်သူတွေက စဝေဖန်ခဲ့တယ်။ ဂမ်ဘာရီခေတ်အထိ နိုင်ငံရေးသမားတချို့က မျှော်တွယ်တွယ်ထားပြီး ပုံအပ်ထားခဲ့ကြသေးတယ်။ ခုတော့ "ကုလသမဂ္ဂကြားဝင်

တာတွေက စစ်အုပ်စုရဲ့ လမ်းပြမြေပုံ အောင်မြင်ရေး လုပ်ပေးနေတာပဲ။ ကုလဟာ ဗမာစစ်အာဏာရှင်တွေဘက်က ရပ်တည်နေတာ ဖြစ်တယ်'' လို့ ပြောလာကြပါတယ်။ ရှေ့လမှာလာမယ့် ဂမ်ဘာရီခရီးစဉ်ကို မျှော်လင့်ချက်ထားပုံ မရှိတော့ပါဘူး။ အခြေခံဥပဒေသစ်ကို လက်မခံ၊ ၂၀၁၀ ရွေးကောက်ပွဲ မဝင်နိုင်ဘူးလို့လည်း ယတိပြတ် ငြင်းလိုက်ပါပြီ။ ဒီမိုကရေစီအင်အားစုတွေ ဘယ်လမ်းကြောင်း သွားကြမလဲ။ ပြည်သူက စောင့်ကြည့်နေပါတယ်။

သဘာဝအန္တရာယ်ကကော ဒီတချီ ဒီလောက်နဲ့ ပြီးသွားပြီတဲ့လား။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ဒီနေရာမှာ မိုးလေဝသနဲ့ ဇလဗေဒညွှန်ချုပ်ရဲ့ (၂၅၊ ၆၊ ၂၀၀၈) အင်တာဗျူးတခုထဲက လိုရင်းအချက်တချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

“မုန်တိုင်းခန့်မှန်းရေးအတွက် မရှိမဖြစ် လိုအပ်တာက မုန်တိုင်းပြရေဒါဖြစ်တယ်။ ဒီရေဒါရဖို့ ကြိုးစားနေရတာ ၇ နှစ် ရှိပြီ။ အသုံးပြုနေတဲ့ ကိရိယာတွေက နှစ် ၃၀/၄၀ ကျော်နေပြီ။ ဒါတွေ ပြုပြင်ဖို့ လိုအပ်နေပါတယ်။''

(သူက နာဂစ်အပြီး ဒီအကြောင်းကို ကမ္ဘာ့မိုးလေဝသဌာနချုပ်ကို သွားတင်ပြတော့ ဒေါ်လာ ၁၀ သန်း အကူအညီပေးတယ်။ ထိုင်းကလည်း တသန်းပေးပါတယ်။ နိုင်ငံတော်က ဒီလောက်ငွေကို ထုတ်မပေးနိုင်လောက်အောင် ဖြစ်နေပြီလား။ ဓာတ်ငွေ့ကရတဲ့ငွေတွေ ဘယ်ရောက်ကုန်လို့လဲ။ မသုံးသင့်တဲ့ ပစ္စည်းမို့ (၇ နှစ် ကြိုးစားတာတောင်) ခွင့်မပြုတာလား။)

“ရှေ့လျှောက် အများကြီးခံရဦးမှာပဲ။ ဖောက်လွှဲဖောက်ပြန် ရာသီဥတုများကြောင့် နာဂစ်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ရှေ့ကာလမှာလည်း ဆက်လက်ကြုံတွေ့ရဦးမည်'' ဖြစ်ကြောင်းလည်း ပြောသွားပါသေးတယ်။

ဒါက သိပ္ပံနည်းကျ ချဉ်းကပ်နည်းပါ။ ဆင်ဖြူတော်ဖမ်းမိစဉ်ကနဲ့ ဆူနာမီကြုံစဉ် အသေအပျောက်နည်းခဲ့ရတာဟာ အုပ်စိုးသူ နအဖ ခေါင်းဆောင်ကြီးတွေ (အဲဒီတုန်းက ထိပ်သီး ၃ ဦးရှိ) ဘုန်းကံကြောင့် ဖြစ်တယ်လို့ မီဒီယာမှာ ဖော်ပြခဲ့ကြတာနဲ့ကတော့ တခြားစီပါ။ ခုနာဂစ်ဖြစ်တာကို မင်းကျင့်တရား (၁၀) ပါးနဲ့အညီ မအုပ်ချုပ်လို့ဆိုတဲ့ ကောက်ချက်ဆွဲရင် နအဖ ဘာပြောမလဲ။

(အမြောက်ကြိုက်တတ်မှန်းသိလို့ ထိုင်းဝန်ကြီးချုပ်ဆမတ်က ဗမာပြည်က ခေါင်းဆောင်တွေဟာ သူတော်ကောင်းကြီးတွေပါ။ ဘုရားကြည်ညို၊ တရားရှုမှတ်ကြတာ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်လို့ ပြောထားဖူးပါတယ်။ ခုနာဂစ်ကိစ္စငါပြောရင်ရမှာပဲတွက်ပြီး ဗမာပြည် ပြေးလာကာ နိုင်ငံတကာ ကယ်ဆယ်ရေး ဝန်ထမ်းတွေ ပိုဝင်ခွင့်ပြုဖို့ နားချခဲ့တယ်။ ဒီတော့ သူပင့်တင်ထားတဲ့ သူတော်ကောင်းကြီးက ငွေနဲ့ပစ္စည်းပဲ လိုချင်တယ်၊ လူမလိုချင်ဘူး၊ ကိုယ့်ဘာသာ လုပ်နိုင်တယ်လို့ တရားပြတာ ခံလိုက်ရတယ်။ ဒုက္ခသည်တွေအတွက် သူလှူဒါန်းလိုက်တဲ့ ဂြိုဟ်တုဖုန်းအလုံး ၃၀ ဘယ်သူတော်ကောင်းတွေ ကိုင်နေကြသလဲတောင် မမေးနိုင်ဘဲ ဘန်ကောက်ပြန်သွားခဲ့တယ်။)

တကယ်က ဘင်္ဂလားဒေ့ရှ်က မုန်တိုင်းလမ်းကြောင်းဟာ ဗမာပြည်ဘက် တစတစရွှေ့လျား ပြောင်းလဲနေကြောင်း၊ ပညာရှင်တွေက ပြောနေတာ ကြာပါပြီ။ အာဏာတည်မြဲရေးသာ အာရုံစိုက်နေတဲ့ စစ်အုပ်စုက ကြိုတင်ပြင်ဆင်မှုတွေ လုပ်မထားလို့ သမိုင်းမှာ မကြုံဖူးအောင် ဆုံးရှုံးနစ်နာခဲ့ရခြင်း ဖြစ်တယ်။

## ပြန်လည်ထူထောင်ရေး

ဒီကိစ္စကို အချိန်မတန်သေးဘဲ စောစောစီးစီး ပြောနေတာ ဘာ့ကြောင့်လဲ။ လက်မြန်ခြေမြန်လုပ်နေတာ ဘာ့ကြောင့်လဲ။

အချိန်တိုအတွင်း ရေဘေးသင့် လယ်တွေကို သူတို့သိမ်းလိုက်ကြပါတယ်။ လေဘေးသင့် မြေနေရာတွေကို ရှင်းလိုက်ပါပြီ။ ဒီနေရာတွေကို သူတို့နဲ့ စီးပွားဘက် လုပ်ငန်းရှင်ကြီးတွေလက်ထဲ ထိုးထည့်ခဲ့တယ်။ ငါးကန်တွေ တူးကြမယ်။ အိမ်တွေဆောက်မယ်။ ပြန်ပြီး နေရာချထားတာ ရောင်းတာတွေ စလုပ်နေပြီ။

အလားတူ လယ်မြေတွေကို ပြန်ခွဲတမ်းချပေးမယ်။ လယ်ထွန်စက်တွေ၊ စက်သုံးဆီတွေ (လက်ဝါးကြီးအုပ်ပြီး) ရောင်းမယ်စတဲ့ စီမံကိန်းကြီးတွေပါ။ ဗျူရိုကရက်အရင်းရှင်ကြီးများအဖို့ စားကွက်ချည်းပဲ။

မြစ်ဝကျွန်းပေါ်မှာ လယ်မဲ့ယာမဲ့က ၅၁%၊ တပြည်လုံးမှာ (ဘယ်လောက်လဲ မသိသေး) ရှိနေရာက လက်ဝါးကြီးအုပ်မြေယာ အရင်းရှင်တွေလက်ထဲ ကျန်တဲ့မြေယာတွေ နောက်ထပ်ဘယ်လောက် ရောက်ကုန်ကြဦးမလဲ မသိ။

## နိဂုံး

ကမ္ဘာကြီး ပြောင်းလဲနေတယ်။ ဗမာပြည်ဟာလည်း မုချပဲ ပြောင်းလဲရမယ်။ အကောင်းဘက်ကို ပြောင်းလဲအောင် ကျွန်တော်တို့တတွေ ဝိုင်းဝန်းလုပ်ဆောင်ကြရပါမယ်။ အကောင်းဆုံးအတွက် ကြိုးစားကြဖို့နဲ့ အဆိုးဆုံးအတွက် ပြင်ဆင်ထားကြဖို့ နှိုးဆော်လိုက်ပါတယ်။ ။